www.burmeseclassic.com

ကောင်းခြင်းကော

၁၁၈၀



# မြန်မာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ

# သခင်သန်းထွန်း

(သို့မဟုတ်)

# တောပုန်းကြီး

မင်းပုည

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ပုံနှိပ်ခြင်း - ပထမအကြိမ်

ထုတ်ဝေသည့်ခုနှစ် - ၂၀၁၆၊ မေလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၅၀၀ ကျပ်

စီစဉ်သူ - အေးလွင်သန့် (လူမှုစေတနာ)

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဒေါ်ကျင်ယုံ
ကောင်းစံပုံနှိပ်တိုက် (မြ-၀၅၃၃၂)
အမှတ် (၂၇၉)၊ လမ်း (၄၀)အထက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ထုတ်ဝေသူ - ဦးအောင်ရွှေစံ
ဦးဥတ္တမစာပေ (မြ ၀၁၄၄၈)
အမှတ် (၃၃၆)၊ (၇)လမ်း
ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချိရေး - စိုးသီဟ
(ဖုန်း ၀၉ ၂၅၄၂၅၆၆၈၂)

ကောင်းခြင်းကောင်းစာပေ

ဖုန်း ၀၉-၄၃၁၂၈၅၁၈၊ ၀၉-၂၅၄၉၇၇၄၇၊
၀၉-၂၅၄၂၁၃၁၄၂၊ ၀၉-၂၅၄၂၅၆၆၈၂
အမှတ် (၁၀၇၈)၊ ပတ္တမြား (၄)လမ်း၊ ၇ (အနောက်ရပ်ကွက်)၊
အိမ်ယာသစ်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| | | |
|---|---|---|
| ၁။ | သခင်သန်းထွန်းနှင့်အာဏာ | ၇ |
| ၂။ | ဖဆပလနှင့်ကွန်မြူနစ် | ၁၁ |
| ၃။ | သခင်သန်းထွန်း တောခိုခြင်း | ၁၆ |
| ၄။ | သခင်သန်းထွန်းအတွက်ဆုတော်ငွေတစ်သိန်း | ၂၄ |
| ၅။ | သခင်သန်းထွန်း၏ ဘဝအပိုင်းအစ | ၃၅ |
| ၆။ | သခင်သန်းထွန်းနှင့်ကျောင်းသားဒုတိယသပိတ် | ၃၉ |
| ၇။ | နဂါးနီစာအုပ်အသင်းနှင့် သခင်သန်းထွန်း | ၄၃ |
| ၈။ | သခင်သန်းထွန်းနှင့် တို့ဗမာအစည်းအရုံး | ၄၆ |
| ၉။ | ရေနံမြေသပိတ်နှင့် သခင်သန်းထွန်း | ၄၉ |
| ၁၀။ | သခင်သန်းထွန်းအဖမ်းခံရ | ၅၂ |
| ၁၁။ | သခင်သန်းထွန်းနှင့် ကွန်မြူနစ်ပါတီ | ၅၅ |
| ၁၂။ | ထွက်ရပ်ဂိုဏ်းနှင့် သခင်သန်းထွန်း | ၅၇ |
| ၁၃။ | နိုင်ငံရေးသမားများ အဖမ်းခံကြရ | ၆၀ |
| ၁၄။ | အင်းစိန်စစ်တမ်းနှင့် သခင်သန်းထွန်း | ၆၃ |
| ၁၅။ | သခင်သန်းထွန်း အိမ်ထောင်ပြု | ၆၅ |
| ၁၆။ | သခင်သန်းထွန်းတို့ကို မုန်းတီးခြင်း | ၆၉ |
| ၁၇။ | သခင်သန်းထွန်း၏ ဒုတိယအမှား | ၇၄ |
| ၁၈။ | ကွန်မြူနစ်ပါတီနှစ်ခြမ်းကွဲခြင်း | ၇၈ |
| ၁၉။ | ဖဆပလမှအထုတ်ပယ်ခံရသည့် ကွန်မြူနစ်ပါတီ | ၈၂ |
| ၂၀။ | သခင်သန်းထွန်းနှင့်သခင်နု | ၈၅ |


www.burmeseclassic.com

www.burmeseclassic.com



၂၁။ သခင်သန်းထွန်းနှင့် ဘဏ္ဍာငွေခိုးမှုကြီး ၈၉
၂၂။ သခင်သန်းထွန်း ဘဏ္ဍာငွေခိုးမှု ဆွေးနွေးချက် ၉၃
၂၃။ သခင်သန်းထွန်း၏ လှည့်ကွက် ၉၈
၂၄။ သခင်သန်းထွန်း စစ်ဦးဒေါ်ခင်ကြီးထံရေးတဲ့စာ ၁၀၅
၂၅။ တော်လှန်ရေးကောင်စီ၏ ကမ်းလှမ်းချက် ၁၁၁
၂၆။ ပဏာမငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ၁၁၆
၂၇။ ရှုပ်ရှုပ်ထွေးထွေး ကွန်မြူနစ်ငြိမ်းချမ်းရေး ၁၂၂
၂၈။ ဗဟိုကော်မတီအစည်းအဝေး ၁၂၇
၂၉။ ဗဟိုမှာက်စ်လီနင်ဝါဒကျောင်း ၁၃၃
၃၀။ တပ်မတော်တည်ဆောက်ရေးဘာသာရပ် ၁၃၈
၃၁။ သခင်သန်းထွန်း၏ ကျောင်းဖွင့်မိန့်ခွန်း ၁၄၀
၃၂။ သခင်သန်းထွန်း၏ လေးနှစ်စီမံကိန်း ၁၄၃
၃၃။ တည်ဆောက်ရေး ၁၄၄
၃၄။ ချေမှုန်းရေး ၁၄၆
၃၅။ ပန်းတိုင်များ ၁၄၇
၃၆။ ပဲခူးရိုးမစီမံကိန်း ၁၄၉
၃၇။ သခင်သန်းထွန်း၏ စစ်အနိုင်တိုက်ရေး စီမံကိန်းကို ဝေဖန်ခြင်း ၁၅၁
၃၈။ ယုံကြည်ချက်တွေနဲ့ သခင်သန်းထွန်း ၁၅၄
၃၉။ သခင်သန်းထွန်း၏ မပြီးဆုံးနိုင်သည့် စီမံကိန်း ၁၅၈
၄၀။ လူငယ်များအတွေးအခေါ် ခံယူချက် ၁၆၃
၄၁။ သခင်သန်းထွန်း၏ တောတွင်းလုပ်ကြံမှုကြီး ၁၆၇
၄၂။ သခင်သန်းထွန်းအသတ်ခံရသည် ၁၈၀

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းနှင့်အာဏာ

**"သခင်သန်းထွန်း...**
**မြန်မာပြည်ကွန်မြူနစ်ကို ထူထောင်သူများထဲတွင် ပါဝင်ခဲ့သူ...**
**သခင်သန်းထွန်း...**
**မြန်မာကွန်မြူနစ်ကို ချစ်မြတ်နိုးသူ...**
**သခင်သန်းထွန်း...**
**မြန်မာကွန်မြူနစ်ကို ဖျက်ဆီးသွားသူ..."**

ဟု နိုင်ငံရေးသမားကြီး တစ်ဦးက အထက်ပါအတိုင်း ပြောကြားခဲ့လေသည်။ ထိုစကား ပြောသွားသူ နိုင်ငံရေးသမားကြီးသည် သခင်သန်းထွန်းနှင့် အသက်ကြီးသည်။ နိုင်ငံရေးကိုလည်း သေသည့်အထိ လုပ်သွားခဲ့သည်။

**"သခင်သန်းထွန်းရဲ့ နိုင်ငံချစ်တဲ့စိတ်က အလွန်အင်မတန်မှ ကောင်းတယ်။ နောက်ပိုင်းတော့ အတ္တတွေ လွှမ်းမိုးလာတယ်။ ကောင်းတဲ့ ရည်မှန်းချက်တွေကိုပါ ဖျက်ဆီးသွားတယ်။ အဲဒါ ဘာလဲဆိုတော့ အာဏာမက်မောလို့"**

ဟု ပြောဆိုခဲ့သည်။ ၎င်းနိုင်ငံရေးသမားကြီးသည် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်းတို့နှင့် အသက်ကြီးသည်။ သခင်

www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်စိုးတို့ကို "မောင်"ရှေ့က တပ်၍ မောင်အောင်ဆန်း၊ မောင်သန်းထွန်း၊ မောင်စိုး ဟုခေါ်လေ့ရှိသည်။ ၎င်းနိုင်ငံရေးသမားကြီးသည် သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်စိုးတို့ ပူးပေါင်းပြီး နိုင်ငံရေးလုပ်ကြတာကို ဝမ်းသာသည်။ ကျေနပ်သည်။ ၎င်းတို့ ပေါင်းပြီးလုပ်ရင် မြန်မာနိုင်ငံ လွတ်လပ်ရေးအမြန်ရမည်ဟု ပြောဆိုတာလည်းရှိသည်။

၎င်းကလည်း လွတ်လပ်ရေးရဖို့အတွက် အစွမ်းကုန်ကြိုးစားသည်။ အလားတူ သခင်အောင်ဆန်းတို့ အကြောင်းကို အမြဲနားထောင်နေသည်။ ၎င်းတို့စိတ်ဝမ်းကွဲသည်ဆိုလျှင် အလွန်စိတ်ပျက်သည်။ စည်းလုံးညီညွတ်စွာနှင့် နယ်ချဲ့များကို တိုက်ထုတ်ရန်၊ လွတ်လပ်ရေးအမြန်ရရန် တိုက်တွန်းနေတတ်သည်။ ထိုအချိန်တွင် သခင်နုက နိုင်ငံရေးလောကမှထွက်ပြီး စာပေလောကကို ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့လေသည်။

ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် သခင်သန်းထွန်း၊ သခင်စိုးတို့ စိတ်ဝမ်းတွေ ကွဲနေကြသည်။ နိုင်ငံအတွက် စိတ်မအေးစရာ ဖြစ်နေသည်။ ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းက သခင်နုကို အစိုးရအဖွဲ့ကို ဝင်ရောက်ရန် ခေါ်လေသည်။ သခင်နုလည်း နိုင်ငံရေးလောကအတွင်းကို ပြန်ရောက်လာခဲ့လေသည်။

သခင်သန်းထွန်း၊ သခင်စိုးတို့သည် ကွန်မြူနစ်ဝါဒကို အရူးအမူးဖြစ်နေသည်။ လွတ်လပ်ရေးရပြီးလျှင် မြန်မာပြည်ကို ကွန်မြူစနစ်ဖြင့် အုပ်ချုပ်မည်ဟု စိတ်ကူးများရှိခဲ့သည်။ ကွန်မြူနစ်ပါတီကိုလည်း ထူထောင်လေသည်။ ထိုအချိန်တွင် ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်းတို့ မသမာသူများ၏ လက်ချက်ဖြင့် ကျဆုံးသွားလေသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးသွားသည့်အတွက် ပြည်သူများ ကြေကွဲဝမ်းနည်းကြသလို ဖော်ပြပါ နိုင်ငံရေးသမားကြီးလည်း ကြေကွဲသွားလေသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးသွား၍ ဘုရင်ခံချုပ်က ၎င်းတို့ကို ခေါ်စာပို့မလားဟု စောင့်မျှော်နေသူများ ရှိနေသည်။

၎င်းသူတို့က သခင်သန်းထွန်းနှင့် နန်းရင်းဝန်ဟောင်း ဂဠုန်ဦးစောတို့ ဖြစ်သည်။ ၎င်းတို့နှစ်ယောက်သည် ဘုရင်ခံနှင့် ရင်းနှီးကြသည်။ ထို့ကြောင့် ၎င်းတို့က ဘုရင်ခံစာပို့ အကြောင်းကြားလာမည်ဟု ထင်မှတ်နေကြသည်။ ဘုရင်ခံသည် ၎င်းတို့အား သိကျွမ်းပေမယ့် ဗိုလ်ချုပ်အောင်ဆန်း နေရာကို အစားထိုးရန်မှာ ဝန်လေးနေသည်။ ဂဠုန်ဦးစောသည် နန်းရင်းဝန်ရာထူး ရှိစဉ်မှာ မြန်မာနိုင်ငံကို ဆူပူမှုဖြစ်စေရန် မကြာခဏ ဖန်တီးခဲ့သည်။ ဆူပူမှုဖြစ်တိုင်း ဘုရင်ခံချုပ် အလွန်စိတ်ပျက်ခဲ့ရသည်။

အလားတူ သခင်သန်းထွန်းကလည်း ရာထူးကြီးကြီးရရန် မျှော်မှန်းထားခဲ့သည်။ ရာထူးအတွက် ဘုရင်ခံကို စိန်ခေါ်နိုင်သလို အချင်းချင်းလည်း စိတ်ဝမ်းကွဲအောင် လုပ်ဆောင်တတ်သည်။ ၎င်းကိစ္စနှင့် ပတ်သက်၍ **"၁၉၄၆–ခုနှစ်ထုတ် ဓားမဦး သတင်းစာမှ ဖဆပလအဖွဲ့၏ ရန်သူအစစ်ကိုတွေ့ပြီ"** အမည် ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ဖော်ပြခဲ့သည်။ ၎င်းဆောင်းပါးမှ သခင်သန်းထွန်းနှင့် ပတ်သက်သည့် အကြွက်လေးတွေ ထုတ်၍ တင်ပြချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သခင်သန်းထွန်းကို စွပ်စွဲခြင်း"

သခင်သန်းထွန်းသည် ဘုရင်ခံ အတိုင်ပင်ခံ ဝန်ကြီးရာထူး တစ်နေရာ မိမိသီးသန့်ရရန်အတွက် အင်္ဂလိပ်ဘုန်းတော်ကြီးတစ်ပါးမှတစ်ဆင့် ဘုရင်ခံနှင့် စကားကမ်းလှမ်းသည်ဟုလည်းကောင်း၊ အတိုင်ပင်ခံဝန်ကြီးရာထူး မရဟု သိသော သခင်သန်းထွန်း၏ ဓနီးမှာ ငိုယိုဆူပူသည်ဟူ၍လည်းကောင်း၊ သခင်စိုးက စွပ်စွဲသည်။ ၎င်းစွပ်စွဲချက်ကို သခင်သန်းထွန်းက ဝန်မခံဟု သိရ၏။

www.burmeseclassic.com

www.burmeseclassic.com



၄

## ဖဆပလနှင့်ကွန်မြူနစ်

အင်္ဂလိပ်တို့ ရန်ကုန်ရောက်လာပြီးနောက် ဖဆပလကို ကွန်မြူနစ်ပါတီတစ်ခုတည်းက အုပ်စီး၍ တည်ထောင်မည်ပြုရာ အစိုးရဘက်က ခင်ဗျားတို့ ကွန်မြူနစ်ပါတီ တစ်ပါတီတည်းသာ ဖြစ်သည်။ အခြားပါတီလည်း မပါ,ပါကလားဟု ပြောသောအခါ ဦးဘဘော၊ ဦးပု၊ ဦးအေး၊ ဦးဘအုန်း စသော အခြားပါတီများကို ခေါ်သွင်းမှာ သခင်သန်းထွန်းနှင့် ကိုသိန်းဖေ၏ ခြေထိုးမှုဖြစ်ကြောင်း၊ ဤကဲ့သို့လုပ်ခြင်းမှာ ကားလ်မတ်(စ)ဝါဒနှင့် ပဋိပက္ခဖြစ်ကြောင်း၊ သခင်စိုးက ကန့်ကွက်သည်ဆို၏။ သခင်သန်းထွန်းနှင့် ကိုသိန်းဖေတို့က နည်းပရိယာယ်အဖြစ် အသုံးပြုတာပါ။ ညီလာခံကျလျှင် ကိုသိန်းဖေအား ဗိုလ်ချုပ်အောင်ဆန်း နေရာ ဥက္ကဋ္ဌတင်ပြီး ဖဆပလအား ကွန်မြူနစ်ပါတီသဘောအတိုင်း စခန်းသွားရအောင် လုပ်ပေးပါမည်။ "မပြီးမီ ဗမာမမြင်စေနဲ့" ဆိုသလို စောင့်ကြည့်ရန် တောင်းပန်သည်ဆိုကြောင်း။

"... ... ... ... ... ... ... ...

... ... ... ... ... ... ... ...

... ... ... ... ... ... ... ...

... ... ... ... ... ... ... ..."

www.burmeseclassic.com

www.burmeseclassic.com



ဖဆပလ၏ရန်သူ။

အထက်ပါ စုံစမ်းသိရှိချက်များအရ ဗမာ့တပ်မတော်ကို သေမင်းနိုင်ငံသို့ ပို့လိုက်သူမှာ ကွန်မြူနစ်ပါတီဖြစ်၍ ဖဆပလ၏ ရန်သူကြီးမှာလည်း ကွန်မြူနစ်ပါတီပင် ဖြစ်သည်မှာ ဘွင်းဘွင်း နှင့် ရှင်းရှင်းကြီး ပေါ်ထွက်လာတော့သတည်း။

ဟု အဆိုပါဆောင်းပါးက အသေးစိတ် ဖော်ပြထားပေ မယ့် လိုအပ်သည့် အပိုင်းလေးကိုသာ ထုတ်ယူတင်ပြရသည်မှာ စာရှုသူတို့ နားလည်သိရှိလိမ့်မည်ဟု ထင်မှတ်နေသည်။ တကယ် တော့ သခင်သန်းထွန်းသည် ပါတီရေရှည်တိုးတက်ဖို့ထက် အာဏာ မြဲဖို့ အာဏာရရှိဖို့က အရေးကြီးသည်။

သခင်သန်းထွန်းနှင့် ဂျူနီဦးစောတို့ မျှော်လင့်ထားကြ သလို ဘုရင်ခံက ၎င်းတို့ကိုမခေါ်ဘဲ ဦးနု(သခင်နု)ကို ခေါ်ယူ လိုက်သည့်အတွက် အားလုံး မကျေမနပ် ဖြစ်သွားကြသည်။ နိုင်ငံရေးသိပ်ဝါသနာမပါသည့် သခင်နုကိုတော့ ခေါ်ယူပြီး ၎င်း တို့ကို မခေါ်တာ နားလည်ရခက်နေကြသည်။ ဂျူနီဦးစောသည် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ဝန်ကြီးများလုပ်ကြံမှုနှင့် ဖမ်းဆီး ခံလိုက်ရသည်။

သခင်သန်းထွန်းသည် နိုင်ငံခေါင်းဆောင်ရာထူးအပ်ရန် ခေါ်ယူခြင်း မခံရ၍ အလွန်ဒေါသထွက်နေသည်။ နိုင်ငံရေးကို ၎င်းလောက် စိတ်မဝင်စားသူကို မည်သည့်အတွက် ခေါ်ရတာလဲ ဝေခွဲမရသလို သခင်နုကိုခေါ်ယူပြီး ရာထူးပေးတာကို မကျေမနပ် ဖြစ်နေသည်။ "သခင်နုက အာဏာရသွားလျှင်"ဆိုသည့် အတွေး နှင့် သခင်သန်းထွန်းဟာ သခင်နုအပေါ် မကျေမနပ် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သခင်အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်းတို့ဟာ သခင်နုအိမ်တွင် အများဆုံးနေထိုင်ကြပြီး သခင်နု၏ဇနီး ဒေါ်မြရီ ချက်ပြုတ်သည့် ထမင်းဟင်းကို နေ့စဉ်စားနေသူများဖြစ်သည်။ သခင်သန်းထွန်းသည် တစ်ကိုယ်ကောင်းဆန်သည်။ အစားအသောက်များ စားသည့်အခါ နောက်လူအတွက် ချန်စားလေ့မရှိ၊ သူ့ဝမ်းပြည့်ရန်သာ စားလေ့ရှိသည်။ တစ်ခါတစ်ရံ ငှက်ပျောတစ်ဖီးလုံးကို တစ်ထိုင်တည်း စားတတ်သည်။

တကယ်ဆို ဦးနု ရာထူးရတာပဲ ကျေနပ်ဝမ်းသာရမှာ။ ယခုတော့ ဝမ်းမသာနိုင်၊ မကျေနပ်နိုင်အောင် ဖြစ်နေသည်။ ဘယ်လိုပင်ဖြစ်စေ ဦးနုကို ခေါ်ယူပြီး ဗိုလ်ချုပ်အောင်ဆန်း နေရာကိုပေးသည့် ဘုရင်ခံ၏လုပ်ရပ်သည် အလွန်မှန်ကန်သည်။ စနစ်ကျသည်။ ကျေးဇူးတင်စရာ ကောင်းလှသည်။

သခင်သန်းထွန်းကို ၎င်းတစ်နေရာကိုသာ ပေးလိုက်လျှင် နိုင်ငံနှင့် ပြည်သူအကျိုးကို ကောင်းစွာလုပ်မှာ မဟုတ်။ လူသတ်ဝါဒကိုသာ လုပ်နေကြမှာ သေချာသည်။ ဤသို့ရေးရသလဲဆိုလျှင် ရှေ့တွင် ဖော်ပြထားပြီး အကြောင်းများက သက်သေပြသွားမှာ ဖြစ်သည်။ ထို့အတူ တချို့က သခင်သန်းထွန်း၏ ကွန်မြူနစ်ဝါဒသည် လူသတ်ဝါဒဟု တချို့နိုင်ငံရေးသမားများက ပြောဆိုလာကြသည်။

သခင်သန်းထွန်းသည် သခင်နုတို့၏ ဖဆပလပါတီကို စိတ်မဝင်စား၊ ကွန်မြူနစ်ပါတီကိုသာ စိတ်ဝင်စားသည်။ ကွန်မြူနစ်စနစ်သည် တရုတ်ဝါဒဖြစ်သည်ဟု မှတ်ချက်စကား ဆိုကြသည်။ ကွန်မြူနစ်သည် လူသတ်ဝါဒသက်သက်ဟုလည်း ဆိုကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နိုင်ငံရေးသမားကြီးတစ်ဦးက ကွန်မြူနစ်ဝါဒက အလွန်ကောင်းပေမယ့် ရာထူးအာဏာမက်မောသူများက ဝါဒသို့မဟုတ် စနစ်ကို ဖျက်ဆီးနေကြတာပဲဟု မှတ်ချက်စကား ပြောခဲ့ဖူးသည်။

တကယ်တော့ ကွန်မြူနစ်စနစ်သည် အသက်ကို မစိုးရိမ်လျှင် အလွန်စိတ်ဝင်စားစရာ ကောင်းလှသည်။ ဘာကြောင့်လဲဟု မေးလျှင် ပါတီဝင်များကို အလွယ်တကူ သတ်ပစ်သည့်အချက် ဖြစ်သလို ဘာသာရေးအပေါ် ယုံကြည်မှုအားနည်းတတ်ကြသည်။ ဥပမာအနေဖြင့် **"ငါသာခေါင်းဆောင်ဖြစ်လျှင် အဖေနဲ့အမေကို အရင်ဆုံးသတ်မည်"** ဟုပြောသည့် ကွန်မြူနစ်များ၏ စကားသာဖြစ်သည်။ ၎င်းစကားကိုပြောသည့် ကွန်မြူနစ်သည် စောစောပင် အသတ်ခံလိုက်ရသည်။

ဘာသာရေးနှင့် ပြောရလျှင် ကျေးဇူးရှင်ကို စော်ကားသည့်အတွက် အသေဆိုးနှင့် သေရခြင်းဖြစ်သည်။ ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ သခင်သန်းထွန်းသည်ပင်လျှင် အဲဒီစနစ်ကို နှစ်သက်ပြီး ကျင့်သုံးခဲ့သည်။ အမှန်အတိုင်း တင်ပြရလျှင် ကွန်မြူနစ်စနစ်သည် အလွန်အကျိုးရှိသည့်စနစ် ဖြစ်သည်ဟုလည်း ပြောဆိုကြသည်။

အဲဒီပြောစကားသည် လက်ခံရမလို ဖြစ်နေသည်မှာ လူငယ်တော်တော်များများသည် ကွန်မြူနစ်စနစ် စိတ်ဝင်စားကြ၍ သခင်သန်းထွန်း ဖွဲ့စည်းသည့် ကွန်မြူနစ်ပါတီအတွင်းကို ဝင်ရောက်ကြသည်။ အလားတူ သခင်သန်းထွန်းသည် ရွေးကောက်ပွဲဝင်မည်၊ အနိုင်ရလျှင် မြန်မာနိုင်ငံကို ကွန်မြူနစ်စနစ်ဖြင့် အုပ်ချုပ်ရန် စိတ်ကူးရှိခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်း ဦးစီးမှုသည်

www.burmeseclassic.com

www.burmeseclassic.com



ဖဆပလပါတီအပေါ် လွှမ်းမိုးနိုင်ခြင်း မရှိသည့်အတွက် ဒေါသထွက်ခဲ့ရသည်။ ၎င်းဖြစ်ချင်တာတွေလည်း ပျက်ပြယ်ခဲ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးသွား၍ ကွန်မြူနစ်ပါတီက လွှမ်းမိုးမည် စိတ်ကူးခဲ့ပေမယ့် ပြည်သူအများစုက ဖဆပလပါတီကို အားပေးထောက်ခံလာသည့်အတွက် သခင်သန်းထွန်း ဦးဆောင်သည့် ကွန်မြူနစ်ပါတီ အရေးနိမ့်ခဲ့ရသည်။ ကွန်မြူနစ်ပါတီသည် ၎င်းတို့အတွက် အခွင့်အရေးကို စောင့်စားနေပေမယ့် ဖဆပလပါတီကသာ အနိုင်ရနေသည်။

ပို၍ဆိုးသည်က မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် သခင်နုတို့ ဦးဆောင်သည့် ဖဆပလပါတီက အုပ်ချုပ်ခွင့်ရသွားသည်။ သခင်သန်းထွန်း ဦးဆောင်သည့် ကွန်မြူနစ်ပါတီက သခင်နုအစိုးရကို ဝေဖန်သည်။ တစ်ဖက်ကလည်း လူအင်အားတွေ စုဆောင်းနေသည်။ သခင်သန်းထွန်းသည် အစပထမတုန်းကတော့ နိုင်ငံကို အလွန်ချစ်၍ ပြည်သူအကျိုးကို လုပ်ဆောင်ပေမယ့် နောက်ပိုင်းတွင် အာဏာကို မက်မောလာသည်။

ထို့ကြောင့် သခင်နုအစိုးရကို ပြတ်ပြတ်သားသား ဝေဖန်လာသည်။ ပြည်သူနှင့် အစိုးရကို အထင်လွဲအောင်လုပ်လျှင် ဖမ်းဆီးမည်ဟု ပြောကြားပြီး လိုက်ဖမ်းသည်။ သခင်သန်းထွန်း ဦးဆောင်သည့် ကွန်မြူနစ်ပါတီဝင်များသည် အဖမ်းမခံ တောခိုရန်အတွက် ထွက်ပြေးကြတော့သည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်း တောခိုခြင်း

သခင်သန်းထွန်း တောခိုရခြင်း အကြောင်းအရင်းမှာ အာဏာအတွက် ပြောဆိုခဲ့သည့် စကားများကြောင့် ဖြစ်သည်။ အကြောင်းမှာ ကွန်မြူနစ်စိတ်ဓာတ် ပြင်းထန်နေသည်။ သခင်သန်းထွန်းသည် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလတွင် ကာလကတ္တားတွင် ပြုလုပ်သည့် အရှေ့တောင်အာရှဒီမိုကရက်တစ် လူငယ်ကွန်ဖရင့်နှင့် အိန္ဒိယကွန်မြူနစ်ပါတီကွန်ဂရက်သို့ သွားရောက်တက်ခဲ့သည်။

ထို့နောက် မြန်မာပြည်ကို ပြန်ရောက်သည့်အခါ ဦးနုနှင့် အခြားပုဂ္ဂိုလ်များအား **"အတုအယောင်လွတ်လပ်ရေးကို လက်ခံလာသူများဖြစ်သည့်အလျောက်စွာ ဗြိတိသျှနယ်ချဲ့တို့၏ လက်ခုပ်ထဲကရေသဖွယ် ဖြစ်ကြောင်း"** စွပ်စွဲပြောဆိုခဲ့သည်။

ထိုအခါ ဦးနုကလည်း ကွန်မြူနစ်များသည် ဖဆပလ အစိုးရအား လက်နက်စွဲကိုင်သည့်နည်းဖြင့် ဖြုတ်ချရန် ပြည်ပ၏ ညွှန်ကြားချက် ရှိသောကြောင့် ဖဆပလအစိုးရအား ဆန့်ကျင်တိုက်ခိုက်ခြင်းဖြစ်ကြောင်း စွပ်စွဲပြောဆိုခဲ့သည်။

တကယ်တော့ သခင်နုနှင့် သခင်သန်းထွန်းတို့သည် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမိတ်ဆွေများ ဖြစ်ခဲ့ဖူးသည်။ အလားတူ ထောင်ထဲတွင်လည်း အတူတကွ နေခဲ့ဖူးသည်။ လွတ်

www.burmeseclassic.com

www.burmeseclassic.com



လပ်ရေးအတွက်လည်း အတူလက်တွဲပြီး ကြိုးစားခဲ့ကြသည်။ နောက်ပိုင်းတွင် ဂိုဏ်းဂဏကွဲပြားခြင်း၊ ပါတီစွဲထားခြင်းများကြောင့် စည်းလုံးညီညွတ်ခဲ့သည့် ဖဆပလနှင့် ဖဆပလအလံအောက်တွင် ညီညွတ်မှုပြိုကွဲခဲ့ရသည်။ မိတ်ဆွေမှ ရန်သူများဖြစ်ခဲ့လေသည်။

အလားတူ တစ်ဖက်နှင့်တစ်ဖက် ဝေဖန်ထိုးနှက်မှုများပြင်းထန်လာချိန်တွင် သခင်သန်းထွန်း ခေါင်းဆောင်သည့် မြန်မာပြည်ကွန်မြူနစ်ပါတီသည် ဖေဖော်ဝါရီလတွင်ပြုလုပ်သည့် ဗဟိုကောင်စီအစည်းအဝေးမှ အကြမ်းဖက်လမ်းစဉ်လိုက်ရန် ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့် သခင်နုက **"ကွန်မြူနစ်တွေဟာ အကြမ်းဖက်မှုကို ပြစ်တင်ရှုတ်ချနေကြပေမယ့် သူတို့ရဲ့နောက်လိုက်တွေကို ဥပဒေနဲ့ဆန့်ကျင်တဲ့ လက်နက်တွေကို ပြန်မအပ်ဖို့ တစ်ဖက်လှည့်နဲ့ လျှို့ဝှက်ညွှန်ကြားနေတယ်"**

**"စည်းလုံးချင်ပါတယ်လို့ ကွန်မြူနစ်တွေ ပြောနေတာတွေဟာ ဘာတစ်ခုမှ စိတ်ချစရာ မရှိဘူး"**

ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ အလားတူ လက်နက်စွဲကိုင် တော်လှန်ပုန်ကန်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ကွန်မြူနစ်ခေါင်းဆောင်များကို အစိုးရက မိမိတို့အား ဖမ်းဆီးရန်ဆောင်ရွက်သည့် မည်သည့်အားထုတ်မှုကိုမဆို လက်နက်ကိုင်တော်လှန်မည်ဖြစ်ကြောင်း ကြေညာခဲ့လေသည်။ အလားတူ သခင်သန်းထွန်းက **"ဖဆပလတို့၏ အရိုးများဖြင့် ဗားဂရာချောက်ကို ဖို့မည်"** ဟု ကြုံးဝါးသည်။ သခင်နုနှင့် ဖဆပလအဖွဲ့ချုပ်သည် ကွန်မြူ

www.burmeseclassic.com

www.burmeseclassic.com



နှစ်များနှင့် အပေးအယူ ပြုလုပ်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရအောင် ဖြစ်ခဲ့လေသည်။

ကွန်မြူနစ်များသည် ဖဆပလခေါင်းဆောင်နှင့် မတွေ့ဆုံချင်ဘူးဟု ငြင်းဆန်ကြသည်။ သခင်သန်းထွန်းသည် မတ်လ၌ ပြုလုပ်သည့် ပျဉ်းမနားမြို့ အစည်းအဝေး၌ တောင်သူလယ်သမား အင်အားခုနစ်သောင်းငါးထောင်ခန့် တက်ရောက်ကြသဖြင့် သူ့တွင် လူထုထောက်ခံမှု ရှိသည်ဟု ယုံကြည်ခဲ့သည်။ ဖဆပလခေါင်းဆောင်များသည် ၎င်းတို့ကို ကွန်မြူနစ်များက တွေ့ဆုံရန် ငြင်းဆန်သည့်အခါ ၎င်းတို့ကိုယ်တိုင် ကွန်မြူနစ်များဆီသို့ သွားရောက်ခဲ့သည်။

သို့သော် အဆင်မပြေဘဲ ထိုအချိန်တွင် ပြည်သူ့ရဲဘော်အဖွဲ့က အစိုးရနှင့် ကွန်မြူနစ်တို့အကြား စိတ်ဝမ်းကွဲမှုကို ရင်ကြားစေ့ပေးမည်ဟု ကမ်းလှမ်းခဲ့သည်။ ၎င်းကမ်းလှမ်းချက်ကို ကြားသည့်အခါ ဦးနုက မိတ်ဆွေဟောင်း သခင်သန်းထွန်းနှင့် ပြန်လည်စည်းလုံးချင်သဖြင့် လက်ခံချင်သော်လည်း ဖဆပလခေါင်းဆောင်များသည် လက်မခံ၍ အခက်ကြုံရသည်။

**"ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ပါက သခင်သန်းထွန်းသည် အစိုးရအား တော်လှန်ရန် ပြင်ဆင်ချိန် ရသွားလိမ့်မည်"**ဟုဆိုကာ ကန့်ကွက်ကြလေသည်။ သို့သော် သခင်နုသည် ကိုယ်ယုံကြည်ရာကို ကိုယ်လုပ်သည့် ဗီဇရှိသူပီပီ ပြည်သူ့ရဲဘော်တို့၏ ကမ်းလှမ်းမှုကို ဖဆပလခေါင်းဆောင်များ ကန့်ကွက်နေသည့်ကြားထဲမှာပင် လက်ခံခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျင်းအချိန်က ပြည်သူ့ရဲဘော်ကို အတိအလင်း ကြေညာထားသည့် ရည်မှန်းချက် ပန်းတိုင်မှာ ကွန်မြူနစ်တို့အား သွေးထိုးလှုံ့ဆော်မှုများကို ရပ်တန်းက ရပ်တန့်စေဖြစ်ပြီး အစိုးရအားလည်း ကွန်မြူနစ်တို့အား အရေးယူခြင်းကို ရွှေ့ဆိုင်းထားရန်ဖြစ်သည်။ ကွန်မြူနစ်တို့သည် သူတို့၏အင်အားကို ယုံကြည်နေသဖြင့် ညှိနှိုင်းဆွေးနွေးမည့် သူများကို အတွေ့မခံဘဲ အချိန်ကို ဆက်ကာ ဆက်ကာ ရွှေ့ဆိုင်းခဲ့ရသည်။ မတ်လ(၁၇)ရက်နေ့သို့ ရောက်သည့်အခါ သခင်သန်းထွန်း ခေါင်းဆောင်သည့် အလံဖြူကွန်မြူနစ်တို့သည် ရန်ကုန်မြို့တွင်း၌ ကားများဖြင့်လှည့်လည်ကာ **"နောက်လိုက်မရှိတဲ့ မျက်ကန်းမျိုးချစ် ပြည်သူ့ရဲဘော်တွေ၊ ကွန်မြူနစ်တွေကို ခြေထောက်ဖက်ဖို့ ကြိုးစားနေကြတယ်"**ဟု အော်ဟစ်ကြသည်။

ထို့နောက် မတ်လ(၂၈)ရက်နေ့တွင် ကွန်မြူနစ်တို့အားဖမ်းဆီးကြလိမ့်မည်ဟု အစိုးရက သတင်းရထားသဖြင့် ကွန်မြူနစ်ဌာနချုပ်ကို ပုလိပ်များက ဝင်ရောက်စီးနင်းကြသည်။ ပုလိပ်များ၏ ဝင်ရောက်စီးနင်းမှုကြောင့် သခင်သန်းထွန်း အပါအဝင် ကွန်မြူနစ်များ ထွက်ပြေးတိမ်းရှောင် တောခိုသွားကြသည်။ ကွန်မြူနစ်များ တောခိုရာတွင် သခင်သိန်းဖေ(မြင့်)သည် သခင်သန်းထွန်းတို့နှင့် လိုက်မသွားဘဲ နေခဲ့သည်။

တောခိုသွားသည့် သခင်သန်းထွန်း ဦးဆောင်သည့်အဖွဲ့သည် ပဲခူးရိုးမကိုပင် ပါတီဌာနချုပ်အဖြစ် ပြုလုပ်၍ အခြေပြုနေထိုင်ကြသည်။ ထိုအချိန်တွင် ပဲခူးရိုးမသည် ရန်ကုန်မြို့တော်နှင့် ဆက်စပ်လျက်ရှိပြီး ရန်ကုန်–မန္တလေး၊ ရန်ကုန်–ပြည်

www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ရေးလမ်းမကြီးနှစ်သွယ် အကြားတွင် တည်ရှိနေသည့် အတွက် နေထိုင်ရသည်ကို သခင်သန်းထွန်း အံ့လွန်နှစ်ခြိုက်ခဲ့ရ သည်။

ထို့အပြင် ပဲခူးရိုး၏ အရှေ့ဘက်စောင်းတွင် ပျဉ်းမနား ခရိုင်၊ တောင်ငူခရိုင်၊ ပဲခူးခရိုင်တို့ တည်ရှိသည်။ အနောက်ဘက် စောင်းတွင် သရက်ခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်၊ မှော်ဘီ ခရိုင်တို့ ဆက်စပ်တည်ရှိနေသည်။ ပဲခူးရိုးမသည် အရှေ့ရိုးမ၊ အနောက်ရိုးမများကဲ့သို့ မြင့်မားမှုမရှိသော်လည်း သက်နုပ်သုမြေ ဖြစ်ခြင်းကြောင့် စွတ်စိုသည်။

တောထူထပ်သည်။ လျှိုမြောင်စိမ့်စမ်းများ ပေါများသည်။ လမ်းကောင်းများရှားပါးပြီး အသွားခက်၊ အတက်အဆင်းခက် သည့် လူသွားလမ်း၊ တောတိရစ္ဆာန်သွား လမ်းများသာ ပေါများ သည်။ ထို့ကြောင့် လူသူအသွားအလာနည်းပြီး လျှို့ဝှက်ခိုအောင်း ရန် ကောင်းလှသည်။ ပဲခူးရိုးမပေါ်တွင် နေထိုင်သူများမှာလည်း အများစုမှာ ကရင်အမျိုးသားများ ဖြစ်ကြသည်။

၎င်းတို့သည် တောင်ယာခုတ်လုပ်ငန်းများကိုသာ အဓိက ထား လုပ်ကိုင်ကြသည်။ ခေတ်နောက်ကျသည်၊ ရိုးသားသည်၊ ဖက်ဆစ်ဂျပန်တော်လှန်စဉ်က သူ့မတူအောင် သတ္တိပြောင်သည့် စောကိုစောနှင့် တော်လှန်ရေး အဆက်ဆက်တွင် သူရဲကောင်းပီသ စွာ အသက်စွန့်သွားကြသည်။ ဖဒိုဆဲစောကူးကေးတို့ကဲ့သို့ ကရင် အာဇာနည်သူရဲကောင်းများ ထွက်ပေါ်ရာဒေသ ဖြစ်ခဲ့သည်။

ထို့အတူ ပဲခူးရိုး၏ အရှေ့နှင့်အနောက်၌ရှိသည့် ပျဉ်းမနား၊ တောင်ငူ၊ ပဲခူး၊ သရက်၊ ပြည်၊ သာယာဝတီ၊ မှော်ဘီ စသည့်

www.burmeseclassic.com

www.burmeseclassic.com



ခရိုဖ်မှ တောင်သူလယ်သမားကြီးများမှာလည်း ဗမာပြည် နယ်ချဲ့ ပဒေသရာဇ်၏ ဆန့်ကျင်သည့်တော်လှန်ရေးတွင် ခေတ်အဆက်ဆက် ရှေ့တန်းက ပါဝင်ခဲ့ကြသည်။

အလားတူ ဆရာစံ လယ်သမားသူပုန်ထချိန် ၁၃၀၀ ပြည့်ရေနံမြေသပိတ်၊ ဂျပန်ခေတ်ဖက်ဆစ်တော်လှန်ရေးတို့တွင် ပြောက်ကျားစစ်ပွဲ (တောင်ငူပြောက်ကျား)တို့မှာ သမိုင်းတွင် ထင်ရှားခဲ့လေသည်။ တော်လှန်ရေးအစဉ်အလာ ကောင်းခြင်းတို့ကြောင့် သခင်သန်းထွန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီဌာနချုပ်ကို ပဲခူးရိုးမတွင် အခြေခံခဲ့ခြင်းဖြစ်သည်။

သခင်သန်းထွန်း ဦးဆောင်သည့် ကွန်မြူနစ်တော်ခိုအဖွဲ့သည် စကားတစ်ခွန်းကြောင့် အခြေမလှဘဲ နေရာများပြောင်းရွှေ့နေကြရသည်။ သခင်သန်းထွန်းသည် လက်ရှိအစိုး ့ကို ဖြုတ်ချပြီး အာဏာသိမ်းမည်ဟု ပြောဆိုမှုကြောင့် အစိုးရက သခင်သန်းထွန်း ဦးဆောင်သည့် ကွန်မြူနစ်များကို တိုက်ခိုက်ရန် အမိန့်ပေးလိုက်လေသည်။ ထို့ကြောင့် အစိုးရတပ်များက ထိုးစစ်ဆင် တိုက်ခိုက်လေသည်။

အစိုးရစစ်တပ်က ထိုးစစ်ဆင် တိုက်ခိုက်မှုဒဏ်ကို မခံနိုင်၍ ကွန်မြူနစ်များသည် နေရာပြောင်း၍ နောက်ဆုတ်ထွက်ပြေးခဲ့ကြသည်။ တကယ်ဆိုလျှင် ပါတီတစ်ခုအနေနှင့် မြို့ပေါ်မှာ ကောင်းမွန်စွာ နေရမည်ဖြစ်သော်လည်း မခံချင်စိတ်ဒေါသကြောင့် ပါတီကနေ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခု ဖြစ်လာသည်။ ထို့ကြောင့် အစိုးရက ပါတီဟု မသတ်မှတ်၊ လက်နက်ကိုင်ဟု သတ်မှတ်ကာ ထိုးစစ်ဆင် တိုက်ခိုက်ကြသည့်အတွက် လက်လက်

www.burmeseclassic.com

www.burmeseclassic.com



မနေသာတော့ဘဲ အထက်ဗမာပြည်ဘက်သို့ ပြောင်းရွှေ့ခဲ့လေသည်။

သို့သော် အစိုးရစစ်တပ်သည် ကွန်မြူနစ်ပါတီရှိရာ ဗဟိုဌာနချုပ်ကို ဆက်တိုက် ထိုးစစ်ဆင် တိုက်ခိုက်နေသည်။ ၎င်းထိုးစစ်ကို မခုခံနိုင်သည့်အတွက် သခင်သန်းထွန်းသည် ဆောက်တည်ရာမရ ဖြစ်ခဲ့ရသည်။

ထို့နောက် လူစုကို အသုတ်လိုက်ခွဲကာ နည်းပေါင်းစုံဖြင့် ပဲခူးရိုးမသို့ ပြန်လည်ပြောင်းရွှေ့လာခဲ့ကြသည်။ ပြောင်းရွှေ့ရာတွင် သခင်သန်းထွန်းသည် စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၊ ရွှေပေါက်ပင်ရွာမှတစ်ဆင့် ဧရာဝတီမြစ်ကြောင်းအတိုင်း လှေ့ဖြင့်စုန်ဆင်းခဲ့ကြသည်။

သခင်သန်းထွန်းသည် ကိုယ်ယောင်ဖျောက်ရန်အတွက် ဆရာတော်ဦးသူရိယဘွဲ့ကို ခံယူကာ ရဟန်းဝတ်ပြီး အညာမှ ပြည်ရွှေဆံတော်သို့ ဘုရားဖူးကြွလာတော်မူသည့် ပုံစံကို ဖန်ဆင်းခဲ့သည်။

ထိုအချိန်က သခင်သန်းထွန်း၏ ကပ္ပိယအဖြစ် လိုက်ပါလာသူများမှာ ဗိုလ်မှူးတုတ်ရွှေနှင့် စစ်ကိုင်းခရိုင်ကော်မတီ ရဲဘော်မင်းသန်းတို့ ဖြစ်သည်။ ထို့နောက် သခင်သန်းထွန်းသည် ပဲခူးရိုးမဒေသတို့၌ ပါတီဌာနချုပ်ထောင်ရန်အတွက် ခိုင်မာသထက်ခိုင်မာအောင် တည်ဆောက်ခဲ့ကြလေသည်။

ယခင်က ပဲခူးရိုးမအနောက်ခြမ်း၌ရှိသည့် မော်ဘီခရိုင်၊ သာယာဝတီခရိုင်၊ ပြည်ခရိုင်၊ သရက်ခရိုင်များပါဝင်သည့်ဒေသများကို အနောက်တိုင်းဟု ဖွဲ့စည်းထားပြီး ပဲခူးတိုင်းအရှေ့ခြမ်း

www.burmeseclassic.com

www.burmeseclassic.com



တွင်ရှိသည့် တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ ဟံသာဝတီခရိုင်များပါဝင်သည့် ဒေသများကို အောက်ဗမာပြည်တိုင်းဟု သီးခြားဖွဲ့စည်းခဲ့သည်။

သို့သော် သခင်သန်းထွန်းသည် ပဲခူးရိုးမကို တစ်စုတစ်စည်းတည်း ဖြစ်စေရန် လိုအပ်လာသဖြင့် အနောက်တိုင်းနှင့် အောက်ဗမာပြည်တိုင်း(၂)တိုင်းကို ပေါင်းစည်းလိုက်ပြီး ပဲခူးတိုင်းအဖြစ် ဖွဲ့စည်းလိုက်လေသည်။

"ပဲခူးတိုင်း၏ကော်မတီများမှာ"

| | | |
|---|---|---|
| ၁။ | ရဲဘော်မြ | ဥက္ကဋ္ဌ |
| ၂။ | ရဲဘော်ဗိုလ်ရန်အောင် | အတွင်းရေးမှူး |
| ၃။ | ရဲဘော်သက် | တိုင်းကော်မတီဝင် |
| ၄။ | ရဲဘော်အုံးကျော် | တိုင်းကော်မတီဝင် |
| ၅။ | ရဲဘော်လှကျော် | တိုင်းကော်မတီဝင် |
| ၆။ | ရဲဘော်မောင်မောင်သန်း | အရံတိုင်းကော်မတီဝင် |
| ၇။ | ရဲဘော်အောင်ဒင် | အရံတိုင်းကော်မတီဝင် |

တို့ ဖြစ်ကြလေသည်။

ဤသို့ ပြုလုပ်လိုက်ခြင်းသည် အစိုးရအတွက် အခက်တွေ့မည်ဟုထင်မှတ်ပါ၍ ထိုကဲ့သို့ ပြုလုပ်လိုက်ခြင်းဖြစ်သည်။ အစိုးရအနေနှင့် လာရောက်ဆွေးနွေးဖို့ ဖိတ်ခေါ်နိုင်သည်။ ကြောက်ရွံ့ထိတ်လန့်နိုင်သည်ဟု ထင်မှတ်နေသည်။ အကြောင်းမှာ နိုင်ငံရေးလှည့်ကွက် ဆင်လိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းအတွက် ဆုတော်ငွေတစ်သိန်း

သခင်သန်းထွန်းသည် နိုင်ငံရေးအရ လှည့်ကွက်ဆင်လိုက်သည့်အတွက် အစိုးရသည် စောင့်ကြည့်နေသည်။ သခင်သန်းထွန်း၏ ကွန်မြူနစ်ပါတီ အင်အားစုများကို အပြုတ်တိုက်ရန် စိတ်ကူးဆုံးဖြတ်ထားသည်။

သခင်နု (ဝန်ကြီးချုပ်)သည် သခင်သန်းထွန်း ခေါင်းဆောင်သည့် ကွန်မြူနစ်များနှင့် ညှိနှိုင်းဆွေးနွေးကာ ပြဿနာများဖြေရှင်းရန် မျှော်လင့်ထားဆဲဖြစ်လေသည်။ သခင်သန်းထွန်း၏ကွန်မြူနစ်များ လက်နက်ချလာပါက တစ်လအတွင်း ရွေးကောက်ပွဲပြုလုပ်ပေးမည်ဟုလည်း ဆိုလေသည်။

သို့သော်လည်း ကွန်မြူနစ်များဘက်မှ ဦးနုအား အရှင်ဖမ်းပြီး အမျိုးသားရေးကို သွေဖွယ်မှုဖြင့် ပြည်သူ့ခုံရုံးသို့ တင်မည်ဆိုသည့် ပြန်ကြားချက်ကိုသာ ရရှိခဲ့လေသည်။ ဦးနုသည် ကွန်မြူနစ်များအား ဆွဲဆောင်သိမ်းသွင်း၍ မရခြင်း၊ ကြားဖြတ်အစိုးရအဖွဲ့ထဲတွင် နေရာပေးရန် ကမ်းလှမ်းခြင်းနှင့် ရွေးကောက်ပွဲကို စောစောကျင်းပပေးမည်ဟု ကတိကဝတ်ပြုခြင်းတို့ကို ပြုလုပ်ခဲ့သော်လည်း ခေါင်းမာပြီး ယုံကြည်ချက် ခိုင်မြဲသည့် ကွန်မြူနစ်များက လက်မခံ ငြင်းပယ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ဦးနုသည် ၎င်း၏မိတ်ဆွေဟောင်းဖြစ်သူတို့ကို လက်တွဲဆန့်ကျင်ခဲ့သည့် သခင်သန်းထွန်းအပေါ် မမုန်းတီးနိုင်အောင် ဖြစ်နေသည်။ သခင်သန်းထွန်းသည် မြန်မာပြည်သူ ပြည်သားများ ကောင်းစားရေးအတွက်ဟု ကြွေးကြော်နေသူလည်းဖြစ်သည်။ အင်္ဂလိပ်၊ ဂျပန်တို့၏ အုပ်ချုပ်မှုကျွန်စနစ်မှ ရဲဝံ့စွန့်စားစွာ ထောက်ခံပြောဆိုတတ်သူ တစ်ယောက်အဖြစ်လည်း သတ်မှတ်ထားသည်။

ထို့အတူ မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည့် သခင်သန်းထွန်းကဲ့သို့ လူတစ်ယောက်သည် မြန်မာပြည်ကောင်းစားရေးအတွက် ကျန်လူများနှင့် ပူးပေါင်းတိုက်ပွဲဝင်မည့်သူဟု သတ်မှတ်ထားခဲ့ဖူးသည်။ သို့သော် ထိုအချိန်က သခင်သန်းထွန်းသည် ယုံကြည်ချက်နှင့် ပါတီစွဲ ပြင်းထန်လွန်းသဖြင့် ဦးနု ထင်သလို ဖြစ်မလာအောင် ဖြစ်ခဲ့ရလေသည်။

သခင်သန်းထွန်းသည် အစိုးရအား လက်နက်ကိုင် ပုန်ကန်ခြင်းဖြင့် ဖြုတ်ချရန် ကြံစည်ပြီး ကွန်မြူနစ် မြန်မာနိုင်ငံကို ထူထောင်ရန် ကြိုးစားနေသည်။ သခင်နုက လာရောက်ဆွေးနွေးပါရန် ခေါ်သော်လည်း လက်ခံခြင်းမရှိ အစိုးရကို ဖြုတ်ချရန်ကိုသာ ကြံစည်နေသည်။ ၎င်းအချိန်က မြန်မာနိုင်ငံတွင် စစ်အင်အားက နည်းနေသည့်အတွက် အထင်သေးတာလည်း ပါနေသည်။ ထို့ကြောင့် စစ်တပ်ကို အထင်သေးနေတာလည်း ပါနေသည်။

သခင်သန်းထွန်းသည် ၎င်းပိုင်ဆိုင်ထားသည့် ကွန်မြူနစ် အင်အားသည် အစိုးရစစ်တပ်ကို ယှဉ်ပြိုင်တိုက်နိုင်သည်ဟု ထင်မှတ်နေသည့်အတွက်ကြောင့် သခင်နု၏ ကမ်းလှမ်းမှုကို လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိဘဲ ဖြုတ်ချပစ်မည်သာ လွယ်လွယ်လေး ပြောနေခြင်းဖြစ်သည်။ အလားတူ သခင်သန်းထွန်းသည် အစိုးရအား လက်နက်ကိုင် ပုန်ကန်ဖြုတ်ချပြီးလျှင် ကွန်မြူနစ်မြန်မာနိုင်ငံ တည်ထောင်ရန် ကြံစည်ကြိုးစားလေသည်။

ထို့ကြောင့် ၁၉၅၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှစပြီး **စက်တင်ဘာလ ၁၅ ရက်နေ့အထိ** သခင်သန်းထွန်း ဦးဆောင်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီနှင့် ပြည်သူ့ရဲဘော်အဖွဲ့(**ပီဗီဝီ**)တို့မှ ကိုယ်စားလှယ်တို့သည် တစ်စုတည်းသော ပါတီဖြစ်ပေါ်လာရေးအတွက် သုံးပါတီညီညွတ်ရေးကွန်ဖရင့်တစ်ရပ်ကို (၇၅)ရက်တိုင် ကျင်းပခဲ့လေသည်။

၎င်းပွဲမှာ ညွန့်ပေါင်းအစိုးရလမ်းစဉ်ကို ဆွေးနွေးကာ သဘောတူညီချက်များ ရရှိကြသည်။ ၎င်းသုံးပါတီညီညွတ်ရေးကွန်ဖရင့်မှာ ...

၁။ **စစ်ရေးကော်မတီ**

၂။ **စည်းရုံးရေးကော်မတီ**

၃။ **အုပ်ချုပ်ရေးကော်မတီ**

များ ဖွဲ့စည်းခဲ့သည်။ ထို့အပြင် ဘဏ္ဍာရေးကော်မတီကိုလည်း ဖွဲ့စည်းခဲ့သည်။ ၎င်းကိစ္စနှင့် ပတ်သက်၍ အစိုးရက သခင်သန်းထွန်းတို့လုပ်ရပ် စောင့်ကြည့်ရန် ဖြစ်လာသည်။ ၎င်းတို့သည် အင်အားများလာမည် ဆိုတာကို သတိထားလာကြသည်။ အလားတူ အချိန်မရွေး တိုက်ခိုက်ရန် ကြိုတင်ပြင်ဆင်ထားသလို သခင်သန်းထွန်းတို့ကို ဘယ်လိုပုံစံနှင့် တုံ့ပြန်မလဲ ဆိုတာကို စီစဉ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



၎င်းအခင်းအစဉ်မှာ **၁၉၅၆ ခုနှစ် အောက်တိုဘာလ(၁)ရက်နေ့** ဖြစ်သည်။ ထိုနေ့ကိုရောက်သည့်အခါ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဥက္ကဋ္ဌဖြစ်သူ သခင်သန်းထွန်းနှင့် ဗကပပေါ်လစ်ဗျူရိုဝင်များ ဖြစ်ကြသည့် သခင်ဗဟိန်း(ထားဝယ်)၊ သခင်တင်ထွန်း(ပျဉ်းမနား)၊ သခင်သန်းမြိုင်(ကျောက်ဆည်)၊ သခင်ဇင်(ဒိုက်ဦး)၊ သခင်ချစ်(သနပ်ပင်)၊ သခင်ဌွေး(စစ်ကိုင်း)၊ ဂိုရှယ်(ခေါ်)ရဲဘော်ဘတင်(ခေါ်)ရဲဘော်သံဆိုင် တို့အား ဖမ်းဆီးပေးလျှင်သော်လည်းကောင်း(သို့မဟုတ်)ဖမ်းမိအောင် သတင်းပေးလျှင်သော်လည်းကောင်း ဆုတော်ငွေများ ချီးမြှင့်မည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ကြေညာချက်အမှတ်(၁)အဖြစ် ထုတ်ပြန်ခဲ့သည်။

ဆုတော်ငွေမှာ သခင်သန်းထွန်းအတွက် တစ်သိန်း၊ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်တစ်ဦးအတွက် ကျပ်ငါးသောင်းစီ ဖြစ်သည်။ ဆုတော်ငွေ ကြေညာချက်သည် ၁၉၅၇ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့အထိ ဖြစ်သည်။ သို့သော် ကွန်မြူနစ်ပါတီအကြီးအကဲ ဥက္ကဋ္ဌဖြစ်သည့် သခင်သန်းထွန်းကို အစိုးရသည် မဖမ်းဆီးနိုင်အောင် ဖြစ်နေသည်။

သခင်သန်းထွန်းကို ထိုကဲ့သို့ ကြေညာလိုက်သည့်အတွက် နိုင်ငံရေးသမားများနှင့် တောတွင်းသားတို့ ခေါင်းထောင်လာခဲ့ကြသည်။ သခင်သန်းထွန်းတို့ကို ထိုကဲ့သို့ပြုလုပ်ရသည်မှာ သခင်သန်းထွန်းသည် ရာထူးအာဏာတည်မြဲရန် အတွက်ဆိုလျှင် တိုင်းပြည်ကို ရောင်းစားမည် သို့မဟုတ် တရုတ်ကို အလေးပေးချင်သည်ဟု ယူဆနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ တရုတ်ဖြူကျူးကျော်မှုပြဿနာနှင့် စပ်လျဉ်း၍ဖြစ်သည်။ တရုတ်ဖြူများသည် မြန်မာနိုင်ငံကို သိမ်းပိုက်ရန် ထိုးစစ်ဆင်သည်။ ၎င်းကိစ္စနှင့် ပတ်သက်၍ ကွန်မြူနစ်ပါတီက ကျေနပ်ပျော်ရွှင်နေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ဦးမေအောင်က ရောင်ခြည်ဂျာနယ်တွင် **"တရုတ်ဖြူကျူးကျော်မှုပြဿနာနှင့်စပ်လျဉ်း၍ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ကိုယ့်ရှူးကိုယ်မတ်ဝင့်ခတ်တစ်ခု"**အမည်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့လေသည်။

ဆောင်းပါးကို အစအဆုံး ဖော်ပြချင်ပေမယ့် စာမျက်နှာ အခက်အခဲ ရှိနေသည့်အတွက်ကြောင့် လိုအပ်တာလေးကိုသာ ဖော်ပြချင်ပါသည်။

**"ကွန်မြူနစ်ပါတီ၏ တွေးခေါ်မှု"**

သို့ဖြစ်သည့်အတိုင်း တရုတ်ဖြူပြဿနာပေါ်လာသည်နှင့် တစ်ပြိုင်နက် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဆင်ခြင်သုံးသပ်မှုသည်လည်း အောက်ပါအတိုင်း ၎င်းတို့၏ အတွေးအခေါ် စိတ်အထင်အမြင်အရ ကောက်ကျစ်စွာဖြင့် ပေါ်လာခဲ့တော့၏။

"တရုတ်ပြည်တွင် ဂျပန် ကျူးကျော်ဝင်ရောက်လာသည့်အခါ မော်စီတုန်းသည် ချန်ကေရှိတ်နှင့် ပေါင်းခဲ့၏"

"ယခုလည်း အမေရိကန်၏ ရုပ်သေးရုပ်ဖြစ်သော ချန်ကေရှိတ်၏ တပည့်လက်သားများသည် မြန်မာပြည်တွင်းသို့ ဝင်ရောက်နေကြပြီ"

"ဦးနု၏ ဖဆပလအစိုးရသည် အမေရိကန်ထံမှ အထောက်အပံ့ကို ခံယူနေရပြီး အမေရိကန်ညွှန်ကြားရာကို လိုက်နာနေရသူဖြစ်သည်။ မြန်မာပြည်ကို စစ်စခန်းလုပ်နိုင်ရန်အတွက် ပေါ်လာခဲ့

www.burmeseclassic.com



လေယာဉ်ပျံကွင်းကို ကမ္ဘာတွင် စတုတ္ထအကြီးဆုံးဖြစ်အောင် အမေရိကန်က တိုးချဲ့တည်ဆောက်နေသည်။ ယခု ချန်ကေရှိတ်၏ တပည့်လက်သားများ ဝင်ရောက်လာခြင်းမှာ အမေရိကန်၏စေခိုင်းချက်အရဖြစ်၍ ဦးနု၏သဘောတူညီချက်လည်း ရရှိပြီးဖြစ်ရမည်။

ထိုအခါတွင် အမေရိကန်၏တပည့် ဦးနု၏ ဖဆပလအစိုးရသည် တရုတ်ဖြူကို မတိုက်ချင်စေကာမူ လူထုကိုကား ဆန့်ကျင်ဝံ့မည်မဟုတ်။ သို့ဖြစ်၍ လူထု၏ဆန္ဒအရ ဟန်ပြအနေဖြင့် တိုက်ချင်ဟန်ဆောင်ရတော့မည်။

သို့သော် တပ်မတော်က အလွန်တိုက်ချင်သည်။ သို့ဖြစ်၍ တပ်မတော်နှင့် အစိုးရအဖွဲ့ ကွဲပြဲရဖို့ရှိသည်။ တိုက်လျှင်လည်း အမေရိကန်နှင့် အိုးစားကွဲမည်။ အမေရိကန်မပါလျှင်လည်း ရပ်တည်မနေနိုင်။ အစိုးရတော့ အကြီးအကျယ် ချောက်ကျပြီ။

"သခင်သန်းထွန်း၏မျက်နှာ"

ဤသို့လျှင် ဗမာပြည်ကွန်မြူနစ်ပါတီသည် အားရဝမ်းသာ မျှော်လင့်ကာ စောင့်စားခဲ့၏။ သခင်သန်းထွန်း၏မျက်နှာကား မိုင်းဖုံးကို ချခဲ့ပြီးလျှင်ပြီးချင်း အကာအကွယ်ယူရင်းက မိုင်းပေါက်ကွဲသံကို နားစွင့်နေသူ၏မျက်နှာပေးမျိုးအတိုင်းဖြစ်၍ နေတော့၏။

"သခင်သန်းမြိုင်၏အဖြေ"

အပျော်တမ်းတပ်သားများကိစ္စနှင့် ပတ်သက်၍ ခြောက်ပိုင်းစစ်ဌာနချုပ် နိုင်ငံရေးမှူးကြီး သခင်သန်းမြိုင်အား ကျွန်တော်က အောက်ပါအတိုင်း ပြောပြခဲ့၏။

၁။ ဦးနု အစိုးရသည် ကွန်မြူနစ်တို့၏နည်းပေါ်သဘောထားကို
- မြင်သဖြင့် ပါတီ၏လမ်းစဉ်ကို လက်မခံဘဲ ငြင်းပယ်

www.burmeseclassic.com



မည်မှာ သေချာသည်။ သူ့နည်းနှင့်သူ၊ သူ့အားနှင့်သူ တရုတ်ဖြူကို တိုက်မည်။

၂။ တပ်မတော်နှင့် သဘောကွဲလွဲသည်၊ စွဲမြဲသည်ဟု ပါတီက ထင်မြင်ရာ၌ တရုတ်ဖြူကို မတိုက်ဘူးဆိုမှ သာ ဖြစ်နိုင်မည်။ ယခု တိုက်မည်ဟု ဆုံးဖြတ်ပြီး ဖြစ်သည်။

၃။ ရှမ်းပြည်နယ်သည် ခရီးဝေးလံသည်၊ တောတောင်ထူ ထပ်သည်။ အဖျားရောဂါထူပြောသည်။ လူနေအိမ် ခြေ ခေါင်းပါးသည်။ ထို့ကြောင့် ဆက်သွယ်ရေး၊ ဆေးဝါး၊ ရိက္ခာ၊ လက်နက်ခဲယမ်းမီးကျောက် ပြဿနာ များရှိသည်။ အပျော်တမ်းတပ်တွေ ဖွဲ့ရာတွင် ရေ သောက်မြစ်မရှိ အဖြစ်ဆိုးမည်၊ အကျိုးယုတ်မည်ဟု ကျွန်တော်က တင်ပြခဲ့၏။

"ဟုတ်တယ်၊ ကျွန်တော်တို့ ရမ်းလုပ်လို့မဖြစ်"ဟု သူက ပြော၏။

ထိုဒေသကိုမှ ကာကွယ်ရန် အင်အားအလုံအလောက်မရှိ ဖြစ်နေချိန်တွင် တရုတ်ဖြူကို တိုက်ထုတ်ရေးလမ်းစဉ်ကို မိမိတို့ ကိုယ်တိုင်က မကျင့်သုံးနိုင်ဘဲ တိုင်းပြည်သို့ တင်ပြခဲ့ရာ၌ ထွက် ပေါက်ရရေးအတွက် ရည်စူးတင်ပြခြင်းမှတစ်ပါး အခြားစေတနာ မည်သို့မျှမပါဟု ကျွန်တော်က နားလည်ထားလိုက်၏။ ၎င်းတို့ ရှာကြံသော ထွက်ပေါက်မှာ နစ်ပေါက်ရှိသည်ဟု ကျွန်တော်က မြင် မိ၏။

www.burmeseclassic.com

www.burmeseclassic.com



၁။ ဦးနု၏ဖဆပလအစိုးရတွင် တကယ် အကျပ်အတည်း ဆိုက်နေ၍ တရုတ်ဖြူအန္တရာယ်ကို တွန်းလှန်ရာ၌ တဖဲ့ဦးတည်း မစွမ်းဆောင်နိုင်၊ လူထုက ငါတို့နှင့် ပေါင်းရန် အကျပ်ကိုင်မည်၊ မပေါင်းလျှင် ဖြုတ်ချ မည်။ သို့သော် အဖြုတ်ကားခံမည်မဟုတ်။ ပေါင်းရ လျှင် ငါတို့ပွမည်။

၂။ ဦးနု၏ ဖဆပလအစိုးရက ငါတို့နှင့် မပေါင်းလို၍ တရုတ်ဖြူကို ဟန်ဆောင်တိုက်လျှင် တပ်မတော်ရော လူထုနှင့်ပါ ပဋိပက္ခဖြစ်မည်။ သို့ဆိုလျှင် တပ်တွေ တောခိုမည်။ သို့မဟုတ် တပ်က အာဏာသိမ်းပြီး ညီညွတ်ရေး တည်ဆောက်ပေးမည်။ ငါတို့ပွမည်။

ကွန်မြူနစ်တို့က ဤသို့တွေး၍ ထွက်ပေါက်ကိုရှာကြခြင်း ပင်ဖြစ်၏။

သို့ပါသော်လည်း **"သိုက်စာဖတ်ရာ နားထောင်ပါ၊ ဥစ္စာ ရှိုးနိုး"**ဆိုသကဲ့သို့သာ ဖြစ်ခဲ့ရ၏။

၁။ တပ်မတော်က လူထုထောက်ခံမှုဖြင့် တရုတ်ဖြူကို ပြင်းပြင်းထန်ထန်တိုက်၍ အောင်ပွဲခံလိုက်သည့်အချိန် တွင်။

၂။ ပါတီတွင်း၌ တရုတ်ဖြူတိုက်ရမည်။ မထိုက်ဘူးဟူ၍ ပြဿနာပေါ်လာပြီး သဘောကွဲလွဲမှုများ ဖြစ်လာ၏။ မကျေနပ်သဖြင့် လက်နက်ချသူများ ပေါ်လာ၏။

ဤကား ကွန်မြူနစ်ပါတီ၏ ကိုယ့်ရှူးကိုယ်ပတ် ဝင်ဘတ် ပင် ဖြစ်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဟု အထက်ပါအတိုင်း ရေးသားခဲ့လေသည်။ သခင်သန်းထွန်း ဦးဆောင်သည့် ကွန်မြူနစ်ပါတီ၏ လုပ်ဆောင်ချက်သည် အမြတ်ရမလား ထင်မြင်ခဲ့ရာ နောက်ဆုံး အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ သခင်သန်းထွန်းတို့၏ လုပ်ဆောင်ချက်ကို ဒေါသထွက်၍ သခင်နုအစိုးရက ဆုကြေးထုတ် ဖမ်းဆီးရန် အမိန့်ထုတ်လိုက်ခြင်းဖြစ်သည်။

သခင်သန်းထွန်းတို့သည် အမိန့်ထုတ်ခံရသည့်အတွက် မကျေမနပ် ဖြစ်နေရသည်။ တကယ်တော့ သခင်သန်းထွန်းသည် သခင်နု၏အတွင်းစိတ်ကို သိနေသလို သခင်သန်းထွန်း၏အတွင်းစိတ်ကိုလည်း ကောင်းစွာသိနေသည်။

အကြောင်းမှာ သခင်အောင်ဆန်းတို့ ဂျပန်ကို စစ်ပညာသင်မသွားခင်က သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်စိုးနှင့် အခြားထိပ်တန်းလူငယ် နိုင်ငံရေးသမားတွေဟာ သခင်နုအိမ်မှာနေပြီး စားသောက်ခဲ့ဖူးကြသည်။ ၎င်းတို့အထဲမှာ သခင်သန်းထွန်းနှင့် သခင်စိုးတို့က အစားအသောက် ပိုသောင်းကျန်းသည်။ အတ္တလည်း ဆန်လွန်းသည်။ ဒေါသလည်း ထွက်နေသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးမရခင်က အတူတူ တိုက်ပွဲဝင်နေထိုင်ခဲ့ကြပြီး လွတ်လပ်ရေးတွေ ရတော့မှ စိတ်ဝမ်းတွေကွဲကုန်၏။ အလွန်ပင် စိတ်ပျက်စရာ ကောင်းနေသည်။

နယ်ချဲ့အင်္ဂလိပ်တို့ လက်အောက်တွင် အားလုံးကတစ်ခုတည်းသော ရည်မှန်းချက်တွေနှင့် ချီတက်ခဲ့ကြသည်။ လွတ်လပ်ရေးရရှိပြီးနောက် ရည်မှန်းချက်တွေ ပြောင်းသွားပြီး ရင်နှီးဆုံးမိတ်ဆွေတွေက ကြီးမားသည့်ရန်သူတွေ ဖြစ်ကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ အစိုးရသည် သခင်သန်းထွန်းကိုစွန့်ပတ်သက်၍ ဖြေရှင်းရန် အနှောင့်အယှက် မပေးနိုင်ရန် ဌာနချုပ်ကိုလည်း စုံစမ်းလေ့ရှိသည်။ သခင်သန်းထွန်း ခေါင်းဆောင်သည့် ဗမာပြည်ကွန်မြူနစ်ပါတီဌာနချုပ်သည် တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်မှတစ်ဆင့် ပဲခူးရိုးမကို ဖြတ်ကျော်ပြီး ပြည်ခရိုင်မြောက်ပိုင်းမှ အလယ်နဝင်းချောင်းဖျားတွင် စခန်းကျ နေထိုင်လျက်ရှိသည်။ ကွန်မြူနစ်ပါတီဌာနချုပ်သည် ခိုင်မြဲသွားပြီဟု ထင်မှတ်နေကြသည်။

ထို့အတူ ပဲခူးရိုးမတောင်ခြေတွင် အခြေစိုက်ထားသောကြောင့် ဗဟိုဌာနချုပ်စခန်း၏ အနီးပတ်ဝန်းကျင်တွင် ကျေးရွာဟူ၍ တစ်ရွာမှမရှိ။ ၎င်းဗဟိုဌာနချုပ်ကို တောင်ကျောကြီးများ၊ တောင်စွယ်ကြီးများက ဝန်းရံထားသည်။

လျှို့ဝှက်သိပ်သည်းပြီး ရောက်ရှိရန် ခဲယဉ်းသည့်နေရာဖြစ်၍ အုံ့ညြစရာကောင်းလောက်အောင် လူဦးရေ(၁၅)ဦးသာရှိသည်။ ထိုအထဲတွင် ဗဟိုကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်း၊ ဗဟိုကော်မတီအတွင်းရေးမှူး ရဲဘော်ဌေးနှင့် ပေါ်လစ်ဗျူရိုလူကြီး ရဲဘော်ဘတင်(ဂိုရှယ်)တို့ သုံးဦးသာ ဗဟိုကော်မတီ၏နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေးတို့ကို ဦးဆောင်နေသည့် အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်သည်။

သခင်သန်းထွန်း ဦးဆောင်သည့် ကွန်မြူနစ်ပါတီအဖွဲ့ချုပ်၌ ဗဟိုဆေးအဖွဲ့နှင့် ဗဟိုလုံခြုံရေးအဖွဲ့(ဗဟိုကင်းအဖွဲ့)သည်တို့ကို ဖွဲ့စည်းထားသည်။ ၎င်းဖွဲ့စည်းထားသဖြင့် မြန်မာပြည်လွတ်လပ်ရေးမရခင်နှင့် ရပြီးနောက်ပိုင်းတို့တွင် အစိုးရနှင့်အတိုက်

www.burmeseclassic.com

www.burmeseclassic.com



အခံပြုလုပ်ကာ တောခိုခဲ့သည့် သခင်သန်းထွန်း၏ ဗမာပြည်ကွန်မြူနစ်ပါတီကို အစိုးရသည် နည်းပေါင်းစုံဖြင့် နှိမ်နင်းရန် ကြိုးစားခဲ့သော်လည်း ကွန်မြူနစ်ပါတီဟာ ကံကောင်းနေဆဲဖြစ်ပြီး နိုင်ငံရေးလောကမှ ပျောက်မသွားခဲ့ခြင်းဖြစ်သည်။

တကယ်တော့ သခင်သန်းထွန်းသည် လက်ရှိအုပ်ချုပ်နေသူများကဲ့သို့ နိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းခဲ့သေးသည်။ သခင်သန်းထွန်း ခေါင်းမာနေရသည့်အတွက်နှင့် ကြိုးပမ်းချက်များကို ဆက်လက်တင်ပြချင်ပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်း၏ ဘဝအပိုင်းအစ

ကွန်မြူနစ်ဝါဒကို စွဲမြဲစွာ ယုံကြည်စွာ လက်ကိုင်ထားသည့် သခင်သန်းထွန်းကို အဖေဦးဘိုမောင်နှင့် အမေဒေါ်အေးကြူတို့မှ ၁၉၁၁ ခုနှစ် ဩဂုတ်လ(၁၅)ရက် **(၁၂၇၃ ခုနှစ်၊ ဝါခေါင်လဆုတ် ၆ ရက်)** အင်္ဂါနေ့ တောင်ငူခရိုင်၊ ကညွတ်ကွင်းမြို့၌ မွေးဖွားခဲ့သည်။

သခင်သန်းထွန်းသည် မွေးချင်းမောင်နှမ ခြောက်ယောက်အနက် တတိယမြောက်သား ဖြစ်သည်။ သခင်သန်းထွန်း၏အစ်ကိုများမှာ ဦးတင်(သာယာဝတီထောင်မှူးဟောင်း)နှင့် ဦးပုတို့ဖြစ်ကြသည်။

ထို့အတူ ညီ၊ ညီမငယ်များမှာ မစိမ်းညို၊ ကိုညီလေး (အာရှလူငယ်၊ ဂျပန်ခေတ်၌ သထုံနယ်တွင် ဂျပန်အသတ်ခံရ၍ သေဆုံးနှင့် အငယ်ဆုံးညီမငယ် မစိမ်းချို(ခ)မမြဝင်း (ပဲခူးရိုးမတောတွင်းတစ်နေရာ၌ ကျဆုံး)တို့ဖြစ်သည်။

သခင်သန်းထွန်းသည်အရွယ်ရောက်သည့်အခါ တောင်ငူကြီး အေတီအိုင်ကျောင်းနှင့် ပျဉ်းမနား အစိုးရဟိုက်စကူးကျောင်း၌တွင် ပညာသင်ကြားခဲ့ပြီး ၁၉၃၀ ပြည့်နှစ်တွင် ဆယ်တန်းစာမေးပွဲကို ပျဉ်းမနား ဟိုက်စကူးကျောင်း၌ အောင်မြင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုက်စကူးအောင်မြင်ပြီးနောက် ၁၉၃၁–ခုနှစ်မှ ၁၉၃၃–ခုနှစ်တွင် ရန်ကုန်ဆရာအတတ်သင်ကောလိပ်၌ ဆရာဖြစ်သင်တန်းကိုတက် ရောက်ခဲ့လေသည်။

သခင်သန်းထွန်းသည် ဆရာဖြစ်သင်တန်း တက်ရောက်နေစဉ် ၁၉၃၂–ခုနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံးသို့လည်း ဝင်ရောက်ခဲ့သေးသည်။ ထိုအချိန်က အစည်းအရုံး ဥက္ကဋ္ဌမှာ ဆရာတင် ဖြစ်ပြီး အတွင်းရေးမှူးမှာ သခင်လေးမောင် ဖြစ်သည်။ သခင်သန်းထွန်းသည် သခင်ဘဝကို မခံယူမီ အချိန်ကာလ၌ ကိုသိန်း(ကြီးပွားရေးဦးသိန်း)ဦးဆောင်သည့် လူငယ်များ ကြီးပွားရေးအသင်းတွင် ကိုကျော်စိန်(သခင်ကျော်စိန်)၊ ကိုလှ(လူထုဦးလှ)၊ ကိုတင်မောင်(သခင်တင်မောင်)တို့နှင့် အတူ ဆောင်ရွက်ခဲ့လေသည်။

သခင်သန်းထွန်း၏ ကြိုးစားမှုနှင့် အသင်းအပေါ် စိတ်စေတနာထားမှုတို့ကြောင့် ၁၉၃၈–ခုနှစ် ဇန်နဝါရီလ(၃၀)ရက်နေ့တွင် လူငယ်များကြီးပွားရေးအသင်း၏ အကျိုးဆောင် စာချီ(အတွင်းရေးမှူး)အဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။

သခင်သန်းထွန်း ဆရာအတတ်သင် သင်တန်းကို တက်ရောက်နေစဉ် ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အစည်းအရုံးကို ဝင်ရောက်ခဲ့သလို လူငယ်များကြီးပွားရေးအသင်း၏ တိုးတက်ရေးကိုလည်း ဆောင်ရွက်ခဲ့လေသည်။ ထို့အပြင် သူသည် ဆရာအတတ်သင်ကောလိပ်၌ ဆရာဖြစ်သင်တန်းတက်ပြီးနောက်တွင် ရန်ကုန်မြို့၊ ကန်တော်ကလေး မွတ်စလင် အင်္ဂလိပ်–မြန်မာစာကျောင်း၌ အလယ်တန်းပြဆရာအဖြစ် ဆောင်ရွက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က မြန်မာနိုင်ငံ၏ နိုင်ငံရေးလှုပ်ရှားမှုမှာ အင်အားကြီးမားလာသည်။ လူငယ်များ၏ အမျိုးသားရေးစိတ်ဓာတ်များမှာလည်း ပြင်းထန်လာသည်။

မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးချိန်မှစ၍ စစ်မဖြစ်မီအထိ နယ်ချဲ့ဗြိတိသျှတို့သည် စီးပွားရေးနှင့်ပတ်သက်ပြီး စက်မှုလက်မှု တိုးတက်ရေးကို အားမပေးခဲ့ပေ။ မြန်မာနိုင်ငံကို ကုန်ကြမ်းပစ္စည်း သွင်းသည့် နိုင်ငံအဖြစ်သာ ထားရှိသည်။

အရင်းအနှီး အားနည်းသည့် မြန်မာပြည်သူပြည်သားတို့သည် ဗြိတိသျှနှင့် ကုလားအရင်းရှင်များကို မပြိုင်ဆိုင်နိုင်ခဲ့ပေ။ လယ်ပိုင်ရှင်များသည်လည်း သူတို့၏ လယ်မြေများ တဖြည်းဖြည်း ဆုံးရှုံးလာသည်။ ၁၉၂၉–ခုနှစ်တွင် ကမ္ဘာ့စီးပွား ရေးကျပ်တည်းမှုကြောင့် ဆင်းရဲသား မြန်မာလူထုသည် အခွန်အကောက်များ၏ ဖိနှိပ်မှုကြောင့် ပိုမိုဆင်းရဲလာခဲ့သည်။

ဗြိတိသျှတို့၏ နည်းမျိုးစုံ ဖိနှိပ်ခြင်းကို မခံနိုင်သည့် လယ်သမားတို့သည် ငတ်မွတ်ပြီး အသေမခံနိုင်၊ တိုက်ပြီးအသေခံမည်ဟူသည့် စိတ်ဓာတ်မျိုးကိုမွေးကာ နယ်ချဲ့အရင်းရှင်ဗြိတိသျှတို့ကို တော်လှန်ဖို့ ကြိုးစားလေသည်။

ထို့ကြောင့် ၁၉၃၀ ပြည့်နှစ်တွင် ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့သည်။ ၎င်းအချိန်တွင် သခင်သန်းထွန်း၏ အသက်မှာ ဆယ်တန်းအောင်မြင်ကာစ (၁၉)နှစ်သာ ရှိသေးသည်။ သခင်သန်းထွန်းသည် နောက်ပိုင်းတွင် အလယ်တန်းပြဆရာ ဖြစ်ခဲ့ပြီး ကြီးပွားရေးအသင်း၏ ခေါင်းဆောင်(အတွင်းရေးမှူး)အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသလို

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂခေါင်းဆောင်များနှင့် ပို၍ ခင်မင်ရင်းနှီးလာခဲ့သည်။

ထိုအချိန်က ကျောင်းသားသမဂ္ဂ၏ဥက္ကဋ္ဌမှာ လွတ်လပ်သည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဝန်ကြီးချုပ် ဖြစ်လာသည့် ဦးနု(သခင်နု)ဖြစ်ပြီး၊ အတွင်းရေးမှူးမှာ မြန်မာ့လွတ်လပ်ရေးဖခင်ကြီးဖြစ်သည့် ကိုအောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း)တို့ ဖြစ်ကြသည်။ သခင်သန်းထွန်းသည် ဦးနုထက် အသက်လေးနှစ်ခန့်ငယ်ပြီး ဗိုလ်ချုပ်အောင်ဆန်းထက်လည်း အသက်ပိုကြီးသည်။

ထိုအချိန်က မြန်မာနိုင်ငံအခြေအနေမှာ ထက်မြက်သည့် လူကြီးများနှင့် သွက်လက်သည့် လူငယ်များ ပေါင်းစပ်ကာ လွတ်လပ်ရေး ကြိုးပမ်းနေချိန် ဖြစ်နေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းနှင့် ကျောင်းသားဒုတိယသပိတ်

ဒုတိယကျောင်းသားသပိတ်သည် မြန်မာနိုင်ငံ၏သမိုင်းဝင်တစ်ခုအဖြစ် ယနေ့အထိ ရှိနေသေးသည်။ ထို့ကြောင့် သခင်သန်းထွန်းသည် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂခေါင်းဆောင်များနှင့် ရင်းနှီးခဲ့ပြီးနောက် ၁၉၃၆–ခုနှစ် တကသမှ ဦးစီးကျင်းပသည့် အမျိုးသားနေ့အခမ်းအနားတွင် ကမ္ဘာ့နယ်ချဲ့စနစ်အကြောင်းကို ဟောပြောခဲ့သည်။

ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ်သမဂ္ဂမှ ထုတ်ဝေသည့် အိုးဝေမဂ္ဂဇင်း အတွဲ(၅) အမှတ်(၁)တွင် ဆောင်းပါးရှင် ယမမင်း (ခ) ညိုမ (ခ) ဦးသိန်းတင် ရေးခဲ့သည့် **"ငရဲခွေးကြီးလွတ်နေပြီ"** ဆောင်းပါးနှင့် ပတ်သက်၍ အိုးဝေမဂ္ဂဇင်းအယ်ဒီတာကိုအောင်ဆန်းအား ကျောင်းထုတ်ရန် ကျောင်းအုပ်ကြီး မစ္စတာဆလော့ဂ စီစဉ်ခဲ့သည်။

၎င်းဆောင်းပါးနှင့် ပတ်သက်၍ နယ်ချဲ့များက ကိုအောင်ဆန်းကို ဖြေရှင်းချက်တောင်းသည်။ ကိုအောင်ဆန်းက ကျောင်းအုပ်ကြီးတောင်းသည့် ဖြေရှင်းချက်ကို မပေးခဲ့သည့်အတွက် စီစဉ်နေခြင်းဖြစ်သည်။

အလားတူ တက္ကသိုလ်သမဂ္ဂဥက္ကဋ္ဌဖြစ်သူ သခင်နုကို ဖေ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖော်ဝါရီလ(၂၁)ရက်နေ့တွင် ကျောင်းမှထုတ်ပယ်လိုက်ကြောင်း အကြောင်းကြားစာ ပို့ခဲ့သည်။ ထိုကိစ္စများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံတွင် ဒုတိယကျောင်းသားသပိတ်ကြီး ထွက်ပေါ်လာသည်။

ဒုတိယတက္ကသိုလ်ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာကြောင်း မြို့သူမြို့သားများ သိရှိစေရန်အတွက် တက္ကသိုလ်ကျောင်းသားများသည် ရန်ကုန်မြို့တွင်းသို့ ကား(၃၃)စီးဖြင့်လည်းကောင်း၊ ကျောင်းအုပ်ကြီး မစ္စတာဆလော့၏အိမ်ရှေ့တွင်လည်းကောင်း ဆန္ဒပြကြလေသည်။

ထို့နောက် ဆန္ဒပြသူများသည် ရွှေတိဂုံစေတီတော်ရှိ ဇရပ်များတွင် စခန်းချကြသည်။ ထိုသို့ စခန်းချရာတွင် ၁၉၃၆–ခုနှစ် ဖေဖော်ဝါရီလ(၂၆)ရက်နေ့တွင် သပိတ်ကျောင်းသား(၃၀၀)ခန့်တို့သည် သပိတ်တားရန် ရွှေတိဂုံစေတီတော်မှ ရန်ကုန်တက္ကသိုလ်သို့ သွားရောက်ခဲ့သည်။ မတ်လသို့ ရောက်သည့်အခါ ရန်ကုန်တက္ကသိုလ်အုပ်ချုပ်ရေးရုံးမှ ကိုအောင်ဆန်းကို ကျောင်းသုံးနှစ်ထုတ်ပယ်ကြောင်း ကြေညာခဲ့လေသည်။

ကျောင်းသားများသည် ကိုအောင်ဆန်းကို ကျောင်းထုတ်ကြောင်း အတည်ပြုလိုက်ချိန်တွင် ကျောင်းသားများသည် ထိန်းသိမ်းရန် ခက်ကုန်ကြသည်။ ထို့ကြောင့် ၁၉၃၆–ခုနှစ် မေလတွင် ကျောင်းသားတို့၏ တောင်းဆိုချက်များကို အာဏာပိုင်တို့က လိုက်လျောခဲ့ကြသည်။ အကြောင်းမှာ ကျောင်းသားများနှင့်အတူ ကျောင်းသားမိဘများက ပါဝင်လာသည့်အတွက် ထိန်းချုပ်ရန် ခက်ခဲလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်အစိုးရက ကျောင်းသားတောင်းဆိုမှုကို လိုက်လျော ခဲ့ကြသည်။ ထို့ကြောင့် သပိတ်လှန်လိုက်ကြသည်။ သို့သော် သခင်နုနှင့် မောင်အောင်ဆန်း စသည့် ကျောင်းသားများသည် တက္ကသိုလ်တို့ ပြန်မသွားတော့ဘဲ တို့ဗမာအစည်းအရုံးသို့ သွား ရောက်ပြီး **သခင်** အမည်ခံကြလေသည်။

သခင်ဆိုသည်မှာ တို့ဗမာဝါဒကို ယုံကြည်လက်ခံသူတိုင်း ကိုဆိုလိုသည်။ တို့ဗမာဝါဒမှ ဗြိတိသျှနယ်ချဲ့စနစ်ကို တိုက်ဖျက် ရန်နှင့် မြန်မာပြည်တစ်ပြည်လုံး အမျိုးသားရေးစိတ်ဓာတ် မွေးမြူ ကြရန် ကျွန်ပ်တို့စိတ်မှာ သခင်စိတ်မွေးကြရန်ဖြစ်သည်။ အလား တူ တို့ဗမာအစည်းအရုံးတွင် သခင်နု၊ သခင်အောင်ဆန်း၊ ကိုလှဖေ၊ ကိုသိန်းဖေတို့သည် သခင်အမည်ခံပြီးနောက် သခင် သန်းထွန်းနှင့်အတူ မြန်မာ့လွတ်လပ်ရေးအတွက် အားကြိုးမာန် တက် ဆောင်ရွက်ခဲ့ကြသည်။

ထိုအချိန်က တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်လာသူများ မှာ လေးမျိုးလေးစားရှိသည်။ နိုင်ငံရေး လေ့လာသူများက ပြော ဆိုမှတ်ချက်ပေး ပြောကြားကြသည်။ ၎င်းလေးမျိုးမှာ...

၁။ ကျွန်အဖြစ်ကို နားလည်ကာ သခင်အဖြစ် ခံယူလာသူ များ။

၂။ မာ့စ်ဝါဒနှင့် ဗုဒ္ဓဝါဒကို ရှိန်ညှိရန် ကြိုးပမ်းလိုသူများ။

၃။ သဘောတရားပိုင်းတွင် အားနည်းသော်လည်း ဖွင်း ဆင်းလုပ်သားများအဖြစ် တက်ကြွသော ပုထိုးသူ ထွက် ဘုန်းကြီးလူထွက်နှင့် အစိုးရဝန်ထမ်းဟောင်း များ။

www.burmeseclassic.com

www.burmeseclassic.com



**၄။ အခွင့်အရေးသမားများ။**

ဟု အထက်တွင် ဖော်ပြထားသည်။ ဘယ်လိုပင် ဖြစ်ပေမယ့် တို့ဗမာအစည်းအရုံးမှာတော့ အင်အားတွေ တိုးတက်လာခဲ့ကြလေသည်။

☐

www.burmeseclassic.com

www.burmeseclassic.com



## နဂါးနီစာအုပ်အသင်းနှင့် သခင်သန်းထွန်း

တို့ဗမာအစည်းအရုံးထဲကို ဝင်ရောက်နေသည့် သခင်သန်းထွန်းသည် မြန်မာပြည်သူတွေကို စည်းရုံးဖို့နှင့် အစည်းအရုံးဖန်ဖွံ့ကောင်းရန် ရာဖွေကြသည်။ ထို့ကြောင့် သခင်သန်းထွန်းသည် အကြံကောင်းများ ရရှိသွားသည်။ ၎င်းအကြံမှာ စာအုပ်ထုတ်ရန်ဖြစ်သည်။

သခင်သန်းထွန်းသည် ၁၉၃၇–ခုနှစ် ဒီဇင်ဘာလ(၁)ရက်နေ့တွင် နဂါးနီစာအုပ်အသင်းကို တည်ထောင်သည်။ စာအုပ်အသင်းတွင် ပါဝင်သူများမှာ သခင်နု၊ သခင်စိုး၊ ကိုအုန်းခင်တို့ပါဝင်ကြသည်။ အလားတူ စာအုပ်များရွေးချယ်ရေးတာဝန်ကိုလည်း သခင်သန်းထွန်းက ယူခဲ့လေသည်။

သခင်သန်းထွန်းသည် ဆင်းရဲသဖြင့် တက္ကသိုလ်သို့မတက်ရောက်နိုင်ခဲ့သော်လည်း တက္ကသိုလ်ကျောင်းသားများဖြစ်သည့် သခင်နု၊ ကိုအောင်ဆန်းတို့နှင့်အတူ တို့ဗမာအစည်းအရုံးမှ ပေးအပ်သည့်တာဝန်ကို အတူတကွ လုပ်ကိုင်သည်။

အလားတူ နဂါးနီစာအုပ်အသင်းတွင်လည်း သခင်နုနှင့်အတူ စာပေတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၎င်းအချိန်က သခင်သန်းထွန်းသည် ဦးနုနှင့် အင်မတန်ရင်းနှီးသည့် မိတ်ဆွေများဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေသည်။ တစ်ခါက သခင်နုသည် သခင်သန်းထွန်းအား **"မင်းက ဗမာပြည်ရဲ့ လီနင် ဖြစ်မယ့်လူ။ ငါကတော့ မင်းရဲ့ မက်စင်းဂေါ်ကီ"** ဟု ပြောခဲ့ဖူးသည်။

တစ်ချိန်က သခင်သန်းထွန်း၊ သခင်စိုးနှင့် သခင်သိန်းဖေ တို့သည် ကွန်မြူနစ်ဝါဒကို ယုံကြည်သူများ ဖြစ်ကြသည်။ ထို အထဲတွင် သခင်စိုးက မြန်မာနိုင်ငံ၏ ကွန်မြူနစ်လူငယ်များ အနက် မိမိကိုယ်ကို ယုံကြည်လွန်းသူ ဖြစ်သည်။

သခင်သန်းထွန်းသည် မိတ်ဆွေများကို အကူအညီပေးဖို့ သာ စဉ်းစားသည်။ ၎င်းသည် နိုင်ငံတစ်ဝန်း ကျောင်းသားလှုပ် ရှားမှုနှင့် ဆက်သွယ်သည့် တာဝန်များကို သခင်သိန်းဖေ(မြင့်) နှင့်အတူ ဆောင်ရွက်သည်။ အလားတူ သခင်အောင်ဆန်း၊ သခင် လှဖေတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်သည်။ နဂါးနီစာအုပ် အသင်းသည် ဒုတိယကမ္ဘာစစ်မတိုင်မီ စာအုပ်ပေါင်း(၇၀)ကျော် ထုတ်ဝေခဲ့သည်။

ဝမ်းသာစရာ ကောင်းသည်မှာ နဂါးနီစာအုပ်တိုက်မှထွက် သည့် စာအုပ်များသည် အလွန်ပင် ရောင်းအားကောင်းနေသည်။ ပထမဦးစွာ နဂါးနီစာအုပ်အသင်း၏ ဥက္ကဋ္ဌမှာ သခင်နု ဖြစ်သည်။ နောက်ပိုင်းတွင် ဦးအုန်းခင်က ဆောင်ရွက်သည်။

အသင်းမှထုတ်ဝေသည့် စာအုပ်များမှာ ခေတ်ပြိုင်နိုင်ငံရေး စာပေများဖြစ်သည်။ လူကြိုက်များသည့် စာအုပ်များအနက် နှစ် အုပ်မှာ ဂွန်စထရက်ချိစ် **(ဆိုရှယ်လစ်သဘောတရားနှင့်လက်တွေ့)** နှင့် ကမ္ဘာ့နိုင်ငံရေးစာအုပ်များ ဖြစ်ကြသည်။ စာဖတ်သူများသည်

www.burmeseclassic.com

www.burmeseclassic.com



နဂါးနီစာအုပ်မှ ထုတ်ဝေသည့် စာအုပ်များကို စောင့်မျှော်၍ ဖတ်ကြလေ့ရှိသည်။

ဘယ်လိုပင်ဖြစ်ပေမယ့် စာအုပ်အသင်းက စာအုပ်များကို စောင့်ဖတ်ရသည့် ပရိသတ် အခိုင်အမာရလာသည်။ သခင်သန်းထွန်းအတွက် မျက်နှာတွေ ရလာသည်။

□

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းနှင့် တို့ဗမာအစည်းအရုံး

နိုင်ငံရေးလောကတွင်လည်း သခင်သန်းထွန်း ဆိုတာကို လူသိများလာသည်။ သခင်သန်းထွန်းသည် လုပ်ချင်တာတွေကို ရှေ့နောက်မစဉ်းစား အကုန်လုပ်တတ်လေသည်။

ထို့ကြောင့် သခင်သန်းထွန်းသည် ၁၉၃၈–ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ရန်ကုန်စီရင်စု တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံရလေသည်။ ထို့နောက် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသွားသည့်အခါ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဦးဆောင်သည့် တို့ဗမာအစည်းအရုံး၌ ဌာနချုပ်အလုပ်အမှုဆောင် လယ်သမားဌာန တာဝန်ခံအဖြစ် ရွေးချယ်တာဝန်ပေးခြင်းကို ခံရသည်။

သခင်သန်းထွန်းသည် ပေးအပ်သည့်တာဝန်များကို ငြင်းဆိုခြင်းမရှိ အားလုံးကို လက်ခံပြီး တာဝန်များကို ဆက်လက်လုပ်ဆောင်ကြသည်။ သခင်သန်းထွန်းသည် တစ်ခါက တောင်သူလယ်သမားအဖွဲ့များ စတင်စည်းရုံးဆဲကာလတွင် ဗမာပြည်အလယ်ပိုင်းဖြစ်သည့် ရွှေကျင်၊ တောင်ငူ၊ ကညွတ်ကင်း၊ ညောင်လေးပင်၊ ပဲခူး၊ ဝေါမြို့များနှင့် ရခိုင်ပြည်နယ်တို့တွင် ရေဘေး၊ လေဘေး စသည့် သဘာဝကပ်ဆိုးများ ဖြစ်ပွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းသဘာဝကပ်ဆိုးများကြောင့် လယ်သမားများသည် လယ်ကေများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထိုအခါ တို့ဗမာအစည်းအရုံးဝင်ဖြစ်သည့် သခင်သန်းထွန်းသည် တို့ဗမာအစည်းအရုံး ဌာနချုပ်၌ ကျင်းပသည့် အဖွဲ့ပေါင်းစုံပါဝင်သည့် ရေဘေး၊ လေဘေး၊ ဒုက္ခသည်များကိုကယ်ဆယ်ရေး အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးမှာ သခင်လေးမောင်၊ သခင်စံထွန်းလှနှင့် ရခိုင်အမျိုးသား ဦးဘိုမြတို့နှင့်အတူ ဒုက္ခသည်များအတွက် အထူးကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့လေသည်။ ထို့ကြောင့် ၁၉၃၉–ခုနှစ် ဇန်နဝါရီလ(၉)ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံး အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရပြီး ထိုနေ့မှာပင် ကျင်းပသည့် ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံး၌ နိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖြစ် ထပ်မံအရွေးချယ် ခံရလေသည်။

သူသည် နယူးဘားမား အင်္ဂလိပ်သတင်းစာနှင့် ဘုံဘေးမြို့ထုတ် ကွန်ဂရက်ဆိုရှယ်လစ်တို့တွင် သခင်လူငယ်များနှင့် နိုင်ငံရေးလုပ်ရှားမှု အုပ်ချုပ်ရေးသစ်နှင့် ပတ်သက်သည့် ဆောင်းပါးများ ရေးသားခဲ့သည်။ သူ၏ဂျာနယ်သတင်းမှာ အင်္ဂလိပ်–မြန်မာနှစ်ဘာသာလုံးဖြင့် စာဖတ်မြန်၍ စာနှံ့သူ၊ စာရေးကောင်းသူ၊ ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သူအဖြစ် ကျော်ကြားလေသည်။

ဆင်းရဲသဖြင့် တက္ကသိုလ်မတက်နိုင်သော်လည်း အိန္ဒိယနှင့် အင်္ဂလန်ရှိ လက်ဝဲစာပေထုတ်ဝေရေး စာအုပ်တိုက်ဒေသဝန်ခံများ၊ အင်္ဂလန်လေဘာပါတီအမတ်များ၊ ကျောင်းသားသမဂ္ဂများ၊

www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲဝါဒီများနှင့် စာပေးစာယူ ဆက်သွယ်ခဲ့သည်။ ၎င်းသည် တတ်နိုင်သည့် ကာယစွမ်းအား၊ ဉာဏစွမ်းအားတို့ဖြင့် တိုင်းပြည်အား အကျိုးပြုနိုင်အောင် ကြိုးစားခဲ့သူဖြစ်သည်။

□

www.burmeseclassic.com

www.burmeseclassic.com



# ရေနံမြေသပိတ်နှင့် သခင်သန်းထွန်း

သခင်သန်းထွန်းနှင့် ပတ်သက်တာတွေထဲက နောက်တစ်ခုကို တင်ပြချင်ပါသည်။ အကြောင်းအရာမှာ ရေနံမြေသပိတ် (သို့မဟုတ်) ၁၃၀၀ ပြည့်အရေးတော်ပုံဖြစ်သည်။ ၎င်းသပိတ်အရေးတော်ပုံ အရင်ဖြစ်ပေါ်ခဲ့တာတွေလည်း ရှိခဲ့သည်။

အကြောင်းမှာ ရေနံသပိတ်သည် ၁၉၂၁ ခုနှစ် သန်လျင်ဘီအိုစီရေနံချက်စက်ရုံ အလုပ်သမားသပိတ်။ ၁၉၂၃–ခုနှစ် ရေနံချောင်းဘီအိုစီ အလုပ်သမားသပိတ်။ ၁၉၂၄–ခုနှစ် ရန်ကုန်ဆိပ်ကမ်း ကုန်တင်ကုန်ချလုပ်သားဘုသပိတ်။ ၁၉၂၅–ခုနှစ် ရေဝတီမီးသင်္ဘောကုမ္ပဏီ လုပ်သားအမှုထမ်းသပိတ်တို့ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်းတွင် ယခုဖြစ်ပွားသည့် ရေနံသပိတ်သည် အင်အားအကြီးဆုံး သပိတ်ကြီး။ တစ်နည်းပြောရရင် အလုပ်သမားသပိတ်ကြီး ဖြစ်နေသည်။

၎င်းသပိတ်ကြီးတွင် အလုပ်သမားများသာမက ကျောင်းသားများ၊ နိုင်ငံရေးသမားများ၊ ရဟန်းသံဃာတော်များ၊ ပြည်သူလူထုများပါ ပါဝင်ဆင်နွှဲခဲ့သဖြင့် ရေနံမြေသပိတ်မှာ ၁၃၀၀ ပြည့်အရေးတော်ပုံ ဖြစ်လာခဲ့သည်။ ထိုရေနံမြေသပိတ် ဖြစ်လာခြင်း၏ အဓိကအကြောင်းရင်းမှာ မော်တော်ကား စက်ပြင်ဆရာ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားခေါင်းဆောင် သခင်ခင်အား ခွင့်မဲ့ပျက်ကွက်ခြင်းနှင့် ပတ်သက်ပြီး ကုမ္ပဏီက အလုပ်ထုတ်ပစ်ခြင်း ဖြစ်သည်။

အကြောင်းမှာ၊ သခင်ခင်သည် တို့ဗမာအစည်းအရုံးဝင် တစ်ယောက် ဖြစ်ခဲ့သည်။ အလားတူ တို့ဗမာအစည်းအရုံးမှ နာယကကြီး သခင်ကိုယ်တော်မှိုင်းနှင့် သခင်လေးမောင်တို့သည် ရန်ကုန်အလုပ်သမားအမတ် ဦးဘလှိုင်(လွယ်အိတ်)တို့ အလုပ်သမားပြဿနာများ ဖြေရှင်းရန်အတွက် ရေနံချောင်းမြို့သို့ ရောက်ရှိလာချိန်တွင် ဆရာကြီးတို့ကို ကြိုဆိုရန်အတွက် ချောက်အလုပ်သမားအစည်းအရုံးက သခင်ခင်ကို တာဝန်ပေးခဲ့သည်။

ထိုအခါ သခင်ခင်သည် ဆရာကြီးတို့ကို ကြိုဆိုရန် ဘီအိုစီကုမ္ပဏီကို ၁၉၃၈–ခုနှစ် ဇန်နဝါရီလ(၆)ရက်နှင့်(၇)ရက်နေ့အတွက် ခွင့်နှစ်ရက်တောင်းရာ ကုမ္ပဏီက ခွင့်တစ်ရက်သာ ပေးခဲ့သည်။ သို့သော် သခင်ခင်သည် ခွင့်နှစ်ရက်ယူခဲ့သဖြင့် ကုမ္ပဏီက ခွင့်တစ်ရက် ပျက်ကွက်သည်ဟုဆိုကာ အလုပ်ထုတ်ပစ်ခဲ့သည်။

အလုပ်သမားခေါင်းဆောင် သခင်ခင်အား အလုပ်ပျက်ခြင်းနှင့် ပတ်သက်၍ အမျိုးမျိုး ဖိနှိပ်ခြင်းခံရသည်။ ရေနံမြေ အလုပ်သမားများသည် မကျေမနပ်ဖြစ်ကာ သပိတ်မှောက်ကြလေသည်။ ၎င်းသပိတ်အလုပ်သမားများသည် လိုအပ်သည့်တောင်းဆိုချက်(၂၁)ရပ်ကို တောင်းဆိုကြသည်။

ထို့ကြောင့် သပိတ်ကြီးသည် ချက်ချင်းပင် တစ်နိုင်ငံလုံးကို ကူးစက်ပျံ့နှံ့သွားလေသည်။ အလားတူ ၁၉၃၈–ခုနှစ် နိုဝင်ဘာလ(၃၀)ရက် ဗုဒ္ဓဟူးနေ့တွင် အာဏာဝကသခင်ဖိုးလှကြီး ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်သည့် သပိတ်ကြီးသည် မိုင်(၄၀၀)ခန့် ရှည်လျားသည့် ရန်ကုန်မြို့ကို ချီတက်လာခဲ့ကြလေသည်။

၎င်းချီတက်ရာတွင် သခင်သန်းထွန်း ရေနံမြေအလုပ်သမားများကို အကူအညီပေးရန်အတွက် အာဏာနည်းဗိုလ်စာရင်း ကောက်ခံသည့် ကြေညာချက်ကို ရန်ကုန်စီရင်စု တို့ဗမာအစည်းအရုံးမှ သခင်စံထွန်းလှ၊ သခင်အလုပ်သမားအစည်းအရုံးမှ သခင်လှိုင်တို့နှင့်အတူ ဗဟိုတို့ဗမာအစည်းအရုံး တာဝန်ခံအဖြစ် လက်မှတ်ရေးထိုးပြီး ၁၉၃၈–ခုနှစ် ဒီဇင်ဘာလ(၆)ရက်နေ့တွင် ထုတ်ပြန်ခဲ့လေသည်။

ထို့နောက် သခင်သန်းထွန်းကို ဒီဇင်ဘာလ(၇)ရက်နေ့ ရွှေတိဂုံစေတီတော် ဦးဘရီဇရပ်၌ ကျင်းပသည့် နိုင်ငံရေးပိုထားပေါင်းစုံ၊ အသင်းအဖွဲ့ပေါင်းစုံ အစည်းအဝေးက သပိတ်မှောက်အလုပ်သမား၊ လယ်သမားကြိုဆိုရေးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် တာဝန်ပေးလိုက်သည်။ ၎င်းအချိန်က ဥက္ကဋ္ဌမှာ သခင်ထိပ်တင်ကိုယ်တော်ကြီး ဖြစ်သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းအဖမ်းခံရ

မြန်မာ့သမိုင်းတွင် ၁၃၀၀ ပြည့်အရေးတော်ပုံသည် အလွန်အမင်း ခံ့ညားထည်ဝါလွန်းလှသည်။ ယနေ့တိုင်လည်း ၁၃၀၀ ပြည့်အရေးတော်ပုံ ဆိုတာကို ပြောဆိုနေကြသည်။ တချို့ ၁၃၀၀ ပြည့်အရေးတော်ပုံကို ဆင်နွှဲခဲ့သူများ ရှိနေသေးသည်။ ၁၃၀၀ ပြည့်အရေးတော်ပုံသည် ထိုခေတ်က မြန်မာပြည်သူအများစုပါဝင် ဆင်နွှဲကြသည့် အရေးတော်ပုံဖြစ်သည်။

အင်္ဂလိပ်နယ်ချဲ့များသည် ၎င်းအရေးတော်ပုံကို မြင်တွေ့လိုက်ရသည့်အတွက် အလွန်ပင် ထိတ်လန့်တုန်လှုပ်သွားသည်။ နယ်ချဲ့များသည် ပထမအစတော့ အထင်သေးကြသည်။ မြန်မာပြည်သူတွေဟာ ၎င်းတို့ကို ကြောက်ရွံ့ထိတ်လန့်နေသည်။ ၎င်းတို့လုပ်သမျှကို ခံနေရသည်ဟု ထင်မှတ်နေသည်။

တကယ်တော့ မြန်မာပြည်သူများသည် ၎င်းတို့လုပ်သမျှကို မခံနိုင်ကြ၍ ဒေါသများ ထွက်နေကြသည်။ မြန်မာမြေမှာရှိနေကြသည့် နယ်ချဲ့များကို အပြတ်ရှင်းပစ်ရန် စိတ်ကူးအွေ့ရှိလာကြသည်။ ထို့ကြောင့် ၁၃၀၀ ပြည့်အရေးတော်ပုံတွင် ခေါင်းဆောင်များ ထွက်ပေါ်လာကြသည်။ ... အများအပြား ထွက်လာကြသည်။ ထိုချိန်က သခင်များဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်များ၊ ပြည်သူများ၊ ရဟန်းသံဃာများ၊ ကျောင်းသားကျောင်းသူများ ပါဝင်ဆင်နွှဲကြသည်။ ပါဝင်ဆင်နွှဲကြသူအပေါင်းများကို ကြိုဆိုရန် သခင်သန်းထွန်းက တာဝန်အပေးခံခဲ့ရသည်။

သခင်သန်းထွန်းသည် အားလုံးကိုကြိုဆိုပြီးနောက် ၁၉၃၉–ခုနှစ် ဇန်နဝါရီလ(၉)ရက် ညနေ(၃)နာရီ အချိန်တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယံရှိ သပိတ်အောင်မြေ ကွက်လပ်ကြီး၌ ပထမဆုံး ပြည်လုံးကျွတ် အလုပ်သမားညီလာခံကြီးကို ကျင်းပခဲ့သည်။

၎င်းညီလာခံတွင် သခင်သန်းထွန်းက ရဲရဲတောက်မိန့်ခွန်းပြောကြားခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့အစိုးရသည် ၁၃၀၀ ပြည့်အရေးတော်ပုံတွင် ပါဝင်လှုပ်ရှားကြသည်။ ခေါင်းဆောင်များကို ဖမ်းဆီးရန် ကြိုးစားလာကြသည်။

၎င်းတို့ကို ဖမ်းဆီးချုပ်နှောင်ထားလိုက်လျှင် အရေးတော်ပုံကြီး ပျက်ပြယ်သွားမည်ဟု ထင်မှတ်နေကြသည်။

ထို့အတွက်ကြောင့် ၁၉၃၉–ခုနှစ် ဇန်နဝါရီလ(၂၃)ရက်နေ့ နံနက်(၄)နာရီခန့်တွင် ရွှေတိဂုံစေတီတော်တောင်ဘက်စောင်းတန်းရှိ တို့ဗမာအစည်းအရုံး တည်ရှိရာဌာန မော်လမြိုင်ဇရပ်ကို ပုလိပ်များ ရောက်ရှိလာပြီး ၎င်းတို့ကို ဖမ်းဆီးလိုက်ကြသည်။

ဖမ်းဆီးခံရသူများထဲမှာ သခင်သန်းထွန်းနှင့်အတူ ဥက္ကဋ္ဌ သခင်ထိပ်တင်ကိုယ်တော်ကြီး၊ သခင်အောင်ဆန်း၊ သခင်နုတို့နှင့်အတူ အခြားခေါင်းဆောင် အများအပြားကို ရန်ကုန်မြို့တော် အရေးပေါ်လုံခြုံရေး အက်ဥပဒေနှင့် ဖမ်းလိုက်ကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ၚင်းတို့ကို ဖမ်းဆီးလိုက်၍ အရေးတော်ပုံက ပြီးသွားပြီဟု သတ်မှတ်ထားကြပေမယ့် လက်တွေ့မှာတော့ အရေးတော်ပုံပွဲက ပျက်စီးသွားခြင်းမရှိ၊ ဆက်လက်ဆင်နွှဲနေကြပေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းနှင့် ကွန်မြူနစ်ပါတီ

နယ်ချဲ့အင်္ဂလိပ်တွေက ဘယ်လိုပင် ဖိနှိပ်ချုပ်ချယ်ကြပေမယ့် နိုင်ငံရေးသမားတွေကတော့ အစိုးရကို တွန်းလှန်ရန် ဆန္ဒများစောလွန်းနေသည်။ ထို့ကြောင့် သခင်သန်းထွန်းသည် ဇန်နဝါရီလ(၂၃)ရက်နေ့တွင် အဖမ်းခံရသော်လည်း ဇန်နဝါရီလ(၂၈)ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာခဲ့လေသည်။

သခင်သန်းထွန်းသည် နယ်ချဲ့များကို တိုက်ထုတ်ပြီး မြန်မာ့လွတ်လပ်ရေးအတွက် စဉ်ဆက်မပြတ် လှုပ်ရှားနေသည်။ ထို့ကြောင့် ၁၉၃၉–ခုနှစ် မတ်လ(၁၉)ရက်နေ့တွင် ကျင်းပသည့် ရန်ကုန်စီရင်စု တို့ဗမာအစည်းအရုံး နှစ်ပတ်လည်ညီလာခံက ၎င်းအား စီရင်စုအထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်ခံရသည်။

၎င်းသည် နယ်ချဲ့တို့၏ လက်အောက်မှ လွတ်မြောက်ရေးနှင့် မြန်မာပြည်သူ၊ ပြည်သားများ အကျိုးရှိရေးအတွက် မကြောက်မရွံ့ ဆောင်ရွက်နေသူလည်းဖြစ်သည်။ အင်အားကြီးမားသည့် နယ်ချဲ့အစိုးရကို တွန်းလှန်တိုက်ခိုက်ရန်ဖြစ်သည်။

ထို့ကြောင့် သခင်သန်းထွန်းကို ဝါရင့်နိုင်ငံရေးသမားများ ခေါင်းဆောင်များက သဘောကျနှစ်သက်ကြသည်။ ဗိုလ်ကြည်အား

www.burmeseclassic.com

www.burmeseclassic.com



ကိုးရသည့် မျိုးချစ်စိတ် ပြင်းထန်သည့် နိုင်ငံရေးသမားတစ်ယောက်ဟု သတ်မှတ်ကြသည်။ အလားတူ မြန်မာ့လွတ်လပ်ရေးအတွက် လှုံ့ဆော်ကြိုးစားနေသည့် တို့ဗမာအစည်းအရုံးမှ သခင်ခေါင်းဆောင်များသည် ၁၉၃၉–ခုနှစ် ဧပြီလတွင် ကျင်းပသည့် မော်လမြိုင်မြို့ စတုတ္ထအကြိမ် တို့ဗမာညီလာခံမှာ သခင်သန်းထွန်းအား တို့ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့ဝင် ဌာနချုပ်အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခဲ့သည်။

ထို့အပြင် ၎င်း၏အရည်အချင်းနှင့် လုပ်ဆောင်ချက်များကို လက်ခံယုံကြည်ကြသည်။ အလားတူ ၁၉၃၉–ခုနှစ် ဇူလိုင်လ (၁၀)ရက်နေ့တွင် တို့ဗမာအစည်းအရုံး တောင်သူလယ်သမားဌာန အတွင်းရေးမှူးအဖြစ် ဆက်လက်တာဝန်ပေးအပ်ခံရသည်။

အလားတူ ၁၉၃၉–ခုနှစ် ဩဂုတ်လ (၁၅)ရက်နေ့သို့ အရောက်တွင် တို့ဗမာအစည်းအရုံး ခေါင်းဆောင်များ ဖြစ်ကြသည့် သခင်အောင်ဆန်း၊ သခင်လှဖေ(ဗိုလ်လက်ျာ)၊ သခင်စိုး၊ သခင်ဗဟိန်း၊ သခင်ဘတင်(ခ)မစ္စတာဂိုရှယ်တို့က ကွန်မြူနစ်ပါတီကို လှုံ့ဆော်ဖွဲ့စည်းလိုက်လေသည်။

ပါတီဖွဲ့စည်းသည့်နေရာသည် မြေနီကုန်း၊ မြေနုလမ်းရှိ သခင်ဗဟိန်း၏ နေအိမ်တွင်ဖြစ်ပြီး ဖောင်ဒါငါးဦးဟု မှတ်ချက်ပေးကြသည်။ အစပထမဆုံးမှာ သခင်သန်းထွန်း ပါမလာသည်မှာ တို့ဗမာအစည်းအရုံး အမှုဆောင်တစ်ဦးအဖြစ် မအားမလပ်နိုင်သည့်အတွက် မပါဝင်နိုင်အောင် လှလှပပ ငြင်းဆိုခဲ့လေသည်။ နောက်ပိုင်းတွင် သခင်သန်းထွန်း ပါဝင်လာခဲ့လေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## ထွက်ရပ်ဂိုဏ်းနှင့် သခင်သန်းထွန်း

အဖွဲ့အစည်းအတွင်းကို ဝင်ရောက်ရတာကို အလွန်နှစ်သက်သည့် သခင်သန်းထွန်းက ထပ်မံဝင်ရောက်ရန် ဆန္ဒတွေရှိလာခဲ့သည်။ ထိုအချိန်တွင် ဗမာထွက်ရပ်ဂိုဏ်းတစ်မျိုး ထွက်ပေါ်လာခဲ့လေသည်။ ဗမာထွက်ရပ်ဂိုဏ်းဆိုသည့်အတွက် မြန်မာနိုင်ငံသားများအနေနှင့် သူတော်စင်အလုပ်ကို လုပ်ဆောင်သည့် အဖွဲ့အစည်းတစ်မျိုးဟု ထင်မှတ်နေကြသည်။

ဗုဒ္ဓဘာသာ ကိုးကွယ်သူများသည် တရားအားထုတ်ကြရင် ထွက်ရပ်ပေါက်သည်ဟု ဂုဏ်ယူစွာပြောဆိုကြသည်။ အလားတူ ထွက်ရပ်ပေါက်သူတစ်ယောက် ဖြစ်ဖို့ဆိုတာ အလွန်ပင်ခက်ခဲလှသည်။ ကျင့်အားကောင်း၍ ထွက်ရပ်ပေါက်သူတွေဟာ အလွန်ပင်တန်ဖိုးရှိပြီး လေးစားမှု အခံရဆုံးသူများဖြစ်သည်။

ယခုထွက်ရပ်ဂိုဏ်းသည် သူတော်စင်မဟုတ် နိုင်ငံရေးအတွက် ဖွဲ့စည်းလိုက်သည့်ဂိုဏ်းဖြစ်သည်။

ထို့ကြောင့် ဗမာ့ထွက်ရပ်ဂိုဏ်းသည် တို့ဗမာအစည်းအရုံးမှ မြန်မာ့လွတ်လပ်ရေးကို မြတ်နိုးသူအားလုံး ပါဝင်သည့်အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းရန် ၁၉၃၉–ခုနှစ် စက်တင်ဘာလ(၁)ရက်နေ့တွင် ဆုံးဖြတ်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငင်းအချိန်က ဒေါက်တာဘမော် နန်းရင်းဝန်ရာထူးမှပြုတ်ကျသွားသည့်အချိန် ဖြစ်သည်။ အလားတူ ဗမာ့ထွက်ရပ်ဂိုဏ်းတွင် တို့ဗမာအစည်းအရုံး ဒေါက်တာဘမော်၏ ဆင်းရဲသားဝံသာနုအဖွဲ့၊ ငါးပွင့်ဆိုင် နေပြည်တော်(မန္တလေး)တို့ ပါဝင်လာခဲ့ကြသည်။ ထိုအခါ သခင်သန်းထွန်းသည် တို့ဗမာအစည်းအရုံး၌ (၁) ကိုယ့်မင်းကိုယ့်ချင်းအစိုးရ၊ (၂) ဗမာ့နိုင်ငံရေးသမိုင်း၊ (၃) ဌာနချုပ်တို့ဗမာအစည်းအရုံး၏ လုပ်ငန်းစဉ်နှင့် နည်းပရိယာယ်များ၊ (၄) နိုင်ငံတကာရေးရာအခြေအနေ စသည့် နိုင်ငံရေးသင်တန်းများကို စက်တင်ဘာလ(၉)ရက်နေ့မှ (၁၅)ရက်နေ့အထိ ပို့ချပြီးသည့်နောက် ၁၉၃၉–ခုနှစ် အောက်တိုဘာလ(၁၇)ရက်နေ့တွင် တရားဝင်ဖွဲ့စည်းခဲ့သည့် ဗမာ့ထွက်ရပ်ဂိုဏ်းတွင် အလုပ်အမှုဆောင်အဖြစ် ပါဝင်ခဲ့လေသည်။

ငင်းအချိန်မှာ ဗမာထွက်ရပ်ဂိုဏ်း၏ဥက္ကဋ္ဌမှာ ဒေါက်တာဘမော် ဖြစ်ပြီး အတွင်းရေးမှူးမှာ သခင်အောင်ဆန်း ဖြစ်သည်။ သခင်နုနှင့် သခင်သန်းထွန်းတို့သည် ဒေါက်တာဘမော်၏ ရင်းနှီးသူများ ဖြစ်ကြသည်။ ထို့ကြောင့် ဗမာထွက်ရပ်ဂိုဏ်း အဆိုပြုချက်ကြောင့် မဟာမိတ်ထဲတွင် နန်းရင်းဝန်ဟောင်း ဒေါက်တာဘမော် ပါဝင်လာရခြင်းမှာ သခင်နု၊ သခင်သန်းထွန်းတို့ကြောင့် ဖြစ်သည်။

အလားတူ တို့ဗမာအစည်းအရုံးနှင့် ဗမာ့ထွက်ရပ်ဂိုဏ်း၏ ဗဟိုအလုပ်အမှုဆောင်များ အဖွဲ့ဝင်များသည် နိုင်ငံရေးသမားစစ်စစ်တွေဖြစ်သည်။ ငင်းအဖွဲ့တွင် တို့ဗမာအစည်းအရုံးက များဆုံးဖြစ်ပြီး ဒုတိယကတော့ ဒေါက်တာဘမော်၏(၅)ယောက်၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသိန်းမောင်"ငါးပွင့်ဆိုင်အဖွဲ့" (၂)ယောက်၊ ဆင်းရဲသား၊ ဝံသာနုအဖွဲ့၊ ကရင်အမျိုးသားအဖွဲ့၊ နေပြည်တော်အဖွဲ့၊ ကရင်အမျိုးသားအမှုဆောင်အဖွဲ့ဝင်မှ နိုင်ငံရေးသမားတွေ ပါဝင်လာကြလေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံရေးသမားများ အဖမ်းခံကြရ

မြန်မာနိုင်ငံမှ နိုင်ငံရေးအဖွဲ့အစည်းမှန်သမျှ သခင်သန်းထွန်း အကုန်ဝင်ရောက်ထားသည်။ အဖွဲ့အစည်းမှန်သမျှမှာလည်း သခင်သန်းထွန်း၏ နာမည်က ပါနေသည်။ အလားတူ အစည်းအဝေးမှန်သမျှကိုလည်း တက်ရောက်ခဲ့သည်။ ၎င်းတက်ရောက်သည့်အစည်းအဝေးမှာ အိန္ဒိယနိုင်ငံတွင် ကျင်းသည့် ရမ်းဂါးညီလာခံလည်း ပါဝင်သည်။

*၎င်းအစည်းအဝေးကို ၁၉၄၀-ပြည့်နှစ် မတ်လ(၂၉)ရက်နေ့* တွင် အိန္ဒိယနိုင်ငံ၊ ရမ်းဂါးမြို့၌ ကျင်းပသည့် ရမ်းဂါးညီလာခံ ဖြစ်သည်။ ထိုညီလာခံကို သခင်အောင်ဆန်း၊ သခင်သန်းထွန်းတို့ ဦးဆောင်သည့် အလုပ်အမှုဆောင်အဖွဲ့များ တက်ရောက်ခဲ့သည်။ ညီလာခံတွင် ကွန်ဂရက်ခေါင်းဆောင် နေရူးနှင့်လည်း တွေ့ဆုံပြီး နိုင်ငံရေးများကို ဆွေးနွေးခဲ့ကြသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် ၎င်းအစည်းအဝေးပွဲ တက်ရောက်ခဲ့သည့် သခင်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့အပေါ် မကျေနပ်မှုတွေ ဖြစ်ပေါ်လာခဲ့သည်။ ၎င်းတို့ကိုလည်း ဖမ်းဆီးထောင်ချရန် အခြေအနေကို စောင့်ကြည့်နေကြသည်။ သခင်အောင်ဆန်းက တော့ ထောင်အကျခံလျှင် လွတ်လပ်ရေး အရနှောက်ကျမှာစိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com



၍ အဖမ်းမခံ ပုံစံပြောင်း၍ တရုတ်နိုင်ငံကို ထွက်ပြေးခဲ့သည်။ တရုတ်မှ ဂျပန်ကို ထွက်ခဲ့သည်။

သခင်သန်းထွန်းက အဖမ်းခံရပြန်သည်။ အကြောင်းမှာ သခင်သန်းထွန်းတို့သည် အိန္ဒိယကွန်ဂရက်မှ မေလ(၁)ရက်နေ့တွင် ပြန်ရောက်ပြီးနောက် မေလ(၁၅)ရက်နေ့တွင် ဌာနချုပ် တောင်သူလယ်သမားဌာန အတွင်းရေးမှူးအဖြစ် ခန့်အပ်ခြင်းခံရသည်။ သို့သော် သခင်သန်းထွန်းသည် နိုင်ငံရေးကို အင်တိုက်အားတိုက် မလုပ်နိုင်ခဲ့အောင် ဖြစ်ခဲ့သည်။

အကြောင်းမှာ အင်္ဂလိပ်အစိုးရသည် ၎င်းတို့ကို ပြန်လည်တော်လှန်ရန် ကြိုးစားနေသည့် တို့ဗမာအစည်းအရုံးမှ သခင်များကို ၁၉၄၀–ပြည့်နှစ် ဇွန်လနှင့် ဇူလိုင်လများတွင် စတင်ဖမ်းဆီးလာခဲ့ကြသည်။ ၎င်းအထဲတွင် သခင်သန်းထွန်းသည် ကာကွယ်ရေးပုဒ်မဖြင့် တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ သခင်လေးမောင်နှင့်အတူ ဖမ်းဆီးခံခဲ့ရသည်။

သို့သော် သခင်သန်းထွန်းသည် ကံကောင်းစွာနှင့် ထောင်ထဲတွင် ကြာကြာမနေခဲ့ရ။ အကြောင်းမှာ သခင်နုနှင့် နဂါးနီ ပုံနှိပ်တိုက် ဦးမောင်မောင်တို့၏ အာမခံပေးမှုကြောင့် ပြန်လည်လွတ်မြောက်လာခဲ့ရသည်။

သခင်သန်းထွန်း ထောင်ကထွက်လာသည့် အတွက်ကြောင့် ကံကောင်းသည်ဟု ပြောခဲ့ပေမယ့် ကံဆိုးမှုတွေက များစွာရှိနေကြပေသည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် နိုင်ငံရေးသမားများ ထွက်ပေါ်လာမှာစိုးရိမ်သလို နိုင်ငံရေးသမားများ မလုပ်ရဲအောင် ဝညာပေးသည့်အနေဖြင့် နိုင်ငံရေးသမားတွေ လိုက်၍ဖမ်းဆီးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့အင်္ဂလိပ်တို့သည် သခင်သန်းထွန်းကို ဖမ်းဆီးပြီး မြောင်းမြကို ပို့လိုက်သည်။ မြောင်းမြကို ရောက်ရှိလာသည့် သခင်သန်းထွန်းကို မြောင်းမြတရားရုံးက အလုပ်ကြမ်းနှင့်ထောင်ဒဏ်(၂)နှစ် ချမှတ်ခဲ့သည်။ ယခုထောင်အကျခံရသည်မှာ သခင်သန်းထွန်း တစ်ယောက်တည်းမဟုတ်။ သခင်သန်းထွန်းကို အာမခံပေးခဲ့သူ သခင်နုနှင့်အတူ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ အဖမ်းခံရ၍ သခင်အောင်ဆန်း တစ်ယောက်သာ လွတ်မြောက်ခဲ့လေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## အင်းစိန်စစ်တမ်းနှင့် သခင်သန်းထွန်း

သခင်သန်းထွန်းကို ထောင်ကျနေချိန်တွင် သခင်မြကဦးစီးပြီးမြေအောက်ပြည်သူ့အရေးတော်ပုံပါတီဝင်များက ကြိုးစားခဲ့ကြလေသည်။ အောင်မြင်မှုအနေနှင့် သခင်အောင်ဆန်းနှင့် သခင်ကျော်စိန်တို့ တရုတ်နိုင်ငံကို ထွက်ခွာသွားကြသည်။ ဗမာနိုင်ငံရေးသမားများသည် သခင်အောင်ဆန်းတို့ ကောင်းစွာလုပ်နိုင်ပြီဟု သတ်မှတ်နေကြသည်။

သခင်အောင်ဆန်းက ဘယ်လိုပင် လုပ်ဆောင်နိုင်ပေမယ့် သခင်သန်းထွန်းကတော့ အင်းစိန်ထောင်ကြီးအတွင်းမှာပင် ထောင်အကျခံနေရသည်။ ထောင်ကျနေသည့် သခင်သန်းထွန်းတို့သည် ထောင်အတွင်း အေးအေးဆေးဆေးမနေ ထောင်အတွင်းမှာ နိုင်ငံရေးသင်တန်းများ မာ့က်ဝါဒများကို ပို့ချသင်ကြားပေးကြသည်။

၎င်းတို့ ဤကဲ့သို့ သင်တန်းပို့ချနေစဉ် ဂျာမနီက ရုရှားကို ဝင်တိုက်ရာ ကမ္ဘာစစ်ကြီး ဖြစ်လာမှာကို နိုင်ငံတွေက စိုးရိမ်နေကြောင်း ဖြစ်နေကြသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ အင်းစိန်ထောင်အတွင်း၌ ရှိနေသည့် သခင်သန်းထွန်းသည် သခင်လေးမောင်၊ သခင်စိုး၊ သခင်ကျော်စိန်၊ သခင်လှဘော်၊ သခင်နုတို့နှင့် ဆွေးနွေးတိုင်ပင်ကာ နာဇီဖက်ဆစ်တိုက်သူတိုင်း မဟာမိတ်ဖြစ်ရမည်။ မဟာမိတ်

www.burmeseclassic.com

www.burmeseclassic.com



တို့နှင့်ပူးပေါင်း၍ ဖက်ဆစ်တို့ကို ဆန့်ကျင်ရမည်ဟူသည့် အင်းစိန် စစ်တမ်းကို ထုတ်ပြန်ခဲ့သည်။ ၎င်းအချိန်တွင် ထောင်ကျသွား သည့် သခင်များကြောင့် နှစ်ဖွဲ့ကွဲနေသည့် တို့ဗမာအစည်းအရုံး အဖွဲ့သည် ထောင်ထဲတွင် ပြန်လည်ညီညွတ်နေချိန်ဖြစ်သည်။

မြန်မာနိုင်ငံအတွက် အလှည့်အပြောင်းများဟု သတ်မှတ်နေ ကြသည်။ ၁၉၄၁–ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်ဝင်များက မြန်မာနိုင်ငံရှိ နယ်ချဲ့များကို တိုက်နေ သည့် ဗိုလ်ချုပ်အောင်ဆန်းတို့ကို ရဲဘော်သုံးကျိပ်ဟု လူအသိများ ကြလေသည်။

ဗမာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေကြသည်။ ဗမာ့ တပ်မတော်ကို ပြည်သူများက လေးစားကြသည်။ ၎င်းတို့ မုန်းတီး နေသည့် ပြည်သူများက နယ်ချဲ့တွေကို လိုက်ပါတိုက်ထုတ်နေ သည်။ ဗမာနိုင်ငံသူ နိုင်ငံသားများက လွတ်လပ်ရေးရပြီဟု ထင် မှတ်နေကြသည်။

၎င်းတိုက်ပွဲများကြောင့် ထောင်အတွင်းမှာ ရောက်ရှိနေ သည့် သခင်သန်းထွန်းတို့ ထောင်အတွင်းမှ လွတ်လာခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်များသည် အသက်ကိုလု၍ နောက်ဆုတ်ထွက်ပြေး ခဲ့ကြသည်။ မြန်မာနိုင်ငံကို ဂျပန်တွေ ဝင်ရောက်လာခဲ့ကြလေ တော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်း အိမ်ထောင်ပြု

အင်္ဂလိပ်ခေတ် ကုန်ဆုံးသွား၍ မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီ ထင်မှတ်ပေမယ့် မြန်မာနိုင်ငံကို ဂျပန်တွေက ဆက်လက် အုပ်ချုပ်ကြပြန်သည်။ ဂျပန်များသည် အင်္ဂလိပ်တွေထက်ပို၍ ဆိုးသွမ်းနေသည်။ မြန်မာပြည်သူများသည် အင်္ဂလိပ်အစိုးရထက် ဂျပန်တွေကို ပို၍ မုန်းတီးလာကြသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ လည်း ဂျပန်တွေကို ထိန်းမနိုင်အောင် ဖြစ်နေကြသည်။

ဂျပန်များ၏ လုပ်ဆောင်ချက်များကို သခင်သန်းထွန်းတို့ ပါ လက်မခံအောင် ဖြစ်နေသည်။ ဂျပန်တွေ မြန်မာနိုင်ငံမှာ ကြာကြာနေလျှင် မြန်မာနိုင်ငံရှိအမျိုးသမီးလေးတွေအတွက် စိုးရိမ် စရာဟု ပြောဆိုမှုတွေလည်း ထွက်ပေါ်လာကြသည်။

ဂျပန်ခေတ်မှာ လွတ်လပ်ရေးတိုက်ပွဲဝင်နေသည့် သခင် သန်းထွန်းသည် အိမ်ထောင်ပြုလိုက်လေသည်။

သခင်သန်းထွန်းသည် ၁၉၄၂–ခုနှစ် အောက်တိုဘာလ(၁၁) ရက် တနင်္ဂနွေနေ့တွင် မြောင်းမြမြို့တွင် နေထိုင်သည့် ဦးဖိုးညင်၊ ဒေါ်ဖွားစုတို့၏ သားသမီးကိုးယောက်အနက် ပဉ္စမမြောက်သမီး ဒေါ်ကြင်ကြီး (ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၏အစ်မ)နှင့် လက် ထပ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ကြီးသည် သခင်သန်းထွန်းထက် အသက်(၂)နှစ်ပို ကြီးသည်။ အလားတူ ဒေါ်ခင်ကြီးသည် အိမ်ထောင်နှစ်ဆက်ဖြစ်၍ သခင်သန်းထွန်းသည် ဒုတိယအိမ်ထောင်ဖြစ်သည်။

ဒေါ်ခင်ကြီးသည် ပထမအိမ်ထောင်နှင့် သားတစ်ယောက် ထွန်းကားခဲ့လေသည်။ သား၏ နာမည်က ခင်မောင်အေး ဖြစ်သည်။ ၎င်းမှာ နောင်တွင် တပ်မတော်တွင် ဝင်ရောက်အမှုထမ်းရာ ဗိုလ်မှူးကြီးအဆင့်ထိ ထမ်းရွက်ခဲ့သည်။

ဗိုလ်မှူးကြီးခင်မောင်အေးသည် ခင်မောင်အေး(မန္တလေး) ကလောင်အမည်ဖြင့် စာပေများ ရေးသားခဲ့သူဖြစ်သည်။ လက်ရှိ လူထုခေါင်းဆောင်ဟု ခေါ်ဆိုခြင်းခံရသည့် ဒေါ်အောင်ဆန်းစုကြည် နှင့် မောင်နှမဝမ်းကွဲတော်သူလည်း ဖြစ်သည်။

ဆရာခင်မောင်အေး(မန္တလေး)သည် အလွန်သဘောကောင်း သူတစ်ဦးဖြစ်သည်။ စာရေးသူကိုယ်တိုင်ပင်ခင်မောင်အေး(မန္တလေး) ကို တွေ့ဆုံစကားပြောဖူးသည်။

ထို့အတူ သခင်သန်းထွန်းသည် နိုင်ငံရေးကို စိတ်အားထက် သန်နေသည့်အတွက် နိုင်ငံရေးကိုသာ ဂရုစိုက်နေသည်။ ထို့ကြောင့် နိုင်ငံရေးစိတ်အားထက်သန်သူတွေနှင့် မကြာခဏ စိတ်ဝမ်းကွဲ လေ့ရှိသည်။

ဘယ်လိုပင်ဖြစ်ပေမယ့် သခင်သန်းထွန်း၏ စိတ်ထဲတွင် ကွန်မြူနစ်ဝါဒကားသံမှိုစွဲသလို စွဲကပ်နေသည်။ မကျေနပ်တာတွေ့ လျှင်လည်း စဉ်းစားမနေတော့ဘဲ ချက်ချင်းပြောဆိုတတ်လေသည်။

မြန်မာနိုင်ငံသည် ထိုအချိန်က ဂျပန်တွေ၏ လက်အောက် ကို ရောက်နေသည့်အတွက် ပြည်သူတွေ ဒေါသကရောက်နေကြ

www.burmeseclassic.com

www.burmeseclassic.com



သလို နိုင်ငံရေးသမားများနှင့် နိုင်ငံရေးခေါင်းဆောင်များ စိတ်ဝမ်းကွဲနေကြရသည်။

ထိုအချိန်မှာ အဓိကကျသူက ဗိုလ်ချုပ်အောင်ဆန်း ဖြစ်နေသည်။ မြန်မာနိုင်ငံထဲကို ရောက်နေသည်။ ဂျပန်တွေကို မြန်မာနိုင်ငံက ပြန်မောင်းထုတ်ရန် ဗိုလ်ချုပ်အောင်ဆန်းဟာ အဓိကကျနေသည်။ ဂျပန်တွေကလည်း ခေသူတွေမဟုတ် သခင်သန်းထွန်းတို့လို လူတွေကို အစိုးရအဖွဲ့ထဲကို ခေါ်ထည့်ထားသည်။ ဂျပန်တွေ မြန်မာနိုင်ငံအတွင်း ဝင်ရောက်အုပ်ချုပ်နေသည်။ ၁၉၄၂ ခုနှောက်ပိုင်းတွင် ဂျပန်တွေက ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် တိုင်ပင်ပြီး အုပ်ချုပ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

ဂျပန်အစိုးရက သခင်သန်းထွန်းကို မြေယာနှင့်လယ်ယာစိုက်ပျိုးရေးတာဝန်ခံအဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ထို့နောက် ၁၉၄၃–ခုနှစ် ဩဂုတ်လ(၁)ရက်နေ့တွင် ဂျပန်ခေတ်လွတ်လပ်သော မြန်မာနိုင်ငံအစိုးရအဖွဲ့သစ်၌ မြေနှင့်လယ်ယာစိုက်ပျိုးရေးဌာနဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

သခင်သန်းထွန်းကို ဤတာဝန်တွေ ပေးထားသည့်အတွက် အစိုးရကို ဝေဖန်ရန် အချိန်မရှိအောင် ဖြစ်နေသည်။ အစိုးရကို ကွန်မြူနစ်စနစ်နှင့် ဝေဖန်တိုက်ခိုက်တတ်သည့် သခင်သန်းထွန်း၏ ဝေဖန်သံများမကြားရ၍ ဂျပန်အစိုးရအတွက် သက်သာရာရောက်နေသည်။

ထို့နောက် တစ်ဆင့်တက်၍ ၁၉၄၄–ခုနှစ် ဧပြီလ(၁၆)ရက်နေ့တွင် သခင်သန်းထွန်းသည် ကုန်စည်နှင့်သယ်ယူပို့ဆောင်ရေးဌာန၌လည်း တာဝန်ထမ်းရွက်ပြန်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အလားတူ ဗိုလ်ချုပ်အောင်ဆန်းဦးစီးသည့် ဖဆပလအဖွဲ့ကြီးကို ၁၉၄၄–ခုနှစ် ဩဂုတ်လ(၂၃)ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းရာတွင် သခင်သန်းထွန်းသည် အထွေထွေအတွင်းရေးမှူးနှင့် မဟာမိတ်များဆက်သွယ်ရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းနောက် သခင်သန်းထွန်းသည် နာမည်ဝှက် "**ကြောင်လက်သည်း**"အမည်ဖြင့် ဂျပန်တော်လှန်ရေးဆင်နွှဲရန် ၁၉၄၅–ခု မတ်လ(၁၇)ရက်နေ့တွင် ရန်ကုန်မှ ထွက်ခွာသွားလေသည်။

သခင်သန်းထွန်းသည် တိုင်းပြည်ကို ချစ်မြတ်နိုးသည်ထက် အာဏာရရှိဖို့က အလွန်ပင်အရေးကြီးနေသည်။ ရာထူးသာရမည်ဆိုလျှင် အချင်းချင်းကိုပင် ပြန်၍သတ်ရသည်။ အကြောင်းအရာမှာ ခိုးသန်းရှာအမှုပင် ဖြစ်လေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းတို့ကို မုန်းတီးခြင်း

ခိုးသန်းရွာလေးသည် မုံရွာမြို့နယ်အတွင်းရှိ ရက်ကန်းလုပ်ငန်းဖြင့် စီးပွားရေးဖြစ်ထွန်းသည့် ရွာလေးတစ်ရွာ ဖြစ်သည်။ ၎င်းရွာလေးသည် ခေတ်ပညာတတ်များ မျိုးချစ်စိတ်ထက်သန်သူများ ပေါ်ထွက်သည့်ရွာဖြစ်သည်။

ကိုလိုနီဆန့်ကျင်ရေးခေတ်ဖြစ်၍ လူငယ်အများစုမှာ လက်သီးဆုပ် လက်မောင်းတန်းခဲ့ကြရသည်။ နယ်ချဲ့ဝါဒနှင့် အရင်းရှင်စနစ်ဆိုး၏ ခါးသီးမှုကို ရင်စည်းခံခဲ့ရသူများဖြစ်၍ ကွန်မြူနစ်များ၏ဘက်သို့ တိမ်းညွှတ်ခဲ့ကြသည်။

၎င်းတို့သည် သခင်စိုး၊ သခင်သန်းထွန်းတို့ကို မမြင်ဘူးကြပေမယ့်လည်း အဝေးကမှန်း၍ ကြည်ညိုသူများဖြစ်သည်။ ဂျပန်တစ်ခေတ်လုံး မိမိတို့ရွာသို့ လာရောက်အခြေချနေထိုင်သွားသည့် နောင်ဗကပပေါ်လစ်ဗျူရိုဝင်တစ်ဦး ဖြစ်လာမည့် ရဲဘော်ငွေ၏ စည်းရုံးလှုံ့ဆော်မှုကြောင့် ဖြစ်ပေလိမ့်မည်။

သခင်စိုး ရေးသားသည့် **"ဒိုမီနီယံအနှစ္စရာယ်"** စာအုပ်ကို ညက်ညက်ကျေအောင် ဖက်ခဲ့ကြသည်။ သခင်သန်းထွန်း ရေးသားသည့် **"မုန်တိုင်းထဲက ကွန်မြူနစ်"** စာတမ်းကိုလည်း အလွတ်ကျက်မှတ်ခဲ့ကြသည်။ တစ်ဖန် သခင်ဗဟိန်း ရေးသားသည့်

www.burmeseclassic.com

www.burmeseclassic.com



**"ဓနုရှင်လေးက"**စာအုပ်ကို ခေါင်းအုံးအောက်ထား၍ အိပ်ခဲ့ကြသည်။

သခင်ကောင်းရှိန်ဆိုလျှင် သခင်သန်းထွန်း၏ စာတမ်းကို သဘောကျလွန်း၍ ရွာလယ်ကောင်မှာ ဖွင့်ထားသည့် သူပိုင်လက်ဖက်ရည်ဆိုင်တွင် တရိုတသေထားကာ ချိတ်ဆွဲထားသည်အထိ အကြည်ညိုလွန်ခဲ့သည်။ ၎င်းတို့သည် ကြည်ညိုလွန်းသူများအပေါ် မထေမဲ့မြင် ပြုလိုက်ကြသည်။

၁၉၄၅–ခုနှစ် ဖေဖော်ဝါရီလကုန်လောက်တွင် ဗြိတိသျှများ မုံရွာသို့ရောက်ရှိခဲ့သည်။ ရောက်ရှိလာသည့် ဗြိတိသျှ(FSS)တပ်က ခိုးသန်းရွာမှ သခင်(၁၁)ဦးကို ခိုးသန်းရွာသူကြီး အသတ်ခံရမှုဖြင့် ဖမ်းဆီးခဲ့သည်။ ၎င်းအပြင် ရွာသူကြီးများဖြစ်သည့် ဦးကား၊ ဦးကောင်းကြွယ်၊ ဦးဘိုးမြင့်တို့ကိုလည်း အားပေးအားမြှောက်မှုနှင့် တွဲစပ်ဆက်တည်း ဖမ်းဆီးခဲ့သည်။

အကြောင်းမှာ အသတ်ခံရသော သူကြီး၏ဖခင်နှင့် သူကြီး၏ဇနီးဖြစ်သူတို့က အင်္ဂလိပ်စစ်တပ်သို့ တိုင်ကြားခဲ့ခြင်းကြောင့်ဖြစ်သည်။ ခိုးသန်းရွာသူကြီးသည် နယ်ချဲ့အလိုတော်ရိတစ်ဦးဖြစ်သည်။ အင်္ဂလိပ်အစိုးရမင်းများအပေါ် မင်းလိုလိုက် မင်းကြိုက်ဆောင်ခဲ့သူဖြစ်သည်။ ရွာခံသခင်လူငယ်များအပေါ် ပုဂ္ဂိုလ်ရေးအမြင်မကြည်သဖြင့် မုံရွာခရိုင်အရေးပိုင်မင်းထံ သွားရောက်တိုင်ကြားခဲ့ရာ အရေးပိုင်မင်းမှာ ခိုးသန်းရွာအား ပုဒ်မ–၁၄၄ ထုတ်ပြန်ကာ တားဆီးပိတ်ပင်မှုများ ပြုလုပ်ခဲ့လေသည်။

အုပ်စိုးသူနယ်ချဲ့အင်္ဂလိပ်တို့၏အားကိုးဖြင့် သခင်များကို နှိပ်ကွပ်စေခဲ့သည်။ ကျေးရွာလူထုအပေါ် ဓားမိုးအုပ်ချုပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရပ်ရွာသာရေးနာရေးကိစ္စများကို စိတ်မဝင်စားခဲ့။ ၎င်း၏ဩဇာ အာဏာ အရှိန်အဝါတက်ရေးကိုသာ ရှေးရှုခဲ့သည်။ ကြာသော် ရပ်ရွာလူထုက မခံမရပ်နိုင် ဖြစ်လာကြသည်။ တစ်ရွာလုံးနှင့် တစ်ယောက် ဖြစ်လာသည်။ မကျေနပ်မှုများ ကြီးထွားလာသည်။

သခင်များ ဩဇာအာဏာ ရှိလာသည့်အခါ တိုင်းပြည် အတွက် မလိုလားအပ်သည့် သစ္စာဖောက်ဟု သတ်မှတ်ကာ အဆိုပါ သူကြီးအား သုတ်သင်ပစ်ခဲ့ကြလေသည်။ မုံရွာမြို့သို့ ရောက်ရှိလာသည့် အင်္ဂလိပ်(FSS)တပ်က ယင်းအမှုအတွက် မုံရွာရဲအဖွဲ့သို့ အပ်ခဲ့သည်။ ယာယီစစ်အုပ်ချုပ်ရေးတရားရုံးသို့ တရားစွဲဆို တင်ပို့စေခဲ့သည်။

မုံရွာခရိုင် ခေတ္တအရေးပိုင် ကာနယ်ရှိုက်စ်က သခင်ကျော် သိန်းနှင့် သခင်သောင်းဝေတို့ကို သေဒဏ်အမိန့်ချမှတ်ခဲ့သည်။ သခင်စိုးသင်း၊ သခင်သင်းအောင်၊ သခင်ထွေး၊ သခင်ရဲဝင်း၊ သခင် ဉာဏ်ဖေ၊ သခင်စိန်ရ၊ သခင်ဗဆိုင်း၊ သခင်သိန်းဝင်းတို့ကို တစ် သက်တစ်ကျွန်းဒဏ် ချမှတ်ခဲ့သည်။

ထိုအခါ ခိုးသန်းရွာမှ သခင်ဗကိုး၊ သခင်ချစ်စိန်၊ သခင် မိုလ်တို့ သုံးဦးသည် ခေါင်းချင်းဆိုင်ကာ အားကိုးအားထားရှာခဲ့ ကြသည်။ ထို့နောက်တွင် ၎င်းတို့ ကြည်ညိုရာ လေးစားရာဖြစ် သည့် သခင်သန်းထွန်းထံ ရောက်ခဲ့ကြသည်။

ထိုအချိန်က သခင်သန်းထွန်းသည် အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုဖြစ်သည့် ဖဆပလအဖွဲ့ချုပ်ကြီးတွင် အထွေထွေ အတွင်းရေးမှူးဖြစ်သည်။ ၎င်းအပြင် စစ်အုပ်ချုပ်ရေး အကြံအဖြစ် ဖြစ်သူ ဘုရင်ခံဆာဟူးဘရန့်စ်၏ အတိုင်ပင်ခံ လူကြီးသည်းဖြစ်

www.burmeseclassic.com



သည်။ အားကိုးတကြီး လာရောက်ခဲ့သည့် ခိုးသန်းရွာသခင်များ အပေါ် သခင်သန်းထွန်းမှ အဖက်မတန်သလို ဆက်ဆံခဲ့သည်။ မျက်နှာသာလုံးဝမပေး တည်တည်တင်းတင်း တွေ့ဆုံခဲ့သည်။ သခင်သန်းထွန်းက ဤသို့ပြောလေရာ...

**"ခင်ဗျားတို့ ကိုယ့်ရွာသား အချင်းချင်း ဒီလိုရက်ရက် စက်စက် မလုပ်သင့်ဘူး၊ လုပ်ရဲရင် ခံရဲရမယ်၊ ဥပဒေနဲ့ အညီ ရင်ဆိုင်ရမယ်၊ တရားရုံးက အပြစ်ရှိကြောင်း ချမှတ် လိုသည့် အပြစ်ဒဏ်အပေါ် ကျေနပ်စွာ ခံယူရမည်ဖြစ် ကြောင်း"**

စသည်ဖြင့် ပြတ်သားစွာ ပြောလိုက်လေသည်။ ခိုးသန်းရွာ သခင်များသည် သခင်သန်းထွန်း၏ နှုတ်ထွက်စကားအပေါ် နားမလည်နိုင်အောင် ဖြစ်ခဲ့ကြသည်။ အထင်နှင့်အမြင် ကွာခြား လှသည့်အတွက် စိတ်ဆိုးကုန်သည်။ အကြည်ညိုပျက်ခဲ့ကြသည်။ ခိုးသန်းရွာသခင်များသည် သခင်သန်းထွန်းအပေါ် စိတ်ပျက်ရာမှ ဆိုရှယ်လစ်ဦးကျော်ငြိမ်းထံ သွားရောက်ခဲ့ကြသည်။

အမှုအကြောင်းကို တင်ပြပြီး အကူအညီ တောင်းခဲ့ကြ သည်။ ဦးကျော်ငြိမ်းက ခိုးသန်းရွာသားများကို ကောင်းစွာညွှေ ဝတ်ပြုသည်။ နွေးထွေးစွာ ကြိုဆိုသည်။ အမျိုးသားခေါင်းဆောင် ကြီး ဗိုလ်ချုပ်အောင်ဆန်းထံသို့လည်း သွားရောက်တွေ့ဆုံ အကြံ ဉာဏ် တောင်းခံစေခဲ့သည်။ ဗိုလ်ချုပ်မှာ တရားဥပဒေကာကွယ် စောင့်ရှောက်ရေးအဖွဲ့ဝင် ဝတ်လုံတော်ရ ဦးကျော်မြင့်ထံ စာရေး ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်နှင့် ဦးကျော်ငြိမ်းတို့၏ အားပေးကူညီမှုကြောင့် ရန်ကုန်စစ်ရုံးချုပ်မှ အမှုကို အစအဆုံး ပြန်လည်စစ်ဆေးစေခဲ့သည်။ ဖဆပလ အာဏာရရှိလာသည့်အခါ ပြစ်ဒဏ်ပေးထားသည့် ခိုးသန်းရှာသခင်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွှတ်ပေးလိုက်သည်။

၎င်းအမှုကိစ္စနှင့် ပတ်သက်၍ ရဲဘော်စိတ်ခေါင်းပါးလှသည့် ကွန်မြူနစ်ခေါင်းဆောင် သခင်သန်းထွန်းအပေါ် ခိုးသန်းရှာသခင်များသည် အကြည်ညိုမဲ့သွားသည်။ စိတ်လည်းကုန်သွားသည်။ သခင်သန်းတွန်းအပေါ် နာကြည်းမုန်းတီးခြင်းနှင့်အတူ ကွန်မြူနစ်ဝါဒကိုလည်း ကျောခိုင်းလိုက်ကြသည်။ ကွန်မြူနစ်ခေါင်းဆောင်ကြီး သခင်စိုး၊ သခင်သန်းထွန်းတို့ ရေးသားထားသည့် စာအုပ်စာတမ်းများကို မီးပုံရှို့ ဖျက်ဆီးခဲ့ကြသည်။

တစ်ချိန်က ၎င်းတို့၏ အိမ်ဦးခန်းတွင် အလေးတယူချိတ်ဆွဲထားသည့် **ကားလ်မာ့က်စ်၊ လီနင်** စသည့် ကွန်မြူနစ်ခေါင်းဆောင်ကြီးများ၏ ဓာတ်ပုံကားချပ်များကို ဖယ်ရှားပစ်ခဲ့ကြသည်။ ရိုးသားတည်ကြည် ဖြောင့်မတ်သည့် ခိုးသန်းရှာတောင်သူကြီးသခင်ကောင်းဝေသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆိုရှယ်လစ်ပါတီခေါင်းဆောင် ဦးကျော်ငြိမ်းတို့၏ ကျေးဇူးကြောင့် အသက်ရှည်ရပ်တည်ခွင့် ရရှိခဲ့သည်ဟု ခံယူပြီး ၎င်းတို့နှစ်ဦး၏ ဓာတ်ပုံကို အိမ်ဦးခန်းတွင် ချိတ်ဆွဲကာ အသက်ထက်ဆုံး ကြည်ညိုသွားခဲ့ကြသည်။

□

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်း၏ဒုတိယအမှား

သခင်သန်းထွန်းသည် အမှားအပေါ် အမှားတစ်ခု ထပ်မံပြုလုပ်လိုက်ပြန်သည်။ အကြောင်းမှာ သခင်သန်းထွန်း၏ ပဌမအမှားတစ်ခုမှာ အထက်ဖော်ပြခဲ့သည့် ခိုးသန်းရှာသူကြီးသတ်မှုဖြစ်သည်။ ယခုလည်း အမှားတစ်ခုကို ကျူးလွန်သည်ဟု ပြောရမလိုဖြစ်နေသည်။ သခင်သန်းထွန်းသည် ရာထူးအတွက်ဆိုလျှင် ဘယ်လောက်ပင် ရင်းနှီးသူဖြစ်ပါစေ ထိုသူကို သတ်ရမလား၊ မကောင်းတာ လုပ်ရမလား လုပ်ရဲသည်။

ယခုတင်ပြမည့်အချက် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့၏ စိတ်ထားများ၊ တစ်နည်းအားဖြင့် ကွန်မြူနစ်ပါတီဝင်များမှာ ထားရှိရမည့်စိတ်ထားဟု ပြောချင်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ကွန်မြူနစ်ဝါဒအပေါ် ဘယ်လိုရှိသည်ဆိုတာကို အခြေခံ၍ တင်ပြခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကွန်မြူနစ်ဝါဒ တိုးတက်ထွန်းကားလာအောင် ကြိုးစားနေချိန်ဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဒုတိယအကြိမ် ပါတီကွန်ဂရက်ကို ၁၉၄၅ ခုနှစ် ဇူလိုင်လ(၂၀)ရက်နေ့၌ စမ်းချောင်း၊ ဗားဂရာလမ်းရှိ ပါတီရုံးချုပ်၌ ကျင်းပခဲ့သည်။ ထိုနေ့နံနက်ပိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တာဝါပိန်းလမ်း

www.burmeseclassic.com

www.burmeseclassic.com



ထိပ်၌ အတူနေထိုင်သည့် ဗိုလ်ရဲထွင့်က ကွန်ဂရက်သို့ တက်ရောက်ရန် ရေမိုးချိုးပြီးနေပြီ၊ အဝတ်အစား လဲပြီးနေပြီ၊ အဆင်သင့် ဖြစ်နေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ထိုအချိန်ထိ ဘာမှမလုပ်ရှားသေး၊ အိမ်ဝတ် အိမ်စားနှင့် အိမ်ရှေ့ဆင်ဝင်အောက်၌ ပက်လက်ကုလားထိုင်ပေါ်ထိုင်ပြီး သတင်းစာကို အေးအေးလူလူ ဖတ်နေပေသည်။ ထိုရောအခါ အချိန်နီးကပ်နေပြီဖြစ်သည့်အတွက် ဗိုလ်ရဲထွင့်က **"ဗိုလ်ချုပ်... အချိန်သိပ်ပြီး နီးကပ်နေပြီ၊ အဝတ်အစားမလဲသေးဘူးလား"**ဟု မေးလိုက်လေသည်။ ထိုအချိန်တွင် ဗိုလ်ချုပ်က **"ငါ့ကို အစည်းအဝေး ဖိတ်မထားဘူးကွ၊ ဖိတ်စာမရဘဲနဲ့ အစည်းအဝေးတက်လို့ ဘယ်ဖြစ်ပါ့မတုံး"**ဟု ပြန်လည်ပြောကြားလိုက်လေသည်။

ထိုအခါ ဗိုလ်ရဲထွင့်က **"ဗိုလ်ချုပ်မပါလျှင် ကျွန်တော်လည်း မသွားတော့ဘူး"**ဟု ပြောလိုက်သည်။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းက **"မဟုတ်သေးဘူး ရဲထွင့်၊ အလုပ်လုပ်တယ်ဆိုတာ အဖော်ကောင်းမှ လုပ်ရတာမျိုး မဟုတ်ဘူး၊ ကွန်မြူနစ်ကောင်းတစ်ယောက်ဆိုတာ စိတ်ဆိုး စိတ်ကောက်လို့ အစည်းအဝေးမတက်တော့ဘူးဆိုတာ မဖြစ်သင့်ဘူး၊ ကဲ ... ကဲ ... အချိန်လည်းနီးနေပြီ၊ ငါလည်း မနက်ပိုင်း ဘာအစီအစဉ်မှ မရှိသေးဘူး၊ ခင်း ငါ့ကားယူသွား"**ဟု ပြောလိုက်လေသည်။

ဗိုလ်ရဲထွင့်သည် ထပ်မံစောဒကမတက်တော့ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသည့်အတိုင်း အစည်းအဝေးသို့ ကားယူ၍

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလေတော့သည်။ တကယ့်ဖြစ်ရပ်မှာမူ ထိုစဉ်ကာလက ကွန်မြူနစ်ခေါင်းဆောင်ကြီးများဖြစ်သည့် သခင်စိုးနှင့် သခင်သန်းထွန်းတို့သည် ဗိုလ်ချုပ်အောင်ဆန်းအား ကွန်မြူနစ်ပါတီ၌ နေရာမပေးလိုကြ၍ ချန်ထားလိုသည်။ ဖယ်ရှားလိုသည်။ ၎င်းတို့သာ အုပ်စိုးလိုကြသည်။

ဗိုလ်ချုပ်အောင်ဆန်း ပါလာလျှင် ပါတီ၌ ထင်တိုင်းကြဲခွင့် ရတော့မည်မဟုတ်။ သို့ဖြစ်၍ တပ်တွင် ဗိုလ်ချုပ်အောင်ဆန်း ရှိမှ ဖြစ်မည်။ ဗိုလ်ချုပ်အောင်ဆန်း ထိန်းမှ ဖြစ်မည်ဆိုသည့် အကြောင်းပြချက်ဖြင့် တမင်ချန်ထားခဲ့ခြင်းဖြစ်သည်။

အကယ်၍ ဗိုလ်ချုပ်အောင်ဆန်းသာ အစည်းအဝေးကိုဖိတ်၍ တက်ရောက်ခဲ့ပါက ၎င်းတို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ ဩဇာတိက္ကမကို မကျော်လွှားနိုင်သည့်အတွက်ကြောင့်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်မှုကို မတုနိုင်။ ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ကျိုးစွန့်လွှတ်မှုကို မယှဉ်နိုင်။ သို့ဖြင့် နှစ်ဦးသဘောတူ တက်ညီလက်ညီ ချန်ရစ်ခဲ့ကြခြင်းဖြစ်ကြောင်း စာရေးဆရာ ကိုကိုမောင်ကြီး ပြောပြချက်အရ သိရှိလိုက်ရသည်။

သခင်သန်းထွန်းနှင့် ပတ်သက်၍ ရေးသားရန် လေ့လာသည့်အခါ လူတော်လူကောင်းဟု ရေးသားထားသည်က အလွန်ရှားပါးနေသည်။ ဘယ်အတွက်ကြောင့်လဲဟု သေချာလေ့လာသည့်အခါ သခင်သန်းထွန်းသည် အလွန်အတ္တကြီးပြီး လုပ်ဖော်ကိုင်ဖက်များကို ပါတီ၏စည်းကမ်းဟူ၍ အကြောင်းပြချက်ဖြင့်သတ်လေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အသတ်ခံရသူတွေအထဲမှ တစ်ယောက် နှစ်ယောက်ကို နောက်ပိုင်းတွင် ဖော်ပြထားသည်။ ထိုအတူ သခင်သန်းထွန်း ဘယ်လိုလူစားမျိုးလဲဆိုတာကို စာရေးဆရာ အောင်စွမ်း၏မှတ်ချက်လေးကို ဖော်ပြလိုက်ချင်ပါသည်။

**သို့ဖြစ်ရာ သခင်သန်းထွန်းဟူသည် မည်သို့နည်းဟု တစ်စုံတစ်ယောက်က မေးကြားလာအံ့ ကျွန်တော် မောင်အောင်စွမ်းက သခင်သန်းထွန်းဟူသည် အလိုကြီးသော အတ္တကြီးသော ကောက်ကျစ်စဉ်းလဲသော ထင်းခွေမကြို ရေခပ်ကြို့က လက်စားချေတတ်သော၊ မိုလ်ကျစိုးမိုးချင်သော စိတ်ဓာတ်အပြည့်အဝရှိသူဟူ၍ ကောက်ချက်ဆွဲမိသည်။ ယင်းစိတ်ဓာတ်များသည် သူ၏ ဖုံးမနိုင်ဖိမရသော အရင်းခံစိတ်ဓာတ်များဖြစ်ပါသည်။ ဖျောက်ဖျက်ပစ်၍မရသော အမူအကျင့်များ ဖြစ်ပါသည်။ ထိုစိတ်ဓာတ် အမူအကျင့်များက သခင်သန်းထွန်း၏ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများတွင် ဦးဆောင်ဦးရွက်ပြုခဲ့သည့် အခန်းကဏ္ဍထက် ပိုမိုကြီးမားခဲ့ပါသည်။ အပြုထက် အပျက်သသော အားကြီးနေသဖြင့် လူထုခေါင်းဆောင်လည်း ဖြစ်မလာ။ အမျိုးသားခေါင်းဆောင်ကြီး ဖြစ်မလာ။ တောတောင်စုံမြိုင်ယံထဲရောက် သူပုန်ကြီးအဖြစ်သာ ပိုင်ဆိုင်ခွင့်ရရှိသွားပါသည်။**

၎င်းဖော်ပြချက်များကို လက်ခံနိုင်စရာ ဖြစ်ပါသည်။ သခင်သန်းထွန်းသည် ပါတီကို အကြောင်းပြပြီး တိုင်းပြည်ကိုလု

www.burmeseclassic.com

www.burmeseclassic.com



ရန် လက်နက်ကိုင်ထားသူဖြစ်သည်။ ထို့အတူ အစိုးရစစ်တမ်းကို တိုက်တာ ပြည်သူတွေကို သတ်တာတွေဟာ မှားယွင်းသည့်လုပ်ရပ်များသာ ဖြစ်နေပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ကွန်မြူနစ်ပါတီနှစ်ခြမ်းကွဲခြင်း

သခင်သန်းထွန်း၏ လုပ်ရပ်အများတွေကို ရွေးထုတ်တင်ပြရလျှင် ကုန်နိုင်စရာမရှိအောင်ဖြစ်မှာ သေချာလှသည်။ ထို့အတူ သခင်သန်းထွန်းသည် အာဏာကို တစ်ယောက်တည်း ဆုပ်ကိုင်ရန် ကြိုးစားနေသည်။ ထို့အတွက်ကြောင့် ညီအစ်ကိုလိုနေလာသူကိုပင် အပြတ်ရှင်းရန် ဆန္ဒတွေရှိသည်။ အကြောင်းမှာ ညီအစ်ကိုအတူနေလာခဲ့သည်။ သခင်စိုးကို ဘာမဟုတ်သည့် အကြောင်းပြချက်နှင့် ပါတီက ထုတ်ပယ်ခဲ့လေသည်။ အကြောင်းမှာ ဒုတိယပါတီကွန်ဂရက်ကို ဦးဆောင်ကျင်းပပြီး ပါတီ၏အထွေထွေအတွင်းရေးမှူးအဖြစ် သခင်သိန်းဖေ(သိန်းဖေမြင့်)ကို ရွေးချယ်တင်မြှောက်ခဲ့သည်။

သခင်စိုးကို လက်ရှိပေါင်းသင်းနေထိုင်သည့် မခင်စီနှင့် တရားဝင်မပြတ်စဲဘဲ ပါတီကေဒါ မနှင်းမေနှင့် တိတ်တဆိတ်ပေါင်းသင်းနေသည့်အတွက် သခင်စိုးကို အိမ်ထောင်ရေးပြစ်မှုမြင့်နှစ်နှစ်ရာထူးမှ ရပ်စဲခဲ့သည်။ ထိုကဲ့သို့ ပြုလုပ်လိုက်သည့်အတွက် သခင်သန်းထွန်းမှာ ကျေနပ်နေသည်။

သခင်သန်းထွန်းသည် ရာထူးသာ ရမည်ဆိုလျှင် ဘယ်လောက်ပင် အလုပ်ရှုပ်ရှုပ် လုပ်နေတတ်သည်။ ထို့ကြောင့် ၁၉၄၅

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ် ဒီဇင်ဘာလ(၁၃)ရက်နေ့တွင် ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ)မှ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ)ဟု အမည်ပြောင်းလဲခဲ့သည်။ ဖဆပလတွင် သခင်သန်းထွန်းသည် အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ၁၉၄၆–ခုနှစ် ဇန်နဝါရီလ(၁၉)ရက်နေ့ ညနေ (၆)နာရီအချိန်တွင် ဖဆပလ အထွေထွေအတွင်းရေးမှူးဖြစ်သည့် သခင်သန်းထွန်းသည် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူ ဘုရင်ခံ၏ဖိတ်ကြားချက်အရ အစိုးရအိမ်တော်တွင် ဘုရင်ခံနှင့် တွေ့ဆုံသည်။ သခင်သန်းထွန်းသည် ဗိုလ်ချုပ်အောင်ဆန်း အပေါ် မနာလိုဖြစ်ပေမယ့် ဗိုလ်ချုပ်အောင်ဆန်းကတော့ ဘယ်လိုမှ မဖြစ်၊ မနာလိုစိတ်လည်းမရှိ အားလုံးကိုအဖြူသက်သက် သဘောထားနေသည်။ ဗိုလ်ချုပ်အောင်ဆန်းက ဘယ်လိုပင် သဘောထား ပေမယ့် သခင်သန်းထွန်းကတော့ ရာထူးကြီးကြီးရဖို့နှင့် ကွန်မြူနစ်ပါတီကို ချုပ်ကိုင်နိုင်ရန် ကြိုးစားနေသည်။

ထို့ကြောင့် ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲရသည်။ အကြောင်း အရာမှာ ၁၉၄၆–ခုနှစ် ဖေဖော်ဝါရီလ(၂၂)ရက်မှ မတ်လ(၇)ရက် နေ့အထိ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအစည်းအဝေး ကို ကျင်းပကြသည်။ အစည်းအဝေး ပထမနေ့တွင် ဗဟိုကော်မတီ ဝင် ပြန်ဖြစ်လာသည်။ သခင်စိုးသည် အစည်းအဝေး၌ စာတမ်း သုံးစောင် ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေး။ (ဘာရောက်ဒါဝါဒ ဆန် ချက်)စက္ကူနှိစာတမ်း ဝေဖန်ရေးတို့ကို တင်သွင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းစာတမ်းများတွင် ငြိမ်းချမ်းစွာဖြစ်ပေါ်ရေး **(ဘာရောက်ဒါဝါဒ)**အများအတွက် သခင်သိန်းဖေနှင့် သခင်သန်းထွန်းတို့မှာ တာဝန်ရှိသည်။ သခင်သိန်းဖေနှင့် သခင်သန်းထွန်းတို့သည် ပါတီဗဟိုကော်မတီဝင်နှင့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ရာထူးမှ နုတ်ထွက်ပေးရမည် စသည်တို့ ပါဝင်ပြီး သူကိုယ်တိုင် ဗဟိုကော်မတီဝင်နှင့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်သစ်စာရင်းကို တင်သွင်းခဲ့ရလေသည်။

ထို့နောက် သခင်စိုး၏ဆန္ဒကို ပါတီဗဟိုကော်မတီဝင်အများစုက ကန့်ကွက်ကြပြီး သခင်စိုး တင်သွင်းသည့် ဗဟိုကော်မတီစာရင်းဝင် **သခင်စိုး၊ သခင်တင်မြ၊ သခင်သန်းထွန်း၊ ဒေါ်စောမြ** အစရှိသူ(၇)ဦးကို ပါတီသွေးခွဲမှုဖြင့် ကွန်မြူနစ်ပါတီမှ ထုတ်ပယ်ခဲ့လေသည်။

ထိုအခါ သခင်စိုးနှင့်အဖွဲ့သည် ကွန်မြူနစ်ပါတီ (ဗမာပြည်)ကို သီးခြားတည်ထောင်ပြီး ကိုယ်တိုင် အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ထို့နောက် သခင်သိန်းဖေ၊ သခင်သန်းထွန်း ဦးဆောင်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ(အလံဖြူ)ဟုအမည်တွင်ခဲ့ပြီး သခင်စိုး ကွန်မြူနစ်ပါတီ(ဗမာပြည်သို့မဟုတ်အလံနီ)ဟု အမည်တွင်၍ ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲခဲ့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ဖဆပလမှအထုတ်ပယ်ခံရသည့် ကွန်မြူနစ်ပါတီ

သခင်သန်းထွန်းတို့အတွက် ကံမကောင်းဟု ပြောရမလို ဖြစ်နေသည်။ သခင်သန်းထွန်းသည် ကွန်မြူနစ်ပါတီကို ပြန်လည် ထူထောင်ရန် ကြိုးစားနေသည့် အတွက်ကြောင့် ဖဆပလအဖွဲ့ အတွက် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသည်။ တကယ်တော့ သခင်သန်းထွန်းသည် ဖဆပလအဖွဲ့မှာ ခေါင်းဆောင်လုပ်ချင်သည့် အတွက်ကြောင့် ဖြစ်ရသည်။ ဖဆပလအဖွဲ့၏ ထိပ်တန်းခေါင်း ဆောင်ပိုင်းရှိသူများသည် ရာထူးကို မက်မောသူများ မဟုတ်ကြ ပေ။

လာပါ ... ဤတာဝန်ကိုယူပါဟု အကျပ်ကိုင် တိုက်တွန်း လို့ လုပ်ကြသူများဖြစ်သည်။ ဖဆပလထိပ်တန်းခေါင်းဆောင်များ သည် ရာထူးမက်မောသူ မဟုတ်သည့်အတွက် သခင်သန်းထွန်း တို့က လာရောက်သည့်အတွက်ကြောင့် ထိုကဲ့သို့ဖြစ်ခဲ့ရသည်။

အကြောင်းအရာမှာ ကွန်မြူနစ်ပါတီ(ဗမာပြည်)သည်လည်း အဓိကအကြောင်းအရာထဲတွင် ၎င်းပါဝင်နေသည်။ သခင်စိုး၏ ကွန်မြူနစ်ပါတီသည် အာကာသစ်ဂျာနယ်မှ သခင်သိန်းဖေ၊ သခင်သန်းထွန်းနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ကို ပြင်းထန်စွာဝေဖန် တိုက်ခိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် သေရဲတာအလံနီဟု ကြွေးကြော်ကာ အကြမ်းဖက်လမ်းစဉ်ကိုလိုက်ပြီး တောခိုခဲ့သည်။ သခင်စိုး၏ ကွန်မြူနစ်ပါတီ(ဗမာပြည်)သည် ခွဲထွက်ပြီး လေးလခန့်အကြာတွင် တရားမဝင်အသင်းအဖြစ် ကြေညာခံခဲ့ရသည်။

ထို့နောက် ဖဆပလဥက္ကဋ္ဌလည်းဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကွန်မြူနစ်ခေါင်းဆောင်လည်းဖြစ်၊ ဖဆပလအထွေထွေအတွင်းရေးမှူးလည်းဖြစ်၊ မယားညီအစ်ကိုလည်း တော်စပ်သည့် သခင်သန်းထွန်းတို့ကြားတွင် မကျေနပ်ချက်များ ပေါ်ထွက်လာသည်။ သခင်သန်းထွန်းနှင့် ကွန်မြူနစ်များသည် သူတို့ကဲ့သို့ ကွန်မြူနစ်မပီသသည့် ဗိုလ်ချုပ်အောင်ဆန်းအား စိတ်ပျက်နေကြသည်။

ဗိုလ်ချုပ်အောင်ဆန်းကလည်း ပါတီအာဏာကို ပိုမိုထိန်းချုပ်ထားနိုင်ရန်အတွက် နိုင်ငံရေးအကွက်မြင်မြင်ဖြင့် ဦးကျော်ငြိမ်းအား ဖဆပလအထွေထွေအတွင်းရေးမှူးအဖြစ် အဆိုပြုလိုက်သည်။ ထိုအခါတွင် ဖဆပလတွင်သာမက ဖဆပလစတင်ဖွဲ့စည်းချိန်ကပင် အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် သခင်သန်းထွန်းမှာ မခံမရပ်နိုင်အောင် ဖြစ်သွားသည်။ ထို့ကြောင့် သူသည်လည်း သခင်သိန်းဖေကို ဖဆပလအထွေထွေအတွင်းရေးမှူးနေရာအတွက် အဆိုတင်သွင်းခဲ့သည်။

ထိုကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့၏ အဆိုများကို မဲခွဲဆုံးဖြတ်သည့်အခါ သခင်သန်းထွန်းဘက်က ၅၂/၅၃ မဲဖြင့် အရေးနိမ့်သွားသည်။ နောက်ပိုင်းတွင် ကွန်မြူနစ်များသည် ဖဆပလအဖွဲ့ချုပ်ထဲတွင် ရှိနေသော်လည်း ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်းနှင့် ဖဆပလအဖွဲ့အား ပြစ်တင်ရှုတ်ချကာ ဝေဖန်တိုက်ခိုက်ခဲ့သည်။,

ထို့နောက် ကွန်မြူနစ်များသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပါတီအပေါ် မဖွယ်မရာဖြစ်လောက်သည်အထိ ဝေဖန်တိုက်ခိုက်ကြသဖြင့် ဖဆပလကောင်စီမှ ကွန်မြူနစ်ကိုယ်စားလှယ်အားလုံးကို ထုတ်ပယ်ပစ်ခဲ့သည်။ ထို့ကြောင့် အတူလက်တွဲပြီး လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြသည့် ခင်မင်ရင်းနှီးခဲ့ကြသည့် နိုင်ငံရေးလက်တွဲဖော်များသည် ရန်သူသဖွယ် ဖြစ်သွားလေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းနှင့်သခင်နု

ဘယ်အရာကိုမှ ပုံသေကားကျ တွက်ဆ၍မရ။ ဗိုလ်ချုပ်အောင်ဆန်းသာ ဦးဆောင်လျှင် မြန်မာနိုင်ငံလွတ်လပ်ရေး အမြန်ရမည်ဟု ထင်မှတ်ခဲ့ကြသည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်အောင်ဆန်းကို ထောက်ခံကြသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းအသက်မရှည်၊ မသမာသူများက လုပ်ကြံသတ်ဖြတ်လိုက်ကြသည်။ ဗိုလ်ချုပ်တို့ မရှိသည့်နောက် နိုင်ငံကို ဘယ်သူဦးဆောင်မလဲ ဆိုတာကိုပြည်သူများ စိုးရိမ်လာခဲ့ကြသည်။

ထိုအချိန်တွင် ဦးနုအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ပြီး ယာယီအစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်လေသည်။ ဦးနုသည် ဖဆပလအဖွဲ့ချုပ်တွင် ကွန်မြူနစ်များနှင့် အခြားသူများအကြား ဂိုဏ်းဂဏကွဲပြားမှုတွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ ဝန်ကြီးချုပ်ရာထူးကို ရရှိလာခဲ့သည်။

**(ဤအပိုင်းတွင် သခင်နုအကြောင်းကို အကျယ်ရေးချင်သေးမယ့် သီးသန့်တစ်အုပ်ရေးသားရန် ရှိနေ၍ အကျယ်မချဲ့တာကို နားလည်ပေးကြပါရန်။ စာရေးသူ)**

ဦးနု ဝန်ကြီးချုပ်ရာထူး ယူသွားတာကို သခင်သန်းထွန်း ဦးဆောင်သည့် ကွန်မြူနစ်များက မကျေမနပ် ဖြစ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဦးနုက ကွဲကွာနေသည့် အင်အားများကို ပြန်လည်ညှိနှိုင်းရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။

သို့သော် ဦးနုက တင်းမာနေသည့် ပါတီခေါင်းဆောင်များကိုခေါ်ပြီး ၎င်းအိမ်၌ အစည်းအဝေးကျင်းပခဲ့သည်။ ဆွေးနွေးကြသည်။ ဦးနုသည် ဖဆပလထဲကို ကွန်မြူနစ်များ ပြန်လာရန် ဆွယ်တရားဟောပြီး ကက်ဘိနက်ထဲတွင် နေရာပေးရန် ကြိုးစားခဲ့သည်။ ဦးနုသည် သခင်သန်းထွန်းနှင့်အတူ နှစ်ပေါင်းများစွာ အနီးကပ် အတူတကွ လုပ်ကိုင်ခဲ့ဖူးသည်။ သခင်သန်းထွန်းကို ကွန်မြူနစ်အရေးထက် မြန်မာအရေးကို ပိုပြီးဦးစားပေးလိမ့်မည်ဟု ယုံကြည်ခဲ့သည်။

သခင်သန်းထွန်းသည် ၎င်း၏အင်အားကို ယုံကြည်ခဲ့သလို ဆွေးနွေးညှိနှိုင်းရန်လည်း အားတက်သရော မရှိခဲ့ပေ။ ထို့အပြင် ဖဆပလ အလံအောက်တွင် ပြန်လည်စည်းရုံးရေးအတွက် ဆိုရှယ်လစ်တို့သည် ကွန်မြူနစ်ပါတီအား ဖျက်သိမ်းပစ်ရန် အားထုတ်ခဲ့သဖြင့် ဖဆပလနှင့် ကွန်မြူနစ်တို့အကြား ဆွေးနွေးရန်ပျက်ပြယ်သွားလေသည်။

ဦးနုသည် သခင်သန်းထွန်း၏ စိတ်ဓာတ်ကို စိတ်ပျက်သွားသည်။ အကြောင်းမှာ အတူတူပူးပေါင်းပြီး နိုင်ငံတိုးတက်ရေးကို လုပ်ဆောင်ရန် ဆန္ဒရှိခဲ့သည်။ ဦးနုသည် သခင်သန်းထွန်းကို စည်းရုံးမရ၍ နောက်ပိုင်းတွင် ဆိုရှယ်လစ်ပါတီက နေရာယူလာခဲ့သည်။ သခင်သန်းထွန်း၏ လယ်ယာမြေ အကြီးအကဲနေရာကို ဦးကျော်ငြိမ်းက နေရာယူခဲ့သည်။ ထို့ကြောင့် သခင်သန်းထွန်းသည် အလိုလို အစိုးရအဖွဲ့၏အပြင်ကို ရောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဆိုရှယ်လစ်များ၏ စည်းရုံးရေးကြောင့် အင်အားထောင်တက်လာသည်။ ဦးဗဆွေ ခေါင်းဆောင်မှုဖြင့် ဆိုရှယ်လစ်များသည် အလုပ်သမားထုအတွင်းသို့ ထိုးဖောက်ဝင်ရောက်လာသည်။ သခင်နုသည် နိုင်ငံအုပ်ချုပ်ရေးအတွက် သခင်သန်းထွန်းဦးဆောင်သည့် ကွန်မြူနစ်တွေနှင့် ဆွေးနွေးမှုတွင် အောင်မြင်မှုမရှိအောင် ဖြစ်ခဲ့သည်။ ထို့ကြောင့် သခင်နုမှာ စိတ်ပျက်ခဲ့ရသည်။

သခင်သန်းထွန်းသည် သခင်နု ဦးစီးသည့် အစိုးရအပေါ် မကျေနပ်၍ ဒေါသထွက်နေသည်။ သခင်သန်းထွန်း ဘယ်လိုဖြစ်ပေမယ့် သခင်နု၏ လွှမ်းမိုးမှုက များလွန်းလှသည်။ အလားတူသခင်နုသည် **"နု-အက်တလီစာချုပ်"**ကို ချုပ်ဆိုပြီးနောက်ပိုင်းတွင် သခင်သန်းထွန်း ခေါင်းဆောင်သည့် ကွန်မြူနစ်များသည်ကြားဖြတ်အစိုးရအပေါ် ပေါ်ပေါ်တင်တင် ဆန့်ကျင်လာကြသည်။

သခင်သန်းထွန်းသည် သခင်နုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ကွန်မြူနစ်မူဟန်အရ ဆောင်ရွက်သည့် တော်လှန်ရေးကြိုးပမ်းမှုကို ကျောခိုင်းစွန့်ခွာရာ ရောက်သည်ဟု ယူဆရသည်။ အလားတူ နိုင်ငံရေးသမားများသည် ကွန်မြူနစ်အုပ်စုတွင် ရှိနေခြင်းကြောင့် ဦးနုနှင့် ဆိုရှယ်လစ်တို့အား ပညာပြနိုင်သည့် နိုင်ငံရေး ကိုယ်စွမ်းကိုယ်စရှိသူများမှာ သူ့ဘက်တွင် ရှိနေသည်ဟု ထင်မှတ်နေသည်။

အလားတူ သခင်သန်းထွန်းသည် **"နု-အက်တလီစာချုပ်ပါ အချက်အလက်များကို ဝေဖန်တိုက်ခိုက်ခဲ့သည်"** သခင်သန်းထွန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရလျှင် နိုင်ငံရေးလောကမှ

www.burmeseclassic.com

www.burmeseclassic.com



ချောင်ထိုးခံရမည်ကို ကြိုတင်သိနေသည်။ ထို့ကြောင့် ပုန်ကန်မှုကို စတင်ကြိုးစားလာခဲ့သည်။

သခင်သန်းထွန်းသည် လွတ်လပ်ရေးရရှိပြီးနောက် တောခိုသွားလေသည်။ သခင်သန်းထွန်းသည် ပါတီအမည်ခံထားပေမယ့် လက်နက်ကိုင်အဖွဲ့ အစည်းဖြစ်သည့်အတွက် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးချိန်မှစ၍ စစ်တိုက်ရသည်မှာ သခင်သန်းထွန်း၏ ကွန်မြူနစ်များကို စတင်တိုက်ပွဲဝင်ခဲ့ရခြင်းဖြစ်သည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းနှင့် ဘဏ်ဓားပြမှုကြီး

သခင်သန်းထွန်းသည် သခင်နုကို မကျေနပ်၍ တောခို လိုက်ခြင်းဖြစ်သည်။ တောခိုရသည် ဆိုရာတွင် ရည်မှန်းချက်ကို အကောင်အထည်ဖော်လိုသည်ထက် ဒုက္ခပေးရန် ရည်ရွယ်၍ဖြစ် သည်။ သခင်သန်းထွန်း ဦးဆောင်သည့်အဖွဲ့သည် တောတွင်းမှာ နေထိုင်ရသည့်အတွက်ကြောင့် စားဝတ်နေရေး အခက်ကြုံလာသည်။

အလားတူ အသပြာငွေ ရဖို့ရန်အတွက် ဖန်တီးကြသည်။ ထို့ကြောင့် ချမ်းသာကြွယ်ဝသူတွေထံ ချဉ်းကပ်၍ ငွေကြေးဖန်တီး ရန် ကြိုးစားလာကြသည်။ ထို့အတွက် သခင်သန်းထွန်း ဦးဆောင် သည့် ကွန်မြူနစ်များသည် ပဲခူးမြို့ မြေပိုင်ရှင်သူဌေးကြီး ဦးစိန်ဝင်း ပိုင် စိန် ရွှေ ငွေ ကျောက်မျက်ရတနာများကို မြေအောက်တိုက် မှ ဖောက်ထွင်း လုယူသွားကြသည်။ ၎င်းကိစ္စနှင့် ပတ်သက်၍ ကွဲလွဲမှုအနည်းငယ် တွေ့ရသည်။ ထို့အထဲက တူညီတာတွေကို ရွေးထုတ်တင်ပြချင်ပါသည်။

ကွန်မြူနစ်ပါတီသည် ပါတီအတွက် အသုံးပြုရန် ငွေကြေး များကို ထိန်းသိမ်းခဲ့သည်။ ပါတီ၏ ထိပ်ပိုင်းတာဝန်ရှိသူများ လည်း ၎င်းတို့မှာ ငွေကြေးနှင့် စိန်ရွှေရတနာ ဘယ်လောက်ရှိသည် ဆိုတာကို အားလုံးသိကြသည်။ တချို့ အဖိုးတန်ရတနာပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



များကို ပါတီ၏ဥက္ကဋ္ဌ သခင်သန်းထွန်းကို ယုံကြည်စွာနှင့်အပ်နှံထားခဲ့သည်။ ၎င်းအပ်နှံထားမှုကာစပြီး ကွန်မြူနစ်ပါတီ အရံရန်ပုံငွေကိစ္စ (သို့မဟုတ်) ပါတီဘဏ္ဍာခိုးမှုကြီးဟု ပါတီအတွင်းနေထိုင်သူ အများအပြားက ပြောဆိုသတ်မှတ်ခဲ့ကြသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ အမည်ခံသူများသည် အစပထမတော့ ပါတီအဖြစ်နှင့်သာ တောတွင်းမှာ နေထိုင်ကြပေမယ့် နောက်ပိုင်းတွင် ပါတီအမည်နှင့် လက်နက်တွေကိုင်လာသည်။ အစိုးရကို ပြန်တိုက်လာသည်။ ကျေးရွာတွေဝင်ရောက်ပြီး ဖောက်ထွင်းလာသည်။ လူသတ်မှုတွေ ကျူးလွန်လာသည်။

အစိုးရကလည်း ဆွေးနွေးဖို့ ခေါ်ပေမယ့် အောင်မြင်မှုမရရှိသဖြင့် အစိုးရကို အပြုတ်တိုက်မည်ဟု ပြောလာသဖြင့် အစိုးရစစ်တပ်သည် ကွန်မြူနစ်များကို ထိုးစစ်ဆင် တိုက်ခိုက်နေသည်။ အစိုးရ၏ ထိုးစစ်ကြောင့် ပါတီဝင်များ ထွက်ပြေးနေကြသည်။ ပါတီအတွက် လုပ်ဆောင်နိုင်ခြင်း မရှိချိန်တွင် ပါတီ၏ရန်ပုံငွေတွေကို ဂရုမစိုက်နိုင်အောင် ဖြစ်နေရသည်။ ထို့ကြောင့် ဗဟိုကော်မတီအစည်းအဝေးက ဘဏ္ဍာရေးကော်မရှင်၏ အရံရန်ပုံငွေ (အထူး)ကိစ္စရပ်ကို စတင်ဆွေးနွေးကြသည်။

၎င်းအစည်းအဝေးမှ **"ဘဏ္ဍာရေးကော်မရှင်"**ကို ဖွဲ့စည်းလိုက်သည်။ ကော်မရှင်တွင် နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်သုံးဦးနှင့် ဗဟိုကော်မတီအဖွဲ့ဝင် နှစ်ဦးတို့ ပါရှိသည်။

ထိုပုဂ္ဂိုလ်များမှာ...

၁။ **သခင်ဇင်** (နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်)
၂။ **ရဲဘော်ဌေး** (နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်)

www.burmeseclassic.com

www.burmeseclassic.com



၃။ ရဲဘော်တင် (နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်)
၄။ ရဲဘော်မြင့် (ပဲခူးရိုးမ၊ ဗဟိုကော်မတီအဖွဲ့ဝင်)
၅။ ရဲဘော်စိုးသန်း (မြစ်ဝကျွန်းပေါ်ဒေသ၊ ဗဟိုကော်မတီ အဖွဲ့ဝင်)

တို့ ဖြစ်ကြသည်။ ထို့အတူ ဘဏ္ဍာရေးကော်မရှင်၏ လုပ်ငန်းတာဝန်များကိုလည်း အောက်ပါအတိုင်း သတ်မှတ်ပေးခဲ့သည်။

(က) သီးသန့်ရန်ပုံငွေ ကျပ်နှစ်သိန်းပြည့်သည်။
(ခ) အရံရန်ပုံငွေ(အထူး)ထိန်းသိမ်းရေး။
(ဂ) ဘဏ္ဍာရေးဆိုင်ရာစည်းကမ်းချက်များနှင့် စနစ်များ သတ်မှတ်ရေး။
(ဃ) တိုင်းအသီးသီးမှ အချိုးကျငွေများကို ဗဟိုသို့ပို့ဆောင်ရေး။

တို့ ဖြစ်သည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင်သည် ယင်းအရံရန်ပုံငွေ (အထူး)ကိစ္စကို စစ်ဆေးရန်ဖြစ်သည်။ အထူးသဖြင့် အဓိကစစ်ဆေးမည့်သူမှာ သခင်ဇင် ဖြစ်သည်။ သခင်ဇင်သည် ဥက္ကဋ္ဌ သခင်သန်းထွန်း နေထိုင်ရာ ဝါးတဲသို့ သွားရောက်ခဲ့သည်။

သခင်သန်းထွန်းသည် ဂဏ္ဍီမရ ဖြစ်နေသည်။ အထူးဝင်စိတ်လှုပ်ရှားနေသည်။ မအောင့်နိုင်တော့ဘဲ သခင်ဇင်အား ဦးစွာမေးလိုက်လေသည်။

“ဦးသာခင် ဘဏ္ဍာရေးကော်မရှင်ကိစ္စလား”

“ကျွန်တော် အဲဒီကိစ္စကို ပြောမလို့ပါပဲ”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုလိုက်ပြီးနောက် သခင်သင်ထွန်း၏အနားသို့ တိုးသွားလေသည်။ သခင်သန်းထွန်း၏ အသံမှာ တိုးနေသည်။ ဂရုစိုက်နားထောင်မှ ကြားနိုင်သည်။ စိတ်ဓာတ်ကလည်း ဂဏှာမငြိမ် ဖြစ်နေသည်။ အသံတွေလည်း ယခင်ပင်ကိုအသံလို မပီသအောင် ဖြစ်နေသည်။

"ကျွန်တော့်ကို အပ်ထားတဲ့ ပစ္စည်းတွေကို ကျွန်တော့်လက်ထဲမှာ မလုံခြုံတော့ဘူးလို့ ယူဆပြီး မခင်ကြီးကိုပေးထားလိုက်တယ်"

ဟု ပြောလိုက်သည့်အတွက် သခင်ဇင်သည် "ဟင်... ဟုတ်လား၊ ဘယ်တုန်းကလဲ"ဟု ပြောလိုက်သည်။ ကိုယ်ကိုလည်း လဲမကျသွားအောင် ထိန်းလိုက်ရသည်။ ဒေါသလည်း ထွက်လာသည်။ ပါတီအတွက် အသုံးပြုမည့်ပစ္စည်းကို မည်သည့်အတွက် ဘယ်အတွက်ကြောင့် ဇနီးဖြစ်သူကို ပေးလိုက်ရတာလဲ။ ထို့နောက် သခင်ဇင်သည် သခင်သန်းထွန်း၏ တဲအတွင်းမှ အမြန်ပြန်ထွက်လာသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်း ဘဏ္ဍာငွေခိုးမှု ဆွေးနွေးချက်

စောစောပိုင်းက အမှတ်တမဲ့ နေခဲ့ကြပေမယ့် ချက်ချင်း ကြားလိုက်ရသည့်အတွက် ပါတီဗဟိုမှာ တုန်လှုပ်သွားသည်။ သခင်သန်းထွန်း၏ လုပ်ရပ်ကို စိတ်ပျက်ကုန်ကြသည်။ ထို့ကြောင့် ၎င်းကိစ္စကို ဖြေရှင်းရန်အတွက် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး ကို စတင်ရန် ချက်ချင်းစီစဉ်လိုက်လေသည်။

ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးဟု ဆိုရပေမယ့် ခမ်း ခမ်းနားနား ခန်းမကြီးထဲမှာမဟုတ်၊ (၁၅)ပေပတ်လည် ဝါးကပ် မိုးထားသည့် ဝါးတဲလေးသာဖြစ်သည်။ ကုန်းမြင့်မြင့်တောင်ကြော လေးပေါ်တွင် ပလတ်စတစ်ခင်းထားသည်။

၎င်းကိစ္စနှင့် ပတ်သက်၍ သခင်ဇင်က ဘဏ္ဍာရေးကော် မရှင် အဖွဲ့ဝင်များအား သခင်သန်းထွန်းနှင့် တွေ့ဆုံမေးမြန်းသိရှိ ချက်များကို စိတ်ထိခိုက်စွာဖြင့် ရှင်းပြခဲ့သည်။ သခင်ဇင်၏ ရှင်း ပြချက်ကို အားလုံးက ဒေါသထွက်နေကြသည်။ တကယ်တော့ သခင်ဇင် အပါအဝင် ရဲဘော်ဌေး၊ ရဲဘော်ဘတင်တို့လို လူတွေ ဟာ သခင်သန်းထွန်းနှင့် အသက်သိပ်မကွာလှပေ၊ တချို့ဆိုလျှင် အသက်ကြီးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူနစ်ဝါဒကို လက်မလွှတ်နိုင်သည့်အတွက်ကြောင့် တောထဲမှာ နေထိုင်သူများဖြစ်သည်။ သခင်ဇင် ဆိုလျှင် ရေနံ သပိတ် မတိုင်မီကာလထဲက အင်္ဂလိပ်တွေကို တွန်းလှန်ခဲ့သူများ ဖြစ်သည်။ ရှင်းအောင်တင်ပြရလျှင် သခင်ဖိုးလှကြီးနှင့် နှင်လား ငါလားဆိုသူများဖြစ်သည်။

"ဘာ ... ဘာဗျ၊ ဦးသာခင် ဘာပြောတယ်"

ရဲဘော်ဘတင်က ရုတ်တရက် မေးလိုက်သည်။ ခေါင်းကို လည်း တဆတ်ဆတ်ညိတ်၍ သခင်ဇင် ထိုင်နေရာဘက်သို့ ဖင် ကိုတရွတ်တွန်း၍ ကပ်သွားလေသည်။ အလားတူ အစည်းအဝေး တက်ရောက်လာသည့် ဘဏ္ဍာရေးကော်မရှင်အားလုံး "ဟင်"ဟု သံပြိုင်ထွက်သွားကြသည်။ တစ်ဦးမျက်နှာ တစ်ဦးကြည့်နေကြ သည်။

ထို့နောက် ရဲဘော်စိုးသန်းသည် သခင်ဇင်၏ မျက်နှာကို စိုက်ကြည့်နေသည်။ ရဲဘော်ဌေးမှာ ရှေ့တည့်တည့်တွင် ရှိနေ သည့် ပျဉ်းကတိုးပင်ကိုသာ မော့ကြည့်နေကြသည်။ ၎င်းတို့၏ စိတ်ထဲတွင် သခင်သန်းထွန်းသည် ကိုယ်ကျိုးရှာသူဟု ထင်မှတ် နေကြသည်။ ၎င်းအချိန်တွင် ရဲဘော်ဘတင်က...

"အဲဒီအချိန်တုန်းက ဦးညိုမြင့်နဲ့အတူ ကျွန်တော်နဲ့ ကိုဌေး လည်း ရှိနေကြတယ်။ တစ်ပါတီလုံးနဲ့ ဆိုင်တဲ့ကိစ္စမို့ ကျွန်တော်တို့ကို ပြောဖို့ကောင်းတယ်။ ဒါမှမဟုတ် တစ် ယောက်ယောက်ကို အသိပေးဖို့ကောင်းတယ်။ အဲဒီတုန်း က မပြောလည်း အောက်မြန်မာပြည်ဘက်ကို ရောက်

www.burmeseclassic.com



ရောက်ချင်း သခင်ဇင်တို့ သခင်ချစ်တို့ကို ပြောဖို့ကောင်း တယ်။ အခုတော့ သခင်သန်းထွန်း အတော်ကို မရိုးမသား လုပ်ခဲ့တာပဲ။ သခင်သန်းထွန်းဟာ နိုင်ငံရေးပြစ်မှုတင်မက တော့ဘဲ ပါတီဘဏ္ဍာတွေကို ခိုးသူဖြစ်နေတယ်။ ဒီဘဏ္ဍာ တွေရရှိဖို့အတွက် ရဲဘော်တွေရဲ့အသက်တွေ၊ ချွေးတွေ၊ သွေးတွေ များစွာပေးအပ်ခဲ့ရတယ်"

ဟု မကျေနပ်ချက်တွေနှင့် ပြောလိုက်လေသည်။ ရဲဘော် ဘတင်၏စကားကို ထောက်ခံသည့်အနေဖြင့် သခင်ဇင်ကလည်း **"တောက်"**တစ်ချက် ခေါက်လိုက်လေသည်။

"ကျွန်တော်တော့ သခင်သန်းထွန်းကို အရမ်းစိတ်ပျက်သွား ပြီဗျာ။ ဒီလူ ဒီလောက် ကိုယ်ကျိုးရှာမယ်လို့ မထင်မိခဲ့ ဘူး"

ဟု ပြောကြားလိုက်သည်ကို ရဲဘော်စိုးသန်းကလည်း ဆက်လက် ပြောကြားလိုက်လေသည်။

"ကျွန်တော်ကတော့ သခင်သန်းထွန်းကို ဘာမှမယုံတော့ ဘူး။ ကိုယ်ကျိုးရှာတဲ့လူပဲ။ ဒီလိုလူမျိုးကို ဥက္ကဋ္ဌအဖြစ် ဆက်ထားဖို့ မလိုအပ်တော့ဘူး။ ဗဟိုကော်မတီအစည်း အဝေးထိုင်ပြီး ပါတီဥက္ကဋ္ဌအဖြစ်က ချက်ချင်းဖြုတ်ချရမယ်"

ဟု ပြောကြားလိုက်ပြီးနောက် ရဲဘော်ဌေးကလည်း ဆက် လက်ပြောကြားလိုက်သည်။

"သခင်သန်းထွန်း ဒီလိုလုပ်ရက်မယ်လို့ ကျွန်တော်မထင် ခဲ့ဘူး။ အခု သခင်သန်းထွန်း သူ့မိန်းမကို ပေးလိုက်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ပစ္စည်းတွေထဲမှာ စိန်ဘယက်တွေ အများကြီးပဲ။ စိန့်ဆံထိုးတွေ အပါအဝင် အမျိုးအစားပေါင်း (၂၀)ကျော် လောက်ရှိမယ်၊ ကာလတန်ဖိုး ၂၀-၃၀ ကျော်လောက်ရှိ မယ်။ ဒါကို ပြောရရင် ပါတီအတွက်၊ တော်လှန်ရေး အတွက် အသက်ပေးသွားကြတဲ့ ရဲဘော်ရဲဘက်များ၊ ပါတီ ဝင်များအတွက် လွန်စွာဝမ်းနည်းမိတယ်"

ဟု ပြောကြားသွားခဲ့သည်။ ထို့အတူ သခင်သန်းထွန်း၏ လုပ်ရပ်နှင့် ပတ်သက်၍ ရဲဘော်မြကလည်း ဒေါသများထွက်နေ သည်။ အလားတူ သခင်ချစ်ကလည်း ဒေါသထွက်နေသည်။

"သခင်သန်းထွန်းရဲ့ ခေါင်းဆောင်မှုကို အားမကိုးတော့ ဘူး၊ သူ့ရဲ့ပါတီအပေါ် ရိုးသားမှုကိုလည်း မယုံကြည်တော့ ဘူး"

ဟု ထည့်သွင်း ပြောဆိုနေကြသည်။ ၎င်းတို့သည် သခင် သန်းထွန်းကို ယုံကြည်ကြသည်။ လေးစားကြသည်။ သခင်သန်း ထွန်းသည် လေးစားစရာကောင်းသည့် အချက်များရှိသည်။

အစပထမတုန်းကတော့ ပါတီအပေါ် အင်မတန်မှ တန်ဖိုး ထားသည်။ သံယောဇဉ်လည်းကြီးသည်။ သခင်နုက ပါတီကို ဖျက်သိမ်းပြီး ဖဆပလပါတီထဲကိုဝင်ပြီး ရာထူးကြီးကြီးတစ်ခုကို လက်ခံပြီး နိုင်ငံအကျိုးကို လုပ်ဆောင်ရန် တောင်းဆိုဖူးသည်။ တစ်ချိန်တုန်းက သခင်သန်းထွန်းဟာ ပါတီအပေါ် အလွန်အဆ မတန်မှ တန်ဖိုးထားခဲ့ဖူးသည်။

ယခု ငွေကြေး စိန် ရွှေ ငွေ ရတနာတွေနှင့် ပတ်သက်၍

www.burmeseclassic.com

www.burmeseclassic.com



ရှိးသားမှုတွေကို ဖျက်ဆီးပစ်လိုက်ကြသည်။ ပါတီဝင်တွေကို စော်ကားရာရောက်သလို လေးစားမှုတွေကိုလည်း ဖျက်စီးလိုက်လေသည်။ ၎င်းကိစ္စသည် ဤနေရာတွင် ပြီးသွားပြီလား မထင်နှင့် အဖွဲ့အစည်းကိစ္စ ဖြစ်နေသည့်အတွက်ကြောင့် ဥက္ကဋ္ဌ သခင်သန်းထွန်း ဆက်လက်ဖြေရှင်းရမှာ ဖြစ်နေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်း၏လှည့်ကွက်

ရတနာတွေနှင့်ပတ်သက်၍ ဆက်လက်တင်ပြမှုနှင့် ပတ်သက်၍ ရတနာတွေ၏ နောက်ကြောင်းများကို ဆက်လက်တင်ပြချင်ပါသည်။ ရတနာပိုင်ရှင် ဦးစိန်ဝင်း ပိုင်ဆိုင်တာဖြစ်သည်။ အကြောင်းမှာ ၁၉၄၉ ခုနှစ် မေလနောက်ဆုံးပတ်လောက်တွင် ပဲခူးခရိုင် ပြောက်ကျားတပ်မှူး ဗိုလ်တိုက်အောင် (ပီကင်းပြန်တိုက်အောင်)ဦးစီးပြီး ဝေါမြို့နယ်၊ ဘုရားပြို့ရွာရှိ ပဲခူးဦးစိန်ဝင်း၏မြေတိုက်အား သွားရောက်ဖောက်ကာ ယူလာသည့် ရတနာပစ္စည်းများဖြစ်သည်။

ထိုစဉ်က ဗမာပြည်ကွန်မြူနစ်ပါတီ၏ အောက်ဗမာပြည်ဗဟိုဌာနခွဲရုံးသည် ဝေါမြို့နယ်၊ ဆင်ရွာတွင်ရှိသည်။ ဆင်ရွာ,ရွာသည် ယခင်မှ ယခုထိ လူကြိုက်များသည့် မချစ်စုသရက်သီးထွက်သည့် ရွာကြီးဖြစ်သည်။ ဆင်ရွာ,ရွာရှိ အိမ်တိုင်းတွင် မချစ်စုသရက်ပင်ရှိသည်။ ထို့ကြောင့် ဆင်ရွာနှင့် မချစ်စုကို ခွဲမရအောင်တွဲထားကြသည်။

(စာရေးသူ နေထိုင်သည့်ရွာနှင့် ဆင်ရွာဟာ သိပ်မဝေးဘူးဆိုပေမယ့် စာရေးဆရာကြီးမောင်ဝံသတို့ နေထိုင်သည့် မြစ်ချိုးနှင့်ဆို ပို၍နီးသည်။)

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က သခင်ဇင်နှင့် သခင်ချစ်တို့သည် အောက်ဗမာပြည် ဗဟိုဌာနခွဲရုံးတွင် တာဝန်ယူနေသည့် ကာလဖြစ်သည်။ ဗိုလ်တိုက်အောင်သည် ဖောက်ထွင်းရယူလာသည့် ရတနာပစ္စည်းများကို စနစ်တကျ သယ်ယူလာပြီး သခင်ဇင်နှင့် သခင်ချစ်တို့လက်ဝယ်သို့ အပ်လိုက်သည်။ သခင်ဇင်နှင့် သခင်ချစ်တို့ကလည်း လုံခြုံစွာ သိမ်းဆည်းထားလိုက်သည်။

၎င်းကိစ္စကို ခရေစေ့တွင်းကျ သိနေသူ သခင်မြသွင်က ထိုပစ္စည်းများကို ဘက်ထရီဘူးအခွံတစ်ခုတွင်ထည့်ပြီး ပျဉ်းမနားမြို့နယ်၊ ဥသျှစ်လိုင်းကျေးရွာတွင်ရှိသည့် ဗဟိုစခန်းဌာနချုပ်မှ သခင်သန်းထွန်းထံသို့ တိတ်တဆိတ် သွားရောက်ပေးပို့ခဲ့သည်။ သခင်မြသွင် ထိုသို့ပေးပို့ခြင်းကို ပထမတော့ သခင်ဇင်နှင့်သခင်ချစ်တို့မသိခဲ့။ သခင်မြသွင် တစ်ယောက် ရတနာစိန်ကျောက်များကိုယူပြီး ထွက်ပြေးသွားပြီဟု ယူဆကြသည်။

၁၉၅၁–ခုနှစ် မေလဆန်း၌ မသုံးလုံးနယ်မြေတွင် ပြုလုပ်သည့် အထက်ဗမာပြည်ကွန်ဖရင့်သို့ ဥက္ကဋ္ဌ သခင်သန်းထွန်း၊ သခင်သန်းမြိုင်၊ သခင်တင်ထွန်းတို့ တက်ရောက်ခဲ့ကြသည်။ သခင်သန်းထွန်း ခရီးထွက်နေစဉ်ကာလအတွင်း အဆိုပါ ရတနာစိန်ကျောက်များကို သခင်ဇင်နှင့် ရဲဘော်ဖြူဝင်း(ခ)ရဲဘော်ဘုတာကြီးတို့လက်ဝယ် အပ်နှံခဲ့သည်။

သခင်သန်းထွန်း အထက်မြန်မာပြည် ပြန်ရောက်သည့်အခါ သခင်သန်းထွန်းသည် ၎င်းတို့ ပြန်လည်ထိန်းသိမ်းခဲ့သည်။ တပ်မတော်ထိုးစစ်များနှင့် အကြိမ်ကြိမ် ရင်ဆိုင်စေကာမူ သခင်သန်းထွန်းသည် ထိုစိန်ကျောက်ထုပ်ကို ကိုယ်နှင့်မခွာ တစ်ဝါ

www.burmeseclassic.com



တည်း သယ်ဆောင်စဉ် သတိထားမိခဲ့သည်။ ၁၉၅၈–ခုနှစ် နိုဝင်ဘာလဆန်းလောက်တွင် စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၊ ရွှေပေါက်ပင်ရွာတွင် သခင်သန်းထွန်းနှင့်အဖွဲ့ ခေတ္တရောက်ရှိနေချိန်၌ ဇနီးသည် ဒေါ်ခင်ကြီးအား တိတ်တဆိတ် ခေါ်ယူလိုက်သည်။

၎င်းရတနာများကို ၎င်းတစ်ဦးတည်းသဘောဖြင့် ဇနီးဖြစ်သူလက်သို့ အပ်နှံခဲ့ခြင်းဖြစ်သည်။ ၎င်းနှင့်အတူ ရှိနေသည့် နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်များအားလည်းကောင်း၊ ဗဟိုကော်မတီအဖွဲ့ဝင် တစ်ဦးဦးကိုလည်းကောင်း မည်သူ့ကိုမျှ အသိမပေးခဲ့ပေ။ ၎င်းတစ်ဦးတည်းသဘောဖြင့် ပေးခဲ့ခြင်းသာဖြစ်သည်။

၁၉၅၈–ခုနှစ် ဒီဇင်ဘာလအတွင်း သခင်သန်းထွန်းသည် ဘုန်းတော်ကြီးအဖြစ် အသွင်ပြောင်းကာ ဘောက်တူတစ်စီးဖြင့် မြောင်မြို့နယ်၊ ရွှေပေါက်ပင်ရွာအနီးမှ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းခဲ့သည်။ သခင်သန်းထွန်း၏ ဘွဲ့အမည်မှာ ဦးသူရိယဖြစ်သည်။ နောက်ပါကပ္ပိယနှစ်ဦးမှာ ဗိုလ်တုတ်ရှုနှင့် စစ်ကိုင်းခရိုင်ကော်မတီဝင် ရဲဘော်မင်းသန်းတို့ ဖြစ်သည်။

၎င်းအဖွဲ့သည် ပြည်မြို့မြစ်ဆိပ်တစ်နေရာ၌ ရပ်နားခဲ့ပြီး သခင်သန်းထွန်း လှူဝတ်လဲလိုက်သည်။ ထို့နောက် ပြည်၊ ပေါင်းတလည်၊ ပေါက်ခေါင်းနယ်များကိုဖြတ်၍ ပဲခူးရိုးမတွင်းသို့ ဝင်ရောက်ခဲ့သည်။ ၁၉၅၉–ခုနှစ် ဇန်နဝါရီလ တတိယပတ်လောက်တွင် နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်များ ပြန်လည်စုဆောင်းမိကြသည်။

ထို့နောက် ၅၉၊ ၆၀၊ ၆၁၊ ၆၂ ခုနှစ်များတွင် ကျင်းပသည့် နိုင်ငံရေးဦးဆောင်အဖွဲ့ အစည်းအဝေးများ၌လည်း သခင်သန်းထွန်းသည် ရတနာစိန်ကျောက်များကိစ္စကို တစ်ခုံးတစ်ပါဒ

www.burmeseclassic.com

www.burmeseclassic.com



မျှ မပဟာခဲ့ချေ။ ရေငုံနှုတ်ပိတ် နေခဲ့သည်မှာ ငါးနှစ်တိုင်ခဲ့သည်။ ဗဟိုကော်မတီအစည်းအဝေးအပြီး ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းပြီး စိစစ်မေးမြန်းတော့မှ ထွက်ပေါက်မရှိတော့သဖြင့် ဖွင့်ဟဝန်ခံခြင်းဖြစ်သည်။

ဘဏ္ဍာရေးကော်မရှင်က ဒေါ်ခင်ကြီးထံချက်ချင်းအကြောင်းကြား၍ တောင်းယူရန် ဆုံးဖြတ်တော့သည်။ သခင်သန်းထွန်းလည်း မလွှဲမရှောင်သာ၍ ဇနီးသည် ဒေါ်ခင်ကြီးထံ စာရေးတောင်းခံရန် ဆုံးဖြတ်ကြသည်။ စာကြမ်းကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရသည်။ ၎င်းစာကို အတည်ပြုပြီးသည့်အခါ အချောပြန်ရေးသည်။ အချောရေးပြီးစာကို သခင်သန်းထွန်း ဇနီးဒေါ်ခင်ကြီးထံ ပို့လိုက်သည်ဟု နိုင်ငံရေးဦးဆောင်အဖွဲ့အား တင်ပြခဲ့သည်။

အမှန်မှာ သခင်သန်းထွန်းသည် ၎င်းစာကို ဒေါ်ခင်ကြီးထံသို့ လုံးဝပေးပို့ခဲ့ခြင်းမရှိ၊ ၎င်း၏အိတ်ထဲတွင်သာ လျှို့ဝှက်သိမ်းဆည်းထားသည်။ (မှတ်ချက်။ သခင်သန်းထွန်းရေးသည့်စာကို သီးသန့်အခန်းတွင် ဖော်ပြထားပါသည်။) သခင် သန်းထွန်းသည် စာကို ဇနီးထံပို့မည်ဟု ထင်နေကြသည်။ အရံရန်ပုံငွေကိစ္စသည် ကွန်မြူနစ်အချင်းချင်း စိတ်ဝမ်းကွဲနေကြသည်။ အများအားဖြင့် သခင်သန်းထွန်းကို အထင်သေးခြင်းကိုသာ ခံစားနေရသည်။

"အခုအချိန်ဟာ မြန်မာပြည်မှာရှိတဲ့ အကြီးဆုံးရန်သူနဲ့ ဓားဓားချင်း လှံလှံချင်း ရင်ဆိုင်နေရတယ်။ အခု ကျွန်တော်တို့ ငြိမ်းချမ်းရေးမှာ၊ စစ်မျက်နှာတစ်ခုမှာ ထိုးစစ်ဆင်နေတာပဲ။ ဒီစစ်မျက်နှာထိုးစစ်မှာတော့ ကျွန်တော်တို့က

www.burmeseclassic.com

www.burmeseclassic.com



နိုင်နေတယ်။ အမြတ်လည်း ရနေတယ်။ အခုလို ခင်ဗျားတို့နဲ့ ကျွန်တော်တို့ ပြန်ပြီးစုစုစည်းစည်း တွေ့နေရတာကို ကျွန်တော်တို့ရဲ့ ကြီးမားတဲ့အမြတ်ပဲ၊ ရှေ့မှာလည်း ဒီအပေါ်မှာ အမြတ်ဆက်ပြီးရအောင် လုပ်သွားရမယ်"၊

"ဒီအခြေအနေတွေမှာ ပုဂ္ဂိုလ်ရေးတွေလည်း ပြောဆိုဖို့ အချိန်မဟုတ်တော့ဘူး။ ပြီးပြီးသားကိစ္စ ပြီးပြီပဲ။ ကျွန်တော်တို့ရှေ့ဆက်ပြီး လုပ်စရာရှိတာတွေပဲ ဆက်သွားဖို့လိုမယ်"

"ကျွန်တော်တို့ အာဏာရရင် ဒီအရေးပြဿနာတွေနဲ့ ပုဂ္ဂိုလ်ရေးပြဿနာတွေက ရှင်းသွားမှာဖြစ်တယ်"

ဟု ပြောဆိုလိုက်သူမှာ ပီကင်းပြန်များဖြစ်သည့် သခင်ဗသိန်းတင်နှင့် ရဲဘော်အောင်ကြီးတို့၏ သဘောထားဖြစ်သည်။ သို့သော် ဘဏ္ဍာရေးကော်မရှင်သည် လက်မလျှော့ခဲ့။ ၁၉၆၃-ခုနှစ်တွင် တော်လှန်ရေးကောင်စီနှင့် ပထမတွေ့ဆုံဆွေးနွေးရန် ရန်ကုန်မြို့သို့ ရောက်ရှိနေစဉ် ကာလအတွင်း အမှတ်(၅၄) တက္ကသိုလ်ရိပ်သာလမ်းရှိ သခင်သန်းထွန်း၏ဇနီး ဒေါ်ခင်ကြီးထံ သွားရောက်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ရတနာစိန်ကျောက်များကို ပြန်လည်ပေးအပ်ရန် ပြောကြားခဲ့သည်။ သို့သော် ဒေါ်ခင်ကြီးက စိတ်ချရသည့်နေရာ၌ အပ်ထားသဖြင့် ချက်ချင်းပေးအပ်နိုင်ခြင်း မရှိသေးကြောင်း ပြောကြားလိုက်သည်။ အစိုးရနှင့် ဆွေးနွေးပွဲပျက်ပြားပြီးနောက် ဗဟိုကော်မတီ အစည်းအဝေး၌ ဥက္ကဋ္ဌ သခင်သန်းထွန်းသည် ကိုယ်ကျိုးအတွက် တိတ်တဆိတ် လျှို့ဝှက်ပေးခဲ့သည့် ပါတီတစ်ခုလုံးပိုင်ဖြစ်သည့် ဘုံဆိုင်ပစ္စည်းများနှင့် ပတ်သက်၍ စည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌသခင်သန်းထွန်းနှင့် ပတ်သက်၍လည်းကောင်း၊ ဗဟိုကော်မတီအစည်းအဝေးမှ ဆုံးဖြတ်ချက်အမှတ်(၂၆)ကို,ချမှတ်ခဲ့သည်။

အရံရန်ပုံငွေပစ္စည်းများနှင့် ဥက္ကဋ္ဌခန့်ခွဲမှုကိစ္စနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များက ဖော်ပြရန် စာမျက်နှာအခက်အခဲကြောင့် အချက်တစ်ချက်ကိုသာ ဖော်ပြလိုက်ရပါသည်။

၁။ ဥက္ကဋ္ဌမှ ထိုပစ္စည်းများကို သာမန်ရဲဘော်တစ်ဦးအား ပေါ့ဆစွာ လွှဲပေးခြင်း၊ ၎င်းကို နိုင်ငံရေးအမှုဆောင်အဖွဲ့အား ကာလရှည်ကြာ အကြောင်းမကြားဘဲထားခြင်းကိစ္စသည်...

(က) လူထုပစ္စည်းအပေါ် သဘောထား မလေးနက်ခြင်း။

(ခ) ပါတီ အပေါ်လည်းကောင်း၊ စုပေါင်းအဖွဲ့အစည်းအပေါ်လည်းကောင်း၊ ယုံကြည်ပုံအပ်မှု မရှိခြင်း၊ ပုဂ္ဂလိကမာန် ကျန်ရှိနေခြင်းတို့ကို ပြပေသည်။

(ဂ) ရန်သူအား လက်နက်ကောင်း ပေးရာလည်း ရောက်ပေသည်။

ဟု ရေးသားကြေညာခဲ့သည်။ ရန်ပုံငွေကြေညာချက်သည် (၇)ပိုဒ် ကျန်ရှိခဲ့ပါသေးသည်။ စာမျက်နှာအခက်အခဲကြောင့် ချန်ထားခဲ့ရပါသည်။ နိဂုံးချုပ်အနေနှင့် တင်ပြရလျှင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်းသည် ပါတီတစ်ရပ်လုံးပိုင်သော "ဘုံဆိုင်ပစ္စည်းအား" တိတ်တဆိတ်ဖွက်၍ ၎င်းခနီးသည်အား ပေးခဲ့ခြင်းနှင့် ပတ်သက်၍ မိမိကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်ချက်သော်လည်းကောင်း၊ ဆန်းစစ်ချက်သော်လည်းကောင်း တစ်စုံတစ်ရာမျှ ရေးသားတင်ပြခဲ့ခြင်းကို လုံးဝပင် မပြုလုပ်ခဲ့ချေ။

နောက်ဆုံး အပြီးသတ် အရုံရန်ပုံငွေအထူးကိစ္စကို ဗဟို စခန်းမှ ဦးသိန်း(ခ)ဟုတ်ကဲဦးကြည်အား အထူးဆတ်သားအဖြစ် ရန်ကုန်သို့စေလွှတ်၍ ဆက်သွယ်ပေးသူတစ်ဦးမှတစ်ဆင့် တောင်း ခံခဲ့သည်။ အတန်အသင့်သာ ပြန်လည်ရရှိခဲ့သည်။ နိဂုံးအနေနှင့် တင်ပြရလျှင် တချို့က တန်ဖိုးငွေ ကျပ် သိန်း(၂၀-၃၀)ဟု မှတ် တမ်းတင်သလို တချို့က သိန်း(၈၀)ကျော်ဟု ကွဲလွဲတာကို တွေ့ ရှိခဲ့ရပေတော့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်း ဇနီးဒေါ်ခင်ကြီးထံ ရေးတဲ့စာ

သခင်သန်းထွန်းသည် ဘဏ္ဍာဒွေကိစ္စနှင့် ပတ်သက်၍ပြော ဆိုလာသူများကို နှုတ်မှထုတ်မပြောပေမယ့် ရင်ထဲမှာတော့ အမှတ် ကြီးမှတ်ထားသည်။ ၎င်းကို မဟာအရှက်ရအောင် လုပ်သည်ဟု ထင်မှတ်နေသည်။ ၎င်းလုပ်သူများကိုလည်း ယဉ်ကျေးမှုတော်လှန် ရေး၏ အဆက်အဖြစ် ဖြုတ်ထုတ်သတ်စီမံကိန်း စတင်လိုက်သည်။ ၎င်းတို့ကိုလည်း စွဲချက်အမျိုးမျိုးဖြင့် သုတ်သင်လိုက်သည်။

အကြောင်းမှာ ရတနာကိစ္စနှင့် ပတ်သက်၍ ဇနီးဒေါ်ခင်ကြီး ထံ စာရေးခိုင်းသည်မှာ ပို၍ဒေါသထွက်ရသည်။ ၎င်းစာကြောင့် ဖြုတ်ထုတ်သတ်စနစ်ကို ကျင့်သုံးရသည်။ သခင်သန်းထွန်းသည် ဇနီးဒေါ်ခင်ကြီးထံ အမြဲလို စာရေးပို့ခဲ့သည်။ သခင်သန်းထွန်း ဇနီးဒေါ်ခင်ကြီးထံ ပေးပို့သည့်စာများကို ဆက်လက်တင်ပြချင် ပါသည်။

၁။ ပေးစာရတယ်။ စာရတော့ စိတ်မကောင်းပါ။

တစ်ခါလုပ်မိလို့ တစ်သက်လုံး ပြစ်ဒဏ်ပေးတဲ့သဘောထားသာ မရှိပါ။

ရှေ့ကို အကောင်းဆုံးဖြစ်ဖို့ သဘောပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စတွေကတော့ ရင်းရင်းနှီးနှီးပြောနိုင်းတဲ့အခါမှ ပိုပြီးနားလည်ပါလိမ့်မယ်။
အဲဒီတော့ ဒီကိစ္စကိုတော့ ရပ်ထားပြီး စိတ်ချမ်းချမ်းသာသာပဲ နေပါတော့။
မောင်ငယ်ဆီကို ရေးတဲ့စာ ဖတ်ရပါတယ်။
အစ်ကိုနဲ့ မောင်ငယ်တို့ကို ထိခိုက်စေမှာ
ဘာမှမလုပ်ပါဘူးလို့ ကတိပေးပါတယ် ဆိုတာကို
လုံးဝကျေနပ်ပါတယ်
အဲဒီစာကိုက မောင့်စာကို
အဖြေပေးတာပဲ သဘောထားပါတယ်။
၂။ အခြားကိစ္စတစ်ခု ပြောရဦးမယ်။
ဒါကတော့ အရေးကြီးတယ်။
အဲဒါကတော့ ရွှေပေါက်ပင်ကိစ္စပဲ။
အဲဒါတွေကို မောင့်အနေနဲ့ ဆိုင်ရာကို ပြန်ပေးဖို့ရှိတယ်။
ဒါကြောင့် ပြန်လိုချင်တယ်။
ဒီကိစ္စကိုတော့ မောင် စာနဲ့မရှင်းလိုပါဘူး။
ခင် နားလည်တယ်လို့ မောင် လုံးဝယုံကြည်တယ်။
တစ်နေ့ကျရင် ရှင်းပြပါ့မယ်။
မောင့်အနေနဲ့ရော၊
ခင့်အနေနဲ့ရော ထိခိုက်မှာ ဘယ်လိုမှ မဖြစ်စေချင်ဘူး။
အမောင့်အဖို့ရော ခင့်အဖို့ရော တာဝန်ကြီးတဲ့ကိစ္စဖြစ်တယ်
လောလောဆယ်မှာ ခင့်ဆီမှာ ဂရုတစိုက် ထိန်းသိမ်းထားပါ။
အစီအစဉ်ကောင်းကောင်းတစ်ခု လုပ်ပြီးရင်

www.burmeseclassic.com

www.burmeseclassic.com



ခင့်အနေနဲ့ရော

မောင့်အနေနဲ့ရော ယုံကြည်တဲ့လူနဲ့ ယူဖို့စိစဉ်ပါမယ်။

ခင်တို့အနေနဲ့ဟော့ ဆင်းရဲမှာပဲ။

အစုဆိုရင်တော့ ပိုကျပ်တည်းမှာပဲ။

မောင့်အနေနဲ့လည်း အကူအညီ မပေးနိုင်တာက

စိတ်လည်းမချမ်းသာဘူး။

ဒီကိစ္စတွေ တစ်ယောက်ကိစ္စ နှစ်ယောက်ကိစ္စ အနေနဲ့

လုပ်လို့မရဘူး။

အများစုကိစ္စကို ရှင်းပေးတဲ့နည်းနဲ့သာ ဖြစ်မှာပဲ။

ခင့်အနေနဲ့ နားလည်ပြီးသားလည်း ဖြစ်ပါတယ်။

ဘယ်လိုပဲဆင်းရဲ ဆင်းရဲ မောင့်ဂုဏ်သိက္ခာ၊

ခင့်ဂုဏ်သိက္ခာ၊ သမီးတို့... သားတို့ရဲ့

နောင်ရေးမထိခိုက်ရင် စိတ်ချမ်းသာတာပဲ။

အနေအထိုင် ဆင်းရဲကျပ်တည်းတာကတော့ ကျော်နိုင်ပါတယ်။

၃။ အရင်စာထဲမှာ သမီး တော်တော်ပဲ ဖျားတယ်ဆိုတာ

သိရလို့ တော်တော်စိုးရိမ်သွားပါတယ်။

နေကောင်းပါလိမ့်မယ်။

စာထဲမှာပါတော့ စိတ်အေးတော့ သွားပါတယ်။

အဲဒီလို ကြားရလေ သမီးတို့ သားတို့

ကို မောင်အနီးအနားထားတာ အကောင်းဆုံးလို့

မောင် စဉ်းစားလာတယ်။

အထူးသဖြင့် ဇူလိုင်လ(၇)ရက်နေ့

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စပြီးတော့ ဖေဖေနဲ့ အတူသေ အတူရှင် အတူလုပ်ရင်း
ပညာယူတာ အကောင်းဆုံးပဲလို့ ထင်လာတယ်။
ဒါကတော့ လေးလေးနက်နက် စဉ်းစားဖို့ပါပဲ။
သမီးတို့ သားတို့ဆီကို မောင် စာရေးမယ်လို့
စိတ်ပိုင်းဖြတ်လိုက်ပါတယ်။
သမီးတို့ သားတို့ ရှေ့ရေးအတွက် စဉ်းစားတဲ့အခါမှာ
သူတို့စိတ်ချမ်းသားဖို့လည်း လိုတယ်လို့
မောင်သဘောရလို့ပဲ။
မောင့်အနေနဲ့ သမီးတို့ သားတို့ဆီ စာရေးတဲ့အခါမှာ
ဖေဖေ့အနေနဲ့ ပြန်လာစေချင်တဲ့အကြောင်း
တော့လည်းရေးမယ်
ဒါကတော့ ချက်ချင်းပြန်ခေါ်တဲ့သဘောတော့ မဟုတ်ဘူး။
သူတို့ဟာ ငယ်ငယ်ကလေးတည်းက
ဖေဖေ့အလုပ်နဲ့ ဆက်စပ်လာခဲ့တယ်။
သူတို့အရွယ်ရောက်လာတဲ့အခါ
ဖေဖေ့အလုပ်တွေကို လုပ်စေချင်လို့ပဲ၊
ဒါကိုလည်း ခင် နားလည်လိမ့်မယ်လို့ ယုံကြည်ပါတယ်။
ခင့်အနေနဲ့လည်း မောင့်ဆီကို ပြန်လာစေချင်တဲ့
ဆန္ဒလည်းရှိတာပဲ။
နေ့ချင်းညချင်းဆိုတာ မဟုတ်ပါဘူး
ဖုတ်ပူမီးတိုက်လုပ်လို့လည်း မရပါဘူး။
မထိခိုက်သင့်တဲ့
လူတွေကို မထိခိုက်အောင်

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံအောင်နဲ့ အရေးအတွက်ကောင်းအောင်
စိစဉ်ပြီးမှ ဖြစ်မှာပဲ။

လောလောဆယ်မှာတော့ မောင့်ဆီမှာ
လိုပဲ ခင့်ဆီမှာလည်း အခက်အခဲ အကျပ်အတည်းတော့တွေ့
မှာပဲ။
စိတ်တော့မလျှော့စေချင်ပါ။
အဲဒါကတော့ လေးလေးနက်နက် ပြောချင်တာပဲ။
ဒီထက်မက အခက်အခဲတွေကိုတောင်
မောင်တို့ ကျော်လွှားခဲ့တာပဲ။

ထပ်တလဲလဲရေးခဲ့တဲ့အတိုင်း
စိတ်တော့မလျှော့စေချင်ပါ။
မောင်တို့ ခင်တို့အနေနဲ့ စိတ်ခိုင်ခိုင်ထားပြီး
ကြိုးစားရင် ရည်မှန်းချက်ပေါက်မှာပဲ။

မောင်လေးဆီရေးတဲ့ စာထဲမှာပါတဲ့
ခင့်သဘောထားအတိုင်းဆိုရင် မောင်ကတော့ ခင်နဲ့
စိတ်တူသဘောတူ ရှိနေတယ်ဆိုတာ
လုံးဝယုံကြည်ပါ မောင်။

အထက်ပါစာသည် ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်၏ အရေးတကြီး အမြန်ဆုံး လတ်တလော တိုက်တွန်းချက်ကြောင့်သာရေးသားရခြင်းဖြစ်သည်။

သခင်သန်းထွန်းသည် အဖွဲ့ကရေးပြီး ဒေါ်ခင်ကြီးထံပို့ရမည်ဟု ပြောဆိုသတ်မှတ်လို့သာ ရေးသားရခြင်း ဖြစ်သည်။ ထို့ကြောင့် သခင်သန်းထွန်းသည် ဇနီးဒေါ်ခင်ကြီးထံ စုစုပေါင်း

www.burmeseclassic.com

www.burmeseclassic.com



အစောင်(၄၆)စောင်ခန့်ရှိသည့်အထဲက အထက်တွင် တင်ပြလိုက်သည့် စာလည်းပါဝင်နေသည်။ သခင်သန်းထွန်းရေးသားသည့် စာများမှာ ဒေါ်ခင်ကြီးထံ ရောက်ရှိခဲ့ပေမယ့် ဖော်ပြပါစာသည် ဒေါ်ခင်ကြီးထံ မရောက်ခဲ့။ သခင်သန်းထွန်းသည် ၎င်းစာကို ကော်မရှင်ရှေ့မှာ ပို့မည်ဟု ပြောဆိုခဲ့ပေမယ့် မပို့ဘဲ အိတ်အတွင်း၌ လုံခြုံစွာ သိမ်းထားခဲ့သည်။

၎င်းစာသည် သခင်သန်းထွန်းသေမှ အိတ်ထဲက တွေ့ရှိခဲ့သည်။ အလားတူ သခင်သန်းထွန်း၏ စာတွေကို ပို့ပေးသည့် ဆက်သားအဖြစ် အထူးတာဝန်ယူထားသည့် ရန်ကုန်မြို့မှ ကိုချစ်အောင်နှင့် ဓနီးမအေးမြင့်တို့ဖြစ်သည်။

သခင်သန်းထွန်းသည် တောထဲတွင် လက်နက်ကိုင်ပြီးနေထိုင်ရပေမယ့် ဓနီးဒေါ်ခင်ကြီးနှင့် သားသမီးတွေကို အလွန်ပင်ချစ်သည်။ သခင်သန်းထွန်းနှင့် ဓနီး ဒေါ်ခင်ကြီးတို့မှာ သမီးကြီး ခင်ခင်သန်း၊ သားလတ် မောင်မောင်လေးနှင့် သားငယ်ညီညီလေးတို့ ဖြစ်သည်။

သို့သော် သခင်သန်းထွန်းသည် ဓနီးနှင့် သားသမီးတွေကို ချစ်သည်ဆိုပေမယ့် ကွန်မြူနစ်ပါတီနှင့် ပတ်သက်လျှင် ဒုတိယတွေ ဖြစ်ကုန်ကြသည်။ ဘယ်လိုပင် ဖြစ်ပေမယ့် သခင်သန်းထွန်းသည် ၎င်းအပေါ် လေးစားမှု ပျက်ပြားအောင် လုပ်သူတွေကိုတော့ အပြတ်ရှင်းရန် ဥပဒေတစ်ခု ထုတ်ပြန်လိုက်လေတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com



## တော်လှန်ရေးကောင်စီ၏ ကမ်းလှမ်းချက်

မြန်မာနိုင်ငံသည် ခေတ်ပြောင်းသွား၍ စနစ်တွေလည်း ပြောင်းလဲသွားသည်။ အကြောင်းမှာ ဦးနု ဦးစီးနေသည့် ပါလီမန် ခေတ် မဟုတ်တော့ဘဲ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် တော်လှန်ရေးကောင်စီအစိုးရခေတ် ဖြစ်နေသည်။ တော်လှန်ရေး ကောင်စီကို ဦးဆောင်သူ ဗိုလ်ချုပ်ကြီးနေဝင်းသည် တောတွင်း လက်နက်ကိုင်ခေါင်းဆောင် သို့မဟုတ် ကွန်မြူနစ်ပါတီ ဉက္ကဋ္ဌ သခင်သန်းထွန်းနှင့် နာမည်ကြီးကွန်မြူနစ်ပါတီ အင်အားစုတချို့ သည့် ၎င်း၏နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသည်။

ထို့အတွက်ကြောင့် အချင်းချင်းတိုက်ခိုက်နေရတာကို မပြု လုပ်ချင်သလို နိုင်ငံတော်နှင့် နိုင်ငံသားများ အေးချမ်းရေးကို ရည်ရွယ်၍ ဆွေးနွေးရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ထို့အတူ သခင်သန်းထွန်းတို့အဖွဲ့ကို ကမ်းလှမ်းကြသလို အခြားအဖွဲ့အစည်း များကိုပါ ကမ်းလှမ်းထားသည်။

တော်လှန်ရေးကောင်စီသည် ပြည်တွင်း ငြိမ်းချမ်းရေးကို လက်တွေ့တည်ဆောက်ကြရန်အတွက် အောက်ပါကမ်းလှမ်းချက် တစ်ရပ်ကို ထုတ်ပြန်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် တော်လှန်ရေး ကောင်စီနည်းတူ ပြည်တွင်းငြိမ်းချမ်းရေးကို ပြန်လည်တည် ဆောက်လိုကြသည် ဆိုပါက ဤသို့တည်ဆောက်လိုပါလျှင် နှင့် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်သည် မလုံလောက်ဟု ဆိုလျှင် (သို့မဟုတ်) အခြားအကြောင်းများ ရှိနေကြသေး လျှင် တော်လှန်ရေးကောင်စီသည် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဤပြဿနာအဝဝကို ကူညီဖြေရှင်းလိုကြောင်း ကမ်းလှမ်း လိုက်ပါသည်။

၂။ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်ဖက်စလုံးက မညီသည့် အချက်ကို အခြေခံ၍ ဆွေးနွေးလိုသည်ဟူသော ကြိုတင် စည်းကမ်းသတ်မှတ်ချက်မျိုးသည် မတွေ့ဆုံရမီကပင် တစ် ဖက်နှင့်တစ်ဖက် တင်းမာမှုသဘောကိုပြခြင်း။ ဆွေးနွေးပွဲ၏ နယ်နိမိတ်ဘောင်ကို အသေတုတ်ချည်၍ ကျဉ်းမြောင်းသွား စေရာရောက်ခြင်းတို့ကြောင့် ငြိမ်းချမ်းရေးတည်ဆောက်မှုကို လက်တွေ့အားဖြင့် အကျိုးပြုနိုင်သည်ထက် အဟန့်အတား ဖြစ်စေသည်ဟု တော်လှန်ရေးကောင်စီက ထင်မြင်သဘော ရရှိပေသည်။

၃။ ဤသို့ တစ်ဖက်နှင့်တစ်ဖက် ကြိုတင်စည်းကမ်းသတ်မှတ် ချက်မျိုး အလျဉ်းမပါဘဲ တိုင်းပြည်၏ပကတိအခြေအနေကို မျက်မှောက်ပြု၍ လက်တွေ့ကျကျ ဆွေးနွေးဖြေရှင်းသည့် နည်းကို လက်နက်ကိုင် တောတွင်းအင်အားစုများက သဘော တူလက်ခံကြမည် ဆိုပါက တော်လှန်ရေးကောင်စီသည် နိုင်ငံရေးကြောင့်လည်းကောင်း၊ လူမျိုးရေးကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ မည်သည့်အကြောင်းနှင့်ပင်ဖြစ်စေ တောတွင်း၌ ရောက်ရှိနေကြသည့် မည်သည့်လက်နက်ကိုင်အဖွဲ့အစည်း များနှင့်မဆို တွေ့ဆုံဆွေးနွေးဖို့ အသင့်ရှိကြောင်း ထုတ်ပြန် ကြေညာအပ်ပါသည်။

၄။ တွေ့ဆုံဆွေးနွေးကြရာဝယ် တော်လှန်ရေးကောင်စီက ထား ရှိမည့် အခြေခံ ပင်မစိတ်ထားမှာ အတိတ်၏ အကြောင်း အရာများနှင့် ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး အပြစ်ဖို့ခြင်း မျိုးကို ရှောင်ကြဉ်ပြီး အမြတ်ထွက်မှုဟူသော သဘောမျိုး မထားဘဲ အလုပ်သမား လယ်သမားနှင့် လုပ်သားပြည်သူ တို့၏ အကျိုးကိုသာ အာရုံစူးစိုက် လုပ်ကိုင်သွားဖို့ပင်ဖြစ် ပါသည်။

၅။ ဤသို့ လက်ခံတွေ့ဆုံဆွေးနွေးရန်အတွက် တောတွင်းအဖွဲ့ အစည်းများက အလိုရှိပါလျှင် ၎င်းတို့ကိုယ်စားလှယ်များ၏ အသွားအပြန်ခရီးစဉ်တစ်လျှောက် လုံခြုံရေးအတွက် တော် လှန်ရေးကောင်စီက တာဝန်ယူမည်။ အကယ်၍ ဆွေးနွေးပွဲ မအောင်မြင်သဖြင့် တောတွင်းသို့ ပြန်လိုကြပါလျှင် သွားလို ရာဒေသအထိ လိုက်ပို့ပေးမည်သာမက သုံးရက်အတွင်း ဖမ်းဆီးခြင်း၊ တိုက်ခိုက်ခြင်း လုံးဝပြုလုပ်မည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဤသို့ ကြေညာလိုက်သည့်အတွက် တောတွင်းလက်နက် ကိုင်အဖွဲ့အစည်းများ အံ့သြကုန်ကြသလို သခင်သန်းထွန်း ဦးဆောင် သည့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်း၌ အလွန်ပင် အံ့သြကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ထိုကြေညာချက် ထွက်ပေါ်မလာခင် ၁၉၆၃–ခုနှစ် ဖွန်လပထမပတ်အတွင်းမှာပင် ဗဟိုဌာနချုပ်စခန်း၌ကျင်းပသည့် ပဲခူးရိုးမ(၅)ခရိုင် ကွန်ဖရင့်အတွေ့အကြုံကို နိဂုံးချုပ်သည့် အစည်းအဝေးတွင် ပါတီဥက္ကဋ္ဌကြီး သခင်သန်းထွန်းက ထိုကဲ့သို့ ပြောကြားလေသည်။

**"ဒီနေ့ မြန်မာပြည်မှာ ဒီမိုကရေစီမိုးမှောင်ကြီးဟာ ကျနေပြီ။ ဒီလိုဖြစ်တာဟာ စစ်တပ်က အာဏာသိမ်းလို့ပဲ။ ပြီးတော့ ဗမာပြည်အုပ်စိုးသူ ခေနရှင်လူတန်းစာမှာ အုပ်စုကြီး သုံးစုရှိတယ်။ ပထမအုပ်စုကတော့ သန့်ရှင်းဖြစ်တယ်။ ဒုတိယအုပ်စုကတော့ တည်မြဲဖြစ်တယ်။ တတိယအုပ်စုကတော့ စစ်တပ်အုပ်စုဖြစ်တယ်။ ဒီမှာ အဆိုးဆုံးကတော့ တတိယအုပ်စုပါပဲ။ ပါတီအနေနဲ့ တတိယအုပ်စုဖြစ်တဲ့ စစ်တပ်ကို အဓိကဦးတည်တိုက်ခိုက်ရမယ်။ ချေမှုန်းရမယ်။ လူတန်းစားလက္ခဏာအရ သတ်မှတ်ရင် စစ်တပ်အုပ်စုဟာ ဖောက်ပြန်တဲ့ အမျိုးသားခေနရှင်ကြီးလူတန်းစားဖြစ်တယ်။ အခုလို လက္ခဏာသတ်မှတ်ချက်တွေအရပဲ ပြည်တွင်းငြိမ်းချမ်းရေးကို ခေစပ်ဆွေးနွေးတဲ့နည်းနဲ့ ရဖို့ဆိုတာကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး။ ကနေ့ ဗမာပြည်မှာ ငြိမ်းချမ်းရေးအလားအလာဟာ အလွန်ကိုနည်းသွားပြီဖြစ်တယ်။, ဒါကြောင့် ဒီအချက်ကို အထူးအလေးအနက်ထားဖို့လိုတယ်"**

ဟု ပြောခဲ့သည်။ သခင်သန်းထွန်းသည် တော်လှန်ရေးကောင်စီက ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ တော်လှန်ရေး

www.burmeseclassic.com

www.burmeseclassic.com



ကောင်စီအပေါ် သံသယဖြစ်နေသည်။ ရိုးသားရဲ့လား၊ ၎င်းတို့ကို ခေါ်ယူခြင်းသည် လူတွေကိုဖမ်းဆီးရန် သို့မဟုတ် လူအင်အားကို လေ့လာရန်ဖြစ်သည်ဟု ထင်မှတ်နေသည်။

ထို့ကြောင့် ဆွေးနွေးပွဲစကားကို အတည်ပြုနိုင်ရန် ရဲဘော်တွေကို တစ်ဦးချင်းစီ၏သဘောထားကို မေးလျက်ရှိလေသည်။ တချို့က တွေ့ဆုံဆွေးနွေးရေးဆိုတာဟာ တွေ့ဆုံဆွေးနွေးရေးသည် အတုအလိမ်သာဖြစ်သည်။ ဒါကို သေသေချာချာ လေ့လာပြီး လူထုအတွင်းမှာ အစွမ်းကုန် ဖွင့်ချသွားမည်။

အားလုံးက သခင်သန်းထွန်း၏စကားကို ထောက်ခံကြပေမယ့် တချို့က ဆွေးနွေးစေချင်ကြသည်။ အစိုးရနှင့် ဆွေးနွေးရာတွင် တောင်းဆိုချက်များရလျှင် အောင်မြင်သည်ဟု ထင်မှတ်နေကြသည်။ နောက်ဆုံးတွင် ငြိမ်းချမ်းရေးကို လက်ခံရန်ဘက်က များသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပထကမငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့

တော်လှန်ရေးကောင်စီနှင့် ဆွေးနွေးရန် ကွန်မြူနစ်ပါတီအဖွဲ့ခေါင်းဆောင်များကို အဆင့်ဆင့် ရွေးချယ်ကြသည်။ ရွေးချယ်ပြီး ပထမကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်မှာ ရဲဘော်ဌေးဖြစ်သည်။ ထိုအချိန် ရဲဘော်ဌေးသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အတွင်းရေးမှူးဖြစ်သည်။

တို့နောက်...

ရဲဘော်အောင်ကြီး ဗဟိုကော်မတီ

မိုလ်ဇေယျ ဗဟိုကော်မတီနှင့်စစ်ဦးစီးဌာနချုပ်မှူး

မိုလ်စိုးမောင် တပ်မှူးကြီး၊ ဗဟိုစစ်ဦးစီးဌာနချုပ်

မိုလ်ပု တပ်မှူးကြီး၊ ဗဟိုစစ်ဦးစီးဌာနချုပ်

ရဲဘော်သက်တင် ဗဟိုဌာနချုပ်

တို့သည် အဖွဲ့ဝင်များအဖြစ် ပါဝင်ခဲ့သည်။ ပထမကိုယ်စားလှယ်အဖွဲ့အတွက် အဖွဲ့ဝင်များကို ရွေးချယ်ရာတွင် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သာ တာဝန်ခံရွေးချယ်ကြသည်။ သူတို့၏ရွေးချယ်မှုသည်သာ အတည်ဖြစ်သည်။ အဖွဲ့ဝင်များနှင့်ပတ်သက်၍ တစ်ဖက်ပရိသတ်များ သိရှိရန် တစ်ယောက်ချင်းစီအကြောင်းကို ဆက်လက်တင်ပြချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ဌေး (ခေါင်းဆောင်)

အစိုးရက ဆွေးနွေးရန် ဖိတ်ခေါ်မှုကိုလက်ခံပြီး သွားရောက်ဆွေးနွေးရန် သခင်သန်းထွန်း ဦးဆောင်ပြီး ရွေးချယ်ကြသည်။ ထိုအထဲမှ ရဲဘော်ဌေးကို အဖွဲ့ခေါင်းဆောင်ဟု ရွေးချယ်လိုက်ကြသည်။ ရဲဘော်ဌေးသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အတွင်းရေးမှူး ဆိုသော်လည်း သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ပဏာမကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နေရာကို မပေးချင်ကြ။ သူတို့ပေးချင်သူမှာ သခင်ချစ် ဖြစ်သည်။

သို့သော် ထိုအချိန်က သခင်ချစ်သည် ဗဟိုဌာနချုပ်တွင်မရှိ၊ ရခိုင်ပြည်နယ်သို့ ရောက်ရှိနေ၍ ရဲဘော်ဌေးအား အဖွဲ့ခေါင်းဆောင်နေရာကို ပေးလိုက်ရခြင်းဖြစ်သည်။ အမှန်စင်စစ် ပဏာမကိုယ်စားလှယ်ခေါင်းဆောင်နေရာကို ရဲဘော်ဌေးကိုသာ ပေးရမှာဖြစ်သည်။

အကြောင်းမှာ ရဲဘော်ဌေးသည် ၁၉၆၂–ခုနှစ် ဇွန်လတွင်ကျင်းပသည့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအစည်းအဝေးမှ ဗဟိုကော်မတီအတွင်းရေးမှူးအဖြစ် တညီတညွတ်တည်း ထင်မြှောက်ခံရသူဖြစ်သည်။ သို့သော် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ဌာနချုပ်တွင် သခင်ချစ် ရှိနေ၊ါက ကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်ကိုပယ်ဖျက်ပြီး ပဏာမကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နေရာကို သခင်ချစ်အားပေးရန်ဖြစ်သည်။

သို့သော် သခင်ချစ်က မရှိသည့်အတွက် ရဲဘော်ဌေးအား အဖွဲ့ခေါင်းဆောင်နေရာကို ပေးရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်စိုးမောင်နှင့် ဗိုလ်ပု

'ဆက်လက်၍ အစည်းအဝေးပွဲ တက်ရောက်ရန်ရှိနေသေးသည်။ အကြောင်းမှာ သခင်သန်းထွန်း၏ နိုင်ငံရေးလှည့်ကွက်တစ်ခုဟု ယူဆရန်ဖြစ်သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဗိုလ်စိုးမောင်နှင့် ဗိုက်ပုတို့ဖြစ်သည်။ ဗိုလ်စိုးမောင်နှင့် ဗိုလ်ပုတို့သည် စစ်တပ်မှ လာကြသူများဖြစ်သည်။

သူတို့သည် ပဏာမကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် ပါဝင်လာရခြင်းမှာ သခင်သန်းထွန်း ကိုယ်တိုင် ရွေးချယ်သင့်သည်ဟု သဘောထားပေးသောကြောင့် ဖြစ်သည်။ တချို့ကို ဗိုလ်စိုးမောင်၊ ဗိုလ်ပုတို့နေရာတွင် ပီကင်းပြန်ဗိုလ်ထွန်းငြိမ်းအား ထည့်သွင်းလိုက်ကြသည်။

၎င်းတို့နှစ်ယောက်အပေါ် သခင်သန်းထွန်း၏ မှတ်ချက်များမှာ **"ဗိုလ်ပုနဲ့ဗိုလ်စိုးမောင်တို့ဟာ ရန်သူစစ်တပ်ထဲမှာ ရင်းနှီးတဲ့သူတွေရှိတယ်၊ သူတို့ဩဇာလည်း တတ်နိုင်တယ်။ ပြီးတော့ သူတို့ကိုယ်တိုင်ကလည်း ရန်သူစစ်တပ်က လာကြသူတွေဆိုတော့ ဗိုပြီးမျက်နှာပန်းလှတယ်။ ရန်သူစစ်တပ်ကလာတဲ့ သူတွေကိုလည်း ကျွန်တော်တို့က နေရာပေးထားတယ်ဆိုတာ မြင်အောင်ပြရာလည်း ရောက်တယ်"**

ဟု ဆိုခဲ့သည်။ ထို့အပြင် သခင်သန်းထွန်းက ဆက်လက်ပြောရာတွင် **"ရန်သူတွေနဲ့တွေ့ရ၊ ရင်ဆိုင်ရတဲ့အခါမှာ ပါတီဟာ အစစအရာရာမှာ အဘက်ဘက်မှ ခုံညားဖို့လိုတယ်။ မရှိတာကို ရှိအောင်လုပ်ရမယ်၊ ဖန်တီးရမယ်၊ ဒါမှ ရန်သူက လေးစားလာမှာဖြစ်တယ်ဟု သူ့အယူအဆအတိုင်း** ပြောလိုက်သည်။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ဗိုလ်စိုးမောင်နှင့် ဗိုလ်ပုကို ချက်ချင်းပဲ "တပ်မှူးကြီး၊ ဗဟိုစစ်ဦးစီးဌာနချုပ်" ဟု ခန့်အပ် တာဝန်ပေးလိုက်လေသည်။

အမှန်စင်စစ် ဗိုလ်စိုးမောင်နှင့် ဗိုလ်ပုတို့သည် ဗဟိုဌာနချုပ်မှ မဟုတ်ကြပေ။ ကွန်မြူနစ်ပါတီ ရှမ်းပြည်နယ်ကောင်စီဝင်များအဖြစ် ဗဟိုဌာနချုပ်သို့ ဆွေးနွေးရန် ယာယီရောက်နေသူများ ဖြစ်ကြသည်။ သူတို့ကိုပေးသော တပ်မှူးကြီး၊ ဗဟိုဦးစီးဌာနချုပ် ရာထူးမှာလည်း သခင်သန်းထွန်း အရေးပေါ်ခန့်အပ်လိုက်သည့် စာရွက်ပေါ်မှ ရာထူးများဖြစ်ကြသည်။

အမှန်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် "ဗဟိုစစ်ဦးစီးဌာနချုပ်" ဟူ၍ ဖွဲ့စည်းထားခြင်း မရှိသလို တည်ထောင်ထားခြင်းလည်းမရှိ။ စစ်တပ်မှ ရှိသေလေးစား အထင်ကြီးရန် လက်တလော သတ်မှတ်လိုက်သည့် ရာထူးသာဖြစ်သည်။

## ရဲဘော်သက်တင်

ရွေးချယ်ထားသည့် အထဲမှာ ရဲဘော်သက်တင် ဆိုတာလည်း ရှိနေသေးသည်။ ရဲဘော်သက်တင်ကို ပဏာမကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့မှ ရွေးချယ်လိုက်ခြင်းဖြစ်သည်။ သူတို့ ရွေးချယ်ရခြင်းမှာ ရဲဘော်သက်တင်သည် အလံနီကွန်မြူနစ်ပါတီ ဗဟိုကော်မတီကိုယ်စားလှယ်အဖြစ် တရုတ်ပြည်သို့ ရောက်နေသူဖြစ်သည်။

ထို့နောက် တရုတ်ပြည်တွင် တရုတ်ကွန်မြူနစ်ပါတီ၏ ညွှန်ကြားချက်အရ ဗမာပြည်ကွန်မြူနစ်ပါတီသို့ ကူးပြောင်းလာခဲ့သူဖြစ်သည်။ ထို့ကြောင့် သခင်သန်းထွန်းသည် ရန်ကုန်မြို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဗမာပြည်အနှံ့အပြားတွင်ရှိသော အလံနီအနွယ်များကို စည်းရုံးသိမ်းသွင်းရန်အတွက် ရဲဘော်သက်တင်ကို ရွေးချယ်ခဲ့သည်။

ရဲဘော်သက်တင်သည် ပီကင်းပြန်ဖြစ်သဖြင့် အရှိန်အဝါလည်း ပိုမိုကြီးမားလိမ့်မည်ဟု တွက်ဆထားသည်။ သခင်သန်းထွန်းသည် အကြံအစည်ကြီးပြီး အမြော်အမြင်လည်းရှိသည်။ ပဏာမကိုယ်စားလှယ်များကို ရွေးချယ်အသုံးချခွင့်ရသည်။

တရုတ်ပြည်က ပြန်လာသည့် ခေါင်းဆောင်များကို ဗမာပြည်သူထုက အထင်ကြီးသည်။ စိတ်ဝင်စားသည်။ စစ်အစိုးရနှင့်သူ့ရဲ့တပ်မတော်အတွင်းကလည်း ပီကင်းပြန်တွေကိုသာ လေးစားကြသည်။ တန်ဖိုးထားကြသည်။ ဒါကြောင့် ပါတီ၏အကျိုးအမြတ်ကိုကြည့်ပြီး ပီကင်းပြန် ဗဟိုကော်မတီများကိုသာ ထည့်ရမည်ဟု သခင်သန်းထွန်းက ပြောကြားခဲ့သည်။

ထိုအချိန်က ရဲဘော်ဘတင်(ဂိုရှယ်)သည် ဗမာပြည်တွင်းမှ အတွေ့အကြုံရှိ၍ ရင့်ကျက်မှုရှိသည့် ဗဟိုကော်မတီအချို့ကိုထည့်သွင်းလိုသည်။ ဗဟိုဌာနချုပ်၏ ပတ်ဝန်းကျင်တွင်ရှိသည့် ပဲခူးရိုးမတိုင်းဥက္ကဋ္ဌ ဗဟိုကော်မတီ ရဲဘော်မြအား ပဏာမကိုယ်စားလှယ်အဖွဲ့တွင် ထည့်သွင်းရန် လျာထားခဲ့သည်။

သို့သော် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့က အပြင်းအထန် ကန့်ကွက်၍ ပယ်ချခဲ့သည်။ ထို့နောက် အဖွဲ့ဝင်များကို ရွေးချယ်ပြီးသည့်အခါ ပဏာမကိုယ်စားလှယ်အဖွဲ့၏ ရုံးအဖွဲ့ကို ရွေးချယ်ရာတွင် ရုံးတာဝန်ခံမှာ ပီကင်းပြန်ရဲဘော်အောင်ကြီးဖြစ်သည်။ ရုံးအဖွဲ့ဝင်များမှာ ပီကင်းပြန်ရဲဘော်ညိုနှင့် ရဲဘော်ထွန်းရီ(ခေါ်)ထွန်းသာတို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပဏာမကိုယ်စားလှယ်အဖွဲ့၏ ကာကွယ်ရေးတာဝန်ခံမှာ ဗိုလ်ကင်းပြန် ဗိုလ်ဘဖြူ ဖြစ်ပြီး အဖွဲ့ဝင်မှာ ဗိုလ်ကင်းပြန်ရဲဘော် မင်းအောင်ဖြစ်သည်။ ရဲဘော်ဘခက်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ၏ မြေအောက်လုပ်ငန်းများနှင့် ပဏာမကိုယ်စားလှယ်အဖွဲ့၏ မြေအောက်လုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် အထူးရွေးချယ်လိုက်သည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## ရှုပ်ရှုပ်ထွေးထွေး ကွန်မြူနစ်ငြိမ်းချမ်းရေး

သခင်သန်းထွန်း၏ ကွန်မြူနစ်ပါတီအဖွဲ့များသည် ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့ကို ရောက်ရှိလာကြသည်။ ဆွေးနွေးပွဲနှင့် ပတ်သက်၍ အထပ်ထပ်ဖော်ပြထားတာတွေရှိနေ၍ အကျယ်မချဲ့လိုတော့ပေ။

ရန်ကုန်မြို့ကို ရောက်ရှိလာသည့် ငြိမ်းချမ်းရေးဆွေးနွေးမည့် အဖွဲ့သည် သွားချင်သည့်နေရာ တော်တော်များများကို အစိုးရက တာဝန်ခံ၍ လိုက်ပို့ပေးခဲ့သည်။ ငြိမ်းချမ်းရေးအဖွဲ့သည် ရွှေတိဂုံစေတီတော်၊ အာဇာနည်ဗိမာန်၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် အခြားနေရာများကိုလည်း သွားရောက်ခဲ့ကြသည်။

အစိုးရသည် ပေးထားသည့်ကတိအတိုင်း အားလုံးကိုလုပ်ဆောင်ပေးပေမယ့် ဆွေးနွေးပွဲ၏ တောင်းဆိုမှုများကို အစိုးရဘက်က လိုက်လျောနိုင်ခြင်း မရှိအောင် ဖြစ်နေသည်။ နိုင်ငံရေးလေ့လာသူများက ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပဏာမကိုယ်စားလှယ်အဖွဲ့သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သော်လည်း တော်လှန်ရေးကောင်စီနှင့် ဆွေးနွေးရန် အားတက်သရောမရှိခဲ့ဟု ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အကျိုးအတွက်သာ အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့်တော်လှန်ရေးကောင်စီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ ပဏာမငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့၏ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ပျက်ပြားသွားခဲ့သည်။

ကိုယ်စားလှယ်အဖွဲ့သည် ထိုနှစ် နိုဝင်ဘာလတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကျောခိုင်းပြီး တောတွင်းသို့ ပြန်ခဲ့သည်။ ၎င်းဆွေးနွေးပွဲ ပျက်သွားသည့်အတွက် ပြည်သူများ စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ အလားတူ ဆရာကြီးသခင်ကိုယ်တော်မှိုင်းလည်း စိတ်အတော်မကောင်း ဖြစ်ခဲ့ရသည်။ "မောင်နေဝင်း...ငြိမ်းချမ်းရေးကို ရအောင်ဆွေးနွေးကြ" လို့ အတန်တန် တိုက်တွန်းပြောကြားခဲ့သည်။

ဆရာကြီး၏ဆန္ဒ မပြည့်ဝသလို တောတွင်း ရိုးမနေကျေးရွာမှ ပြည်သူတွေအတွက် ထိတ်လန့်စရာတွေ ဖြစ်နေသည်။ တစ်ချိန်တုန်းက ကွန်မြူနစ်ပါတီသည် လူသတ်လက်နက်ကိုင်တာမဟုတ်၊ နောက်ပိုင်းတွင် လူသတ်လက်နက်ကိုကိုင်ပြီး အစိုးရကို ရင်ဆိုင်တိုက်ခိုက်လာခဲ့သည်။ ထို့ကြောင့် အစိုးရက တောတွင်းလက်နက်ကိုင်အဖွဲ့ ဗကပဟု သတ်မှတ်လိုက်သလို ၎င်းတို့ကလည်း ဗကပအနေနှင့် အစိုးရကို ရင်ဆိုင်တိုက်ခိုက်လေသည်။

သခင်သန်းထွန်း ဦးစီးသည့် ကွန်မြူနစ်ပါတီသည် အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြယ်သွားသည့်ကိစ္စနှင့် ပတ်သက်၍ အမှားအမှန် သုံးသတ်ပွဲတစ်ခု ပြုလုပ်ကြသည်။ ဆွေးနွေးပွဲတွင် သခင်သန်းထွန်းက "ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်

www.burmeseclassic.com

www.burmeseclassic.com



ရတာဟာ စစ်အစိုးရ အကျပ်ကိုင်ပြီးတော့ အတင်းအဓမ္မအညှဉ့်ခံ ခိုင်းလို့ဖြစ်တယ်၊ ဒါပေမဲ့ ပါတီအတွက် အမြတ်တွေအများကြီး ရလိုက်တယ်ဟု တော်လှန်ရေးကောင်စီအစိုးရအပေါ် အပြစ်ပုံချ သည့် သုံးသပ်ချက်တစ်ရပ်ကို တင်ပြလေသည်။

ထိုအခါ သခင်သန်းထွန်း၏ သုံးသပ်ချက်နှင့် စင်ပြိုင် ရဲဘော်ဘတင်(ဂိုရှယ်)ကလည်း ပြည်တွင်းငြိမ်းချမ်းရေး ပျက်ရခြင်း နှင့် ပတ်သက်ပြီး သုံးသပ်ချက်တစ်ရပ်ကို တင်သွင်းလေသည်။

ထိုသုံးသပ်ချက်ကို ဤသို့ ဖော်ပြလိုက်ရပါသည်။

"အခု ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ခဲ့ရတာဟာ ပါတီကြောင့် ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်စားလှယ် အဖွဲ့ဟာ ရန်ကုန်ကိုသွားပြီးတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် လုံးပမ်းတာမဟုတ်ဘဲနဲ့ မြေအောက်စည်းရုံးရေးတွေ တိုးချဲ့ဖို့ ဆန္ဒပြပွဲတွေနဲ့ အစိုးရကို အကျပ်ကိုင်ဖို့ဆိုပြီး ဆန့်ကျင်ရေးဆန္ဒပြ ပွဲတွေကိုလုပ်ပြီး အခွင့်အရေးမယူသင့်တာတွေကို ယူပြီးလုပ်ခဲ့ကြ တယ်။ ဒီအခြေအနေမှာ ဒါမျိုးတွေကို လုံးလုံးမလုပ်သင့်ဘူး။ ဒါတွေပဲ ဆက်တိုက်လိုက်တော့ နားလည်မှုမလွဲသင့်တာတွေဟာ ပိုပိုပြီး လွဲလာတာ ဖြစ်လာတယ်။ ဒါတွေကြောင့် တကယ်က တော့ အခု ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ရတာကို အဓိကတာဝန် ယူရမှာကတော့ ပါတီက ယူရမှာပဲ။ ဒါတွေကို မလေးနက်ရင် ပါတီရဲ့ရှေ့မှာ ချမှတ်မယ့် လမ်းစဉ်ပေါ်လစီတွေကလည်း ဘယ် နည်းနဲ့မှကို မှန်ကန်မှာ မဟုတ်ဘူး။ အထူးသဖြင့် အခုလိုမဖြစ် သင့်တာတွေ ဖြစ်လာရတာဟာ သခင်သန်းထွန်းနဲ့ ကိုအောင်ကြီး တို့မှာ အလွန်ကြီးမားတဲ့ တာဝန်တွေ ရှိတယ်။ ပြီးတော့ ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



ကိုသွားပြီးတော့ လက်ဝဲအလွန်အကျွံသဘောထားတွေနဲ့ မြေအောက်လုပ်ငန်းတွေကို ရှေ့ဆောင်ပြီး ညွှန်ကြားတဲ့ သခင့်ချစ်ရဲ့တာဝန်ကလည်း မသေးငယ်ဘူးဆိုတာ တွေ့ရတယ်"

ဟုဖြစ်သည်။ ရဲဘော်ဘတင်(ဂိုရှယ်)က ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ရခြင်းနှင့် ပတ်သက်ပြီး သုံးသပ်ချက်တစ်စောင်ကို သခင်သန်းထွန်းနှင့် စင်ပြိုင်တင်သွင်းသည့်အခါအစည်းအဝေးတွင် ဘယ်သူမှားပြီး ဘယ်သူမှန်သလဲ ဆိုတာကို အပြန်အလှန် အပြင်းအထန် ဆွေးနွေးကြသည်။

ရဲဘော်ဌေးနှင့် ဗိုလ်ဇေယျတို့မှာလည်း အမှားအမှန်ကို မခွဲခြားနိုင်ဘဲ တွေဝေနေသည်။ နောက်ဆုံးတွင် ဆုံးဖြတ်ချက်တစ်ရပ်ကို တညီတညွတ်တည်း မချမှတ်နိုင်သောကြောင့် ပီကင်း၏ အဆုံးအဖြတ်ကို ခံယူရန်အတွက် သုံးသပ်ချက်များကို တရုတ်ပြည်သို့ ပေးပို့လိုက်သည်။

ကွန်မြူနစ်တို့သည် မြန်မာနိုင်ငံတွင် နေထိုင်ကြပေမယ့် အရေးကြီးလာသည့်အခါ တရုတ်ပြည်ကို အကြံဉာဏ်တောင်းသည်ဆိုတာ ၎င်းတို့အတွက် ဘယ်လောက်မှားယွင်းနေသည် ဆိုတာကို တွေးကြည့်လျှင် သိနိုင်ပါသည်။ ကွန်မြူနစ်များသည် အစိုးရနှင့် ဆွေးနွေးပွဲပျက်သည်ကိစ္စနှင့် ပတ်သက်ပြီး တရုတ်ပြည်ကို ပို့ပြီး အကြံဉာဏ်တောင်းလေသည်။

ထို့နောက် တရုတ်ပြည်ကွန်မြူနစ်များသည် သခင်သန်းထွန်း ပို့လိုက်သည့်စာကို လက်ခံပြီးနောက် မကြာမီ သခင်သန်းထွန်း ဦးဆောင်သည့် ဗမာပြည်ကွန်မြူနစ်ပါတီထံ သုံးသပ်ချက်စာတမ်း တစ်စောင်ကို ပြန်လည်ပို့ပေးခဲ့လေသည်။ ၎င်းသုံးသပ်ချက်စာတမ်း

www.burmeseclassic.com

www.burmeseclassic.com



ကို အချိန်မရ၍ ချန်ရစ်ထားခဲ့ရပါသည်။ အလားတူ အခြားစာအုပ်တော်တော်များများမှာလည်း ဖော်ပြထားသည့်အတွက်ကြောင့်လည်း ဖြစ်သည်။ ထို့ကြောင့် ချန်ထားခဲ့ခြင်းဖြစ်သည်။ သခင်သန်းထွန်းတို့သည် မြန်မာပြည် ဆွေးနွေးပွဲနှင့်ပတ်သက်၍ အတော်ကို ရှုပ်ရှုပ်ထွေးထွေး ဖြစ်ခဲ့ခြင်းဖြစ်သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ဗဟိုကော်မတီအစည်းအဝေး

သခင်သန်းထွန်း ဦးဆောင်သည့် ဗမာပြည်ကွန်မြူနစ်ပါတီသည် ဝါဒကိုသာ လက်ကိုင်ထားပြီး အစိုးရကို ပုန်ကန်နေသည်ဟု တချို့နိုင်ငံရေးသမားက သုံးသပ်နေသလို တချို့က ပါတီကို အကြောင်းပြုပြီး လက်နက်ကိုင်လုပ်ငန်းကို လုပ်ကိုင်နေခြင်းသည် အခြားပါတီတွေအတွက် အထင်သေးစရာလည်းဖြစ်သည်ဟု ပြောဆိုကြတာတွေလည်းရှိသည်။ တချို့နိုင်ငံရေးသမားတွေက **"လမ်းစဉ်မရှိ ချွတ်ချုံကျနေသောပါတီ"**ဟုလည်း ပြောဆိုနေကြသည်။

ထို့ကြောင့် သခင်သန်းထွန်း ခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၆၃–ခုနှစ် နိုဝင်ဘာလ(၁၄)ရက်နေ့တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဗျက်ပြားသွားပြီးနောက် တိကျသော လမ်းစဉ်တစ်ရပ်ဟူ၍ မရှိသော ကွန်မြူနစ်ပါတီ ဖြစ်နေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားရသည်မှာ "သူ့ကြောင့်၊ သူ့ကြောင့်" ဟူ၍ တရားခံရှာပွဲကြီးကို သူ့ထက်ငါ အပြိုင်ပင် ဆွေးနွေးငြင်းခုံနေကြပေသည်။

ထို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအနေနှင့် နိုင်ငံရေးလမ်းစဉ်တစ်ရပ်ကို ချမှတ်နိုင်ရန်အတွက် အပူတပြင်း

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်နေပေသည်။ သို့သော်လည်း ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့(နိုင်ငံရေးဦးဆောင်အဖွဲ့)အနေနှင့် ပါတီ၏နိုင်ငံရေးလမ်းစဉ်တစ်ရပ်ကို ခိုင်မာစွာ ချမှတ်နိုင်စွမ်းမရှိပေ။

ဗမာပြည်ကွန်မြူနစ်ပါတီသည် နိုင်ငံရေး၊ စည်းလုံးရေး၊ စစ်ရေးတို့တွင် ချွတ်ခြုံကျ၍ နေလေသည်။ ဤကဲ့သို့ အခြေအနေတွင် ပီကင်းမှလည်း နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေးလမ်းစဉ်တို့ကို ရေးဆွဲ၍ ပေးပို့မည်ဖြစ်ကြောင်း အကြောင်းကြားလိုက်လေသည်။

ထို့နောက် ၁၉၆၄ ခုနှစ် ဧပြီလ စတုတ္ထပတ်အတွင်းမှစ၍ ပီကင်းမှ ဗမာပြည်ကွန်မြူနစ်ပါတီအတွက် နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေးလမ်းစဉ်တို့ကို ပို့ပေးသည်။ ဤသို့ ပီကင်းမှ နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေးလမ်းစဉ်တို့ကို ရရှိလိုက်သည်နှင့်တစ်ပြိုင်နက် ဗမာပြည်ကွန်မြူနစ်ပါတီသည် ပေါလစ်ဗျူရိုအဖွဲ့သည် ဗဟိုကော်မတီအစည်းအဝေးကို အလျှင်အမြန် ကျင်းပရန် စီစဉ်တော့သည်။

၁၉၆၄–ခုနှစ် ဇွန်လတွင် ဗဟိုကော်မတီ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်သည့် နိုင်ငံရေးဦးဆောင်အဖွဲ့၏ အစည်းအဝေးကို ကျင်းပလေသည်။ ထိုအစည်းအဝေးတွင် ပီကင်းမှပေးပို့ခဲ့သော လမ်းစဉ်ပေါ်လစီဆိုင်ရာ ပြဿနာများကို ကြိုတင်ညှိနှိုင်းခဲ့သည်။

ထို့အပြင် မကြာမီကျင်းပမည့် ဗဟိုကော်မတီအစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်း အနေဖြင့် နိုင်ငံရေးအစီရင်ခံစာကို တင်သွင်းရန်အတွက် ဝိုင်းဝန်းဆွေးနွေးကာ ပြင်ဆင်ပေးကြလေသည်။ ထို့နောက် သခင်သန်းထွန်းသည် ပီကင်းမှပေးပို့သော လမ်းစဉ်ပေါ်လစီများကို ဥက္ကဋ္ဌ၏ မူလတင်ပြချက်

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အမည်ဖြင့် ဗဟိုကော်မတီအစည်းအဝေးသို့ အစီရင်ခံရန် ဆုံးဖြတ်လေသည်။

ဗဟိုကော်မတီအစည်းအဝေးကို ၁၉၆၄–ခုနှစ် စက်တင်ဘာ (၉)ရက်၊ (၉)နာရီ အချိန်တွင် ဌာနချုပ်၌ စတင်ကျင်းပခဲ့သည်။ ထို့ကြောင့် သခင်သန်းထွန်းနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင်ဖြစ်သော သခင်ချစ်တို့က "တို့ရဲ့ ၆၄ ခုနှစ် လမ်းစဉ်ဟာ (၉)လ (၉)ရက် (၉)နာရီမှာ စတင်ကျင်းပပြီး ချမှတ်တဲ့လမ်းစဉ်ဖြစ်တယ်။ ဒါကြောင့် တိုက်တိုင်းအောင်တဲ့ (၉)နဝင်းကြေလမ်းစဉ် ဖြစ်တယ်" ဟု ပြောကြားခဲ့သည်။

ထိုဗဟိုကော်မတီ အစည်းအဝေးကို တက်ရောက်ကြသည့် ပုဂ္ဂိုလ်များမှာ...

| | |
|---|---|
| (၁) သခင်သန်းထွန်း | ဗဟိုဌာနချုပ် |
| (၂) သခင်ချစ် | ဗဟိုဌာနချုပ် |
| (၃) ရဲဘော်ဘတင်(ဂိုရှယ်) | ဗဟိုဌာနချုပ် |
| (၄) ရဲဘော်ဌွေး | ဗဟိုဌာနချုပ် |
| (၅) သခင်တင် | မဒညတဗဟို |
| (၆) သခင်တင်ထွန်း | မဒညတဗဟို |
| (၇) ရဲဘော်အောင်ကြီး | ပီကင်းပြန် |
| (၈) သခင်ပု | ပီကင်းပြန် |
| (၉) မိုလ်ဖေယျ | ပီကင်းပြန် |
| (၁၀) ရဲဘော်မြ | ပဲခူးရိုးမတိုင်း |
| (၁၁) ရဲဘော်စိုးသန်း | မြစ်ဝကျွန်းပေါ်တိုင်း |

တို့ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗဟိုကော်မတီအစည်းအဝေးတွင် သဘာပတိမှာ သခင်သန်းထွန်းဖြစ်ပြီး အတွင်းရေးမှူးမှာ ရဲဘော်ဌေး ဖြစ်သည်။ ဗဟိုကော်မတီ အစည်းအဝေးတွင် အစီအစဉ်(၁၇)ခု ပါဝင်သည်။

ဗဟိုကော်မတီအစည်းအဝေးသည် အချက်(၁၇)ချက်ပါရှိသည့် အကြောင်းအရာကို ဆွေးနွေးကြသည်။ တိုင်ပင်ကြသည်။ ညှိနှိုင်းဆုံးဖြတ်ချက် ချကြသည်။ ထို့ကြောင့် ဗဟိုကော်မတီ၏ အစည်းအဝေးတွင် ပါဝင်သည့် အချက်(၁၇)ချက်ကို အောက်ပါအတိုင်း တင်ပြလိုက်ရပါသည်။

၁။ အလံတော်အလေးပြု၊ ကျဆုံးလေပြီးသော ရဲဘော်များအား အလေးပြု။
၂။ နိုင်ငံတော်သီချင်းဖြင့် အစည်းအဝေးဖွင့်။
၃။ ဗဟိုကော်မတီဥက္ကဋ္ဌ၏ အစည်းအဝေးဖွင့်မိန့်ခွန်း။
၄။ နိုင်ငံရေးအမှုဆောင်အဖွဲ့ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဥက္ကဋ္ဌ၏အစီရင်ခံစာ (သခင်သန်းထွန်း)
၅။ လမ်းစဉ်လုပ်ငန်းစဉ်တို့နှင့် ပတ်သက်၍ ကာလအလိုက် ဆွေးနွေးလေ့လာရရှိချက်များ အစီရင်ခံစာ (ရဲဘော်အောင်ကြီး)
၆။ မျက်မှောက် ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုနှင့် ပတ်သက်သော အစီရင်ခံစာ (ရဲဘော်ဗိုလ်ဇေယျ)
၇။ ဥက္ကဋ္ဌအစီရင်ခံစာအပေါ် ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း။
၈။ ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုဆိုင်ရာ ပြဿနာများ ဆွေးနွေးဆုံးဖြတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၉။ စစ်ရေးဆွေးနွေးဆုံးဖြတ်ခြင်း
၁၀။ မြေယာဆွေးနွေးဆုံးဖြတ်ခြင်း
၁၁။ လူမျိုးစုပြဿနာဆွေးနွေးဆုံးဖြတ်ခြင်း
၁၂။ ပါတီစည်းရုံးရေး ဆွေးနွေးဆုံးဖြတ်ခြင်း
၁၃။ ရန်သူဒေသပါတီစည်းရုံးရေး
၁၄။ ဘဏ္ဍာရေးအစီရင်ခံနှင့် ရှင်းတမ်းဆွေးနွေးခြင်း
၁၅။ ဗဟိုကော်မတီပြဿနာများနှင့် တာဝန်ခွဲဝေမှု
၁၆။ အထွေထွေ
၁၇။ နိုင်ငံတကာသီချင်းဖြင့် အစည်းအဝေးရုပ်သိမ်းခြင်း

စသည်တို့ ဖြစ်သည်။

ထိုအစီအစဉ်(၁၇)ခုတွင် အရေးကြီးသည့် နံပါတ်(၃)နှင့် (၄)ကို သခင်သန်းထွန်းက တာဝန်ယူ တင်ပြဆွေးနွေးပြီး အစီအစဉ်နံပါတ်(၅)နှင့် (၆)ကို ပီကင်းပြန်များ ဖြစ်ကြသော ရဲဘော်အောင်ကြီး၊ သခင်ပုနှင့် မိုလ်ဇေယျတို့က အဓိကတာဝန်ယူ၍ ဦးဆောင်တင်ပြ ဆွေးနွေးကြသည်။

ထို့နောက် သခင်သန်းထွန်းသည် ပီကင်းမှ တိုက်ရိုက်လာသော ဥက္ကဋ္ဌ၏ မူလတင်ပြချက်များဟူသော နိုင်ငံရေးအစီရင်ခံစာကို တင်သွင်းရာ ဗဟိုကော်မတီအစည်းအဝေးမှ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်ဖြစ်သော ရဲဘော်ဘတင်(ဂိုရှယ်)က ဥက္ကဋ္ဌ၏ နိုင်ငံရေးအစီခံစာသည် ရောကျော်ဝါဒ၊ စုပေါင်းစပ်ပေါင်းဝါဒဖြစ်သည်ဟုဆိုကာ အတိအလင်း ကန့်ကွက်ခဲ့သည်။ ထို့နောက် ဗဟိုကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်ချက်(၃၂)ချက်ကို ချပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် အောက်တိုဘာ(၁၄)ရက်နေ့တွင် နိုင်ငံတကာ ချစ်ကြည်ရေးသီချင်းဖြင့် ရုပ်သိမ်းခဲ့သည်။

သခင်သန်းထွန်း ဦးဆောင်သည့် ဗမာပြည်ကွန်မြူနစ်ပါတီသည် အစိုးရကို စိန်ခေါ်သည့်သဘောဖြင့် ဝါဒတစ်ခုကို ထပ်မံတိုးချဲ့လိုက်လေသည်။ ၎င်းမှာ ဗဟိုမာ့က်လီနင်ဝါဒကျောင်းကို ဖွင့်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်း

သခင်သန်းထွန်း ခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၆၅–ခုနှစ် မတ်လ(၂၅)ရက်နေ့တွင် ပထမပတ်ဖြစ်သော ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းကို သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ တောင်ညိုဒေသ ဆင်သေရွာ၏ အရှေ့ဘက်(၂)မိုင်အကွာတွင် ဖွင့်လှစ်ခဲ့သည်။

ထိုကျောင်း၏ ကျောင်းအရာအဖွဲ့ကို ၁၉၆၄–ခုနှစ်၊ နိုဝင်ဘာလ(၅)ရက်နေ့က ကျင်းပခဲ့သည့် ပီကင်းပြန်များ၏ အထူးလျှို့ဝှက်အစည်းအဝေးမှ ရွေးချယ်သတ်မှတ်ခဲ့သည်။ ကျောင်းအုပ်အဖြစ် တာဝန်ပေးခံရသူမှာ ဗဟိုကော်မတီအတွင်းရေးမှူး ရဲဘော်ဌေး ဖြစ်ပြီး ကျောင်းတစ်ခုလုံး၏ တာဝန်ခံအဖြစ် တာဝန်ပေးခံရသူမှာ ပီကင်းပြန် ရဲဘော်မျိုးတင့် ဖြစ်သည်။

သို့သော် ကျောင်းအုပ်အဖြစ် လက်တွေ့ဝင်ရောက် ဆောင်ရွက်ရသူမှာ ရဲဘော်အောင်ကြီး ဖြစ်သည်။ ထို့ကြောင့် ရဲဘော်အောင်ကြီးကို တရားဝင် ကျောင်းအုပ်ဖြစ်သော ရဲဘော်ဌေး၏ အထက်မှ "ဂုဏ်ထူးဆောင် နာယကကျောင်းအုပ်ကြီး" အဖြစ် အမည်မှည့်ခေါ်ခဲ့သည်။ ထိုကျောင်းတွင် သင်ကြားမည့် ဘာသာရပ်များမှာ...

www.burmeseclassic.com

www.burmeseclassic.com



၁။ အဘိဓမ္မာဘာသာရပ်
၂။ ဘောဂဗေဒဘာသာရပ်
၃။ ပါတီတည်ဆောက်ရေးဘာသာရပ်
၄။ တပ်မတော်တည်ဆောက်ရေးဘာသာရပ်
တို့ ဖြစ်ကြသည်။

ပထမအပတ်တွင် တက်ရောက်မည့် သင်တန်းသားများကို ပေါလစ်ဗျူရိုအဖွဲ့က အသေးစိတ်၊ စိစစ်ရွေးချယ်ခဲ့သည်။ ထိုသို့ ရွေးချယ်ရာတွင် ပါတီသက်တမ်း နိုင်ငံရေးအတွေ့အကြုံ ခေါင်းဆောင်မှု အစဉ်အလာများကို အဓိကထားခဲ့သည်။

ထို့အပြင် ဗဟိုကော်မတီများ၊ တိုင်းကော်မတီများ၊ ခရိုင်ကော်မတီများသာ တက်ရောက်ခွင့်ပြုသည်။ ပထမပတ် ဗဟိုမာ့စ်လီနင်ဝါဒကျောင်းကို "ဗမာပြည်သစ်အတွက် အလှည့်အပြောင်းနှင့်ဆက်ထုံး"ဟူ၍ ဖော်ပြကြသည်။ ထိုကျောင်းတွင် ပထမဦးဆုံးအကြိမ် တက်ရောက်သင်ကြားခွင့်ရရေးမှာ ရတောင့်ရခဲ အခွင့်အရေးဖြစ်သည်။

ပထမပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းကို တက်ရောက်ခွင့်ရသူများမှာ...

| | | |
|---|---|---|
| ၁။ | ဗိုလ်ရန်အောင် | ဗဟိုကော်မတီ |
| ၂။ | ဗိုလ်ဘုန်းကျော် | ပဲခူးရိုးမတိုင်းစစ်ရေးတာဝန်ခံ |
| ၃။ | ရဲဘော်လှကြည် | ပဲခူးရိုးမတိုင်းကော်မတီနှင့် ပြည်ခရိုင် ပါတီအတွင်းရေးမှူး |
| ၄။ | ရဲဘော်ဗိုလ်အေး | ပြည်ခရိုင်ကော်မတီ |
| ၅။ | ဆလိုင်းသာဦး | ပြည်ခရိုင်ကော်မတီ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၆။ | ရဲဘော်ကျော်ညွန့် | သာယာဝတီခရိုင်၊ ပါတီအတွင်းရေးမှူး |
| ၇။ | ရဲဘော်စိန်မင်း | သာယာဝတီခရိုင်၊ စစ်ရေးတာဝန်ခံ |
| ၈။ | ဗိုလ်ရဲလွင် | သာယာဝတီခရိုင်၊ ဓိးကုန်းမြို့နယ် |
| ၉။ | ရဲဘော်ဘခက် | ဗဟိုဌာနချုပ်၊ ပါတီကော်မတီ |
| ၁၀။ | ဗိုလ်တင်မောင် | ဗဟိုဌာနချုပ်၊ ပါတီကော်မတီ |
| ၁၁။ | ဗိုလ်သန်းမောင် | ဗဟိုဌာနချုပ် |
| ၁၂။ | ရဲဘော်အေးလွင် | ဗဟိုဌာနချုပ် |
| ၁၃။ | မရင်ရင်(ခ) မစိန်အေး | ဗဟိုဌာနချုပ် |

တို့ ဖြစ်ကြသည်။

ထို့နောက် တိုင်း၊ ခရိုင်၊ ကော်မတီများ မဟုတ်ကြသလို စစ်ရေး၊ နိုင်ငံရေး၊ အတွေ့အကြုံ နုနယ်သေးသည့် ကျောင်းသားများလည်း ထူးထူးခြားခြား ပါဝင်လာခဲ့သည်။ ထိုကျောင်းသားခေါင်းဆောင်များမှာ ၁၉၆၄–ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ တောခိုလာပြီးနောက် ဗဟိုဌာနချုပ်သို့ ရောက်ရှိလာကြသော ရန်ကုန်တက္ကသိုလ်တပ်ဦးမှ မောင်သက်(ခေါ်)မင်းနွယ်၊ မောင်စိုးဝင်း(ခေါ်) ရဲဘော်ထွန်းကျော် (လူထုဦးလှ၊ ဒေါ်အမာတို့သား)၊ မောင်အေးဝင်း(ခေါ်)စိုးနိုင်တို့အား ပါတီ၏အထူးမြေအောက်လုပ်ငန်းတာဝန်များကို ထမ်းဆောင်စေရန်အတွက် ပထမပတ် ဗဟိုဘက်စ်လီနှင်

www.burmeseclassic.com

www.burmeseclassic.com



ဝါဒကျောင်းသို့ တက်ရောက်သင်ကြားလေ့လာရန် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့ ရုတ်တရက် ဆုံးဖြတ်စီစဉ်ခဲ့ကြသည်။

သခင်သန်းထွန်းသည် အစိုးရနှင့် ပါတီအတွင်းလုပ်ရပ်များကို မကျေမနပ် ဖြစ်သည့်အတွက် ပါတီ၏ဆုံးဖြတ်ချက်များနှင့် အလားအလာများအတွက် စီမံကိန်းများဖြစ်သည်။ ၎င်းကိစ္စများကို သခင်သန်းထွန်းကိုယ်တိုင် ဦးစီးလုပ်ဆောင်ခြင်းဖြစ်သည်။

ပါတီတည်ဆောက်ရေး ဘာသာရပ်ကို သင်ကြားပို့ချသူမှာ ရဲဘော်စိုးဝင်း(ခေါ်)ဒွေးအောင် ဖြစ်သည်။ သူသည် တရုတ်ပြည်တွင် ဖွင့်လှစ်သည့် အရှေ့တိုင်းနိုင်ငံရေးတက္ကသိုလ်တွင် ပါတီတည်ဆောက်ရေး ဘာသာရပ်ကို အထူးလေ့လာသင်ကြားခဲ့သူဖြစ်သည်။ ထိုပါတီတည်ဆောက်ရေး ခေါင်းစဉ်များမှာ...

၁။ မာ့က်စ်လီနင်ဝါဒပါတီ၏ ကြန်အင်လက္ခဏာများ

၂။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ဗမာပြည်တွင် တစ်ခုတည်းသော စစ်မှန်သည့် မာ့က်စ်လီနင်ဝါဒ(ဝါ)တစ်ခုတည်းသော အလုပ်သမားလူတန်းစား တပ်ဦးပါတီဖြစ်သည်။

၃။ ပါတီ တည်ဆောက်ရေးတွင် ပစ္စည်းမဲ့လူတန်းစား အတွေးအခေါ် တည်ဆောက်ရေးသည် ထိပ်တန်းကျသော လုပ်ငန်းဖြစ်သည်။

၄။ ပါတီတွင်း ဒီမိုကရေစီအရ ဗဟိုချုပ်ကိုင်မှုစနစ်

၅။ ပါတီဝင်တစ်ယောက်၏ ဝတ္တရားနှင့် အခွင့်အရေး

၆။ ပါတီဝင်အခြေခံအဖွဲ့ အစည်း

၇။ ပါတီ၏ကေဒါပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



၈။ ပါတီ၏လူထုလမ်းစဉ်

၉။ ပါတီတွင်းတိုက်ပွဲ၊ ပါတီတွင်းဝေဖန်ရေးနှင့် မိမိကိုယ်ကို ဝေဖန်ရေး စသည့်ခေါင်းစဉ်များ ဖြစ်ကြသည်။

သခင်သန်းထွန်းသည် ထိုကဲ့သို့ ပြုလုပ်ပြီး ပါတီကိုလက်နက်ကိုင်လမ်းစဉ် ပြုလုပ်လို၍ တပ်မတော်တစ်ရပ်ကို ဆက်လက်တည်ဆောက်ပြန်သည်။

□

www.burmeseclassic.com

www.burmeseclassic.com



## တပ်မတော်တည်ဆောက်ရေးဘာသာရပ်

တပ်မတော်တည်ဆောက်ရေးဘာသာရပ်ကို သင်ကြားပို့ချသူမှာ ဗိုလ်ထွန်းငြိမ်းဖြစ်သည်။ သူသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အနောက်တောင်ပိုင်းစစ်ဒေသကြီး၏ ဗီချွမ်းပြည်နယ်၊ ချုံကင်းမြို့တွင် ဖွင့်လှစ်သော စစ်တက္ကသိုလ်တွင် မာ့က်စ် လီနင်ဝါဒ စစ်ရေးစစ်ရာများကို အထူးလေ့လာသင်ကြားခဲ့သူဖြစ်သည်။

မဟာမော်စီတုန်း၏ စစ်ရေးသေနင်္ဂဗျူဟာ ပြဿနာများနှင့် စစ်ရေးနည်းပရိယာယ်ပြဿနာများကိုလည်း အထူးကျွမ်းကျင်စွာ လေ့ကျင့်ခဲ့သူဖြစ်သည်။ ထို့အပြင် ချင်ထူးမြို့ စစ်ဒေသတွင်ရှိသော ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တပ်မကြီး(၉၁၃၁) တပ်မဟာ(၁)တွင် ဒုတပ်မဟာမှူးကြီး တာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်သည်။

ထိုတပ်မတော်တည်ဆောက်ရေး ဘာသာရပ်ခေါင်း စဉ်များမှာ...

၁။ နိဒါန်းဟောပြောချက်နှင့် ချေမှုန်းရေးစစ်

၂။ တော်လှန်သော စစ်အတွေးအခေါ်များ ထွန်းကားရေး

www.burmeseclassic.com

www.burmeseclassic.com



၃။ ပါတီက လုံးဝခေါင်းဆောင်ထားသည့် အမျိုးအစားသစ်ဖြစ်သော လက်နက်ကိုင် ပြည်သူ့တပ်မတော် တစ်ရပ် တည်ဆောက်ရေး

၄။ တပ်မတော်အတွင်း နိုင်ငံရေးလုပ်ငန်း

၅။ တပ်မတော်ရဲ့လုပ်ငန်းတာဝန် သုံးရပ်

၆။ တပ်မတော်ရဲ့စည်းလုံးမှုစည်းကမ်း တည်ဆောက်ရေး

စသည့် ခေါင်းစဉ်များ ဖြစ်ကြသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်း၏ ကျောင်းဖွင့်မိန့်ခွန်း

သခင်သန်းထွန်းသည် ဗမာပြည်ကွန်မြူနစ်သမိုင်း တစ်လျှောက်လုံးတွင် ယနေ့အကြိမ်ဖွင့်လှစ်သည့် ပထမပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းကဲ့သို့ စနစ်ကျသော အဆင့်မြင့်သော နိုင်ငံရေးကျောင်းဟူ၍ မရှိခဲ့ဘူးကြောင်း၊ မကြာခဏ ထုတ်ဖော်ပြောကြားခဲ့သည်။ သူသည် ၁၉၆၅–ခုနှစ်၊ မတ်လ(၂၅)ရက်နေ့၌ ဖွင့်လှစ်သော ကျောင်းဖွင့်ပွဲ၌ မိန့်ခွန်းပြောကြားရာတွင်...

"ဒီနေ့ဗမာပြည်ရဲ့သမိုင်းရေး ဖြစ်ပေါ်တိုးတက်မှုကို အဆုံးအဖြတ်ပေးနေတဲ့ အကြောင်းခြင်းရာဟာ ကျွန်တော်တို့ပါတီက ရှေ့ဆောင်နေတဲ့ ပြည်သူတွေရဲ့ တော်လှန်တဲ့စစ် ဖြစ်တယ်၊ အဲဒီလို အတွေ့အကြုံများပြီး ပြည်သူလူထုအတွင်းမှာ ဩဇာတိက္ကမကြီးမားတာ အမှန်ဖြစ်ပေမယ့် ဒီကနေ့ ဗမာပြည်ရဲ့သမိုင်းကို အဆုံးအဖြတ်ပေးတဲ့ အခန်းမှာ ရောက်နေတဲ့ ပါတီပင် ဖြစ်ပေမယ့် ကိုယ့်ကိုယ်ကိုယ် မညာတမ်းပြောရရင် အတွေးအခေါ် ပိုင်းမှာတော့ အားနည်းတာ အမှန်ပဲ၊ ကျွန်တော်တို့ အနေနဲ့ အတွေးအခေါ်ပိုင်းမှာ အားထုတ်တာ အတော်နည်းတယ်၊ အတွေ့အကြုံပေါ်မှာ အားသန်တယ်၊ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရခဲ့တဲ့ အတွေ့အကြုံတွေကို သဘောတရား ဖြစ်လာအောင်အထိ ကျွန်တော်တို့ရဲ့ အသိပညာကို

www.burmeseclassic.com

www.burmeseclassic.com



မတိုးမြှင့်နိုင်ခဲ့ဘူး။ ဒါကို ကျွန်တော်တို့ ပေါ့ပေါ့တန်တန် စဉ်းစားလို့ မဖြစ်ဘူး။ ဒါဟာ ခေနရှင်အတွေး အခေါ် လွှမ်းမိုးမှုတစ်မျိုးပဲလို့ အလေးအနက် မြင်ဖို့လိုပါတယ်။ ပစ္စည်းမဲ့လူတန်းစားပါတီနဲ့ မအပ်စပ်ပါဘူး။ ဒီလိုဖြစ်တဲ့အတွက်ကြောင့်လည်း ကျွန်တော်တို့ဟာ တရားသေဝါဒရဲ့ သားကောင်ဖြစ်လိုက်၊ ပြန်လည်ပြင်ဆင်ရေးဝါဒရဲ့အလှည့်စားခံရလိုက်၊ ဖြစ်တာတွေ ရှိပါတယ်။ တရားသေဝါဒရဲ့သားကောင်ဖြစ်တဲ့ အတွေ့အကြုံ၊ ပြန်လည်ပြင်ဆင်ရေးဝါဒရဲ့ အလှည့်စားခံရတဲ့ အတွေ့အကြုံတွေ ကျွန်တော်တို့ ပါတီသမိုင်းမှာ မနည်းပါဘူး။ ဒီအတွေးအခေါ်ကို ပြောင်းပြန်လှန်ပစ်ဖို့ ကျွန်တော်တို့ မနားမနေ အားထုတ်ရပါမယ်”

ဟု ပြောကြားခဲ့လေသည်။ သခင်သန်းထွန်းသည် အထက်ပါမိန့်ခွန်းကို ကျယ်ကျယ်ပြန့်ပြန့်နှင့် အရှည်ကြီး ပြောဆိုသွားလေသည်။

သခင်သန်းထွန်း ပြောသည့် မိန့်ခွန်းကို တက်ရောက်လာသည့် ကျောင်းသားများက လက်ခံကြိုက်နှစ်သက်ကြသည်။

သခင်သန်းထွန်းသည် တက်ရောက်လာသည့် လူငယ်တွေကို အဓိကထား ပြောဆိုသွားသည့် မိန့်ခွန်းထဲ၌ ပါရှိသည့်အတိုင်း တင်ပြရလျှင် လက်ရှိပါတီကို ပြန်လည်ပြုပြင်ဖို့ကို လိုလားသည့် သဘောထားတွေ ပြနေသည်။ ဒါကို သခင်တချို့ လက်ခံနိုင်သလို တချို့က လက်မခံနိုင်သေးမယ့် ဒါဖြစ်ရန် ခက်ခဲနေသည်။ အလားတူ သခင်သန်းထွန်းသည် ပါတီအတွက် ပြုပြင်ရန်အချက်တွေကို အကောင်အထည် ဖော်ပြနေပါသည်။ ထို့ကြောင့် သခင်သန်းထွန်း

www.burmeseclassic.com

www.burmeseclassic.com



က ပါတီအတွက် အကြောင်းပြချက်များနှင့် ပါတီကို လေးနှစ်စီမံကိန်း ရေးဆွဲထားသည်။ သခင်သန်းထွန်း၏ ပါတီစီမံကိန်းနှင့် ပတ်သက်၍ ဆက်လက်တင်ပြလိုက်ရပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com

၁၄

## သခင်သန်းထွန်း၏ လေးနှစ်စီမံကိန်း

သခင်သန်းထွန်းသည် ၁၉၆၅–ခုနှစ် ဒီဇင်ဘာလ(၆)ရက်နေ့သို့ ရောက်သောအခါ လေးနှစ်အတွင်း စစ်အနိုင်တိုက်ရေးစီမံကိန်းမူကြမ်း တစ်စောင်ကို ရေးဆွဲခဲ့သည်။ ထိုစီမံကိန်း၏ ခေါင်းစဉ်မှာ "စစ်နိုင်ရေး၊ တစ်ပြည်လုံးအတွက် ပုံကြမ်းနှင့် ပဲခူးရိုးမတိုင်းအတွက်"ဟူ၍ ပေးထားသည်။

၎င်းစီမံကိန်းကို ဗမာပြည် တစ်ပြည်လုံးအတွက် သေနင်္ဗျူဟာဆိုင်ရာ စီမံကိန်းအဖြစ် ရေးဆွဲထားသဖြင့် စီမံကိန်းမူကြမ်းကို ဗဟိုနိုင်ငံရေးဦးဆောင်အဖွဲ့အတွင်းမှာသာ ထားရှိရန် စစ်ရေးဆိုင်ရာ ထိပ်တန်းလျှို့ဝှက်ချက်အဖြစ် သတ်မှတ်ထားသည်။

ထိုစီမံကိန်းတွင် "မိမိအား တည်ဆောက်ရေး ရည်မှန်းချက်၊ ချေမှုန်းရေးရည်မှန်းချက်၊ ပါတီ၏ အင်အားတိုးမြှင့်ရေး၊ အခြေခံစခန်း၊ ပန်းတိုင်များ"ဟူ၍ ပါရှိသည်။

□

www.burmeseclassic.com

www.burmeseclassic.com



## တည်ဆောက်ရေး

မိမိအား တည်ဆောက်ရေး ရည်မှန်းချက်တွင် ...

ရန်သူတွင် လက်နက်ကို တပ်တစ်သိန်းရှိသည်။ ဤနေရာတွင် ပုလိပ်တပ်များကို ထည့်မထား။ ရန်သူ၏တစ်သိန်းတပ်ကို ချေမှုန်းပစ်ရေးသည် ငါတို့စစ်တပ်တစ်ခုလုံး၏ ရည်ရွယ်ချက်ဖြစ်သည်။ ဤရန်သူတစ်သိန်းတပ်ကို ချေမှုန်းနိုင်သော ငါတို့၏လက်နက်ကိုင်အားကို တည်ဆောက်ခြင်းသည် ငါတို့၏ ရည်ရွယ်ချက်ဖြစ်သည်။ ပထမအဆင့်တွင် သေနင်္ဂဗျူဟာ သဘောအရ ရန်သူအား ထိုးစစ်ဆင်နိုင်သောအားကို တည်ဆောက်ပြီး ထိုအင်အားတည်ဆောက်မိသည့်အခါ ထိုးစစ်ဆင်ရန်ဖြစ်သည်။

တရုတ်ပြည်တော်လှန်ရေး အတွေ့အကြုံအရ ရန်သူလေးသန်း၊ မိမိကတစ်သန်းကျော်၊ ရန်သူ၏လေးချိုး တစ်ချိုး အင်အားတည်ဆောက်နိုင်သည့်အခါ ထိုးစစ်ဆင်သည်။ ရန်သူအနေနှင့် လက်ရှိ တစ်သိန်းရှိသည်။ ရန်သူအနေနှင့် နှစ်သိန်းခန့်အထိ စုဆောင်းနိုင်သည်ဟု ခန့်မှန်းထားသင့်သည်။ လက်ရှိအခြေအနေတွင် ရှိသည့်အတိုင်း မတည်တွက်ချက်ရမည်။

ရန်သူ၏ တကယ့်တိုက်အားမှာ ငါးဆယ်ရာခိုင်နှုန်းသာရှိသည်။ ရန်သူတွင် လက်ရှိတိုက်ခိုက်ရေး တပ်ရင်း(၁၀၅)ရင်းရှိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပျမ်းမျှတစ်ရင်းလျှင် ၅၀၀၊ စုစုပေါင်း ၅၂၅၀၀ ရှိသည်။ ၎င်းမှာ စစ်မြေပြင်တွင် တကယ်သုံးနိုင်သော အားဖြစ်သည်။ တရုတ်ပြည်တော်လှန်ရေးနှင့် အခြားတော်လှန်ရေးများ နောက်ဆုံး တောင်ဗီယက်နမ် အတွေ့အကြုံအရ ရန်သူ၏အင်အား လေးချိုး တစ်ချိုးတည့်ဆောက်နိုင်လျှင် သေနင်္ဂဗျူဟာ သဘောဆောင်သော ထိုးစစ်ကို ပြုလုပ်နိုင်သည်။

ဗမာပြည်တွင် ငါတို့ပါတီက တိုက်ရိုက်ရှေ့ဆောင်သော လက်နက်ကိုင်တပ်အင်အား တစ်သောင်းတည့်ဆောက်လျှင် သေနင်္ဂဗျူဟာသဘောဆောင်သော ထိုးစစ်ပြုလုပ်နိုင်သည်။ ငါတို့အနေနှင့် နိုင်ငံရေး၊ စစ်ရေးတပ်ဆင်ထားသော တစ်သောင်းတပ်ဖွဲ့ရေးကို ဦးတည်ကြိုးပမ်းရမည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ချေမှုန်းရေး

တစ်နှစ်လျှင် ရန်သူအင်အား တစ်သောင်းအထိ ချေမှုန်းနိုင်ရန် ကြိုးပမ်းရမည်။ လက်ရှိ အနေအထားအရ ပြောလျှင် တော်လှန်ရေးအင်အားစု အားလုံးအနေနှင့် ချေမှုန်းနိုင်စွမ်း လေးဆ၊ ငါးဆအထိ မြှင့်တင်ရမည်။ ၎င်းမှာ ယေဘုယျသာဆိုခြင်းဖြစ်သည်။ ပါတီအနေနှင့် ဒီထက်မက ကြိုးစားရမည်။

၆၄–ခုနှစ်တွင် ပါတီ၏ချေမှုန်းနိုင်အားမှာ ၅၀၀ ခန့်ရှိသည်။ ပါတီအနေနှင့် တစ်နှစ်လျှင် သီးခြားအားဖြင့် ၄၀၀၀ ခန့်အထိ ချေမှုန်းနိုင်ရန် ဦးတည်ကြိုးပမ်းရမည်။ ဤဘက်မှကြည့်လျှင် ပါတီ၏ချေမှုန်းနိုင်စွမ်းကို ရှစ်ဆအထိ ဖြည့်ရမည်။

ပါတီ၏ချေမှုန်းနိုင်စွမ်း ဆိုရာ၌ လက်နက်ရရေး အကျုံးဝင်သည်။ သို့မှသာ ငါတို့မျှော်မှန်းသော တစ်သောင်းတပ်ကို ဖွဲ့စည်းတည်ဆောက်နိုင်မည်။

□

www.burmeseclassic.com

www.burmeseclassic.com



# ပန်းတိုင်များ

၁။ (က) ပါတီလက်ရှိ ၁၅၀၀၊ လာမယ့်နှစ်နှစ် ၃၀၀၀၊ လာမယ့်လေးနှစ် ၆၀၀၀၊ ချိန်ပြည့်ပါတီဝင်ကိုသာ ဆိုသည်။ ချိန်ပိုင်းကို သတ်သတ်ပြုစုရမည်။

(ခ) တပ်၊ လက်ရှိ ၂၅၀၀ လာမယ့်နှစ်နှစ် ၅၀၀၀၊ လာမယ်လေးနှစ် ၁၀၀၀၀။

(ဂ) ချိန်ပြည့်တပ်သား လက်ရှိ ၄၅၀၀၊ လာမယ့်နှစ်နှစ် ၈၀၀၀ မှ ၉၀၀၀ လာမယ့်လေးနှစ် ၁၅၀၀၀

၂။ ရန်သူချေမှုန်းရေး

လက်ရှိတစ်နှစ် ၅၀၀၊ လာမယ့်လေးနှစ်ကြာလျှင် ၄၀၀၀၊ လက်ရှိ တပ်စိတ်ချေမှုန်းရေး၊ လာမယ့်နှစ်နှစ် တပ်စုလိုက်ချေမှုန်းရေး၊ လာမယ့်လေးနှစ် တပ်ခွဲလိုက်ချေမှုန်းရေး။

၃။ ပြည်သူ့အာဏာ

ဆင်းရဲသားသမဂ္ဂ ပြည်သူ့စစ်ကို အကျုံးဝင်ပြီးဖြစ်၊ လက်ရှိကျေးရွာ ၄၀၀၀ လာမယ့်နှစ် ၈၀၀၀၊ လာမယ့်လေးနှစ် ၁၅၀၀၀။

၄။ အာဏာလွှမ်းမိုးရေး

လက်ရှိတောင်ပေါ်နှင့် တောင်ခြေဒေသများ၊ လာမယ့်လေး

www.burmeseclassic.com

www.burmeseclassic.com



နှစ်အတွင်း အခါက ဒေသများတွင် လမ်းမကြီးဘေးအထိ ရောက်ပြီး မြို့ကလေးများကို ပိုင်းရုံထားရန်။

လာမယ့် ၆လေးနှစ်အတွင်း တစ်ပြည်လုံးတွင် ကျေးလက်ဒေသ ပိုင်းကို စီးမိရန်၊ မြို့များကို ပိုင်းရုံထားရန်၊ လက်များကို ဖြတ်တောက်ထားရန်၊ ရန်ကုန်ကို ပိုင်းထားရန်။

တို့ဖြစ်သည်။ သခင်သန်းထွန်းသည် တောတွင်းလက်နက်ကိုင်ဘ၀ ရောက်သွားချိန်မှစ၍ ပါတီလား၊ လက်နက်ကိုင်လား၊ အဖျက်သမားလား ဆိုတာကို ဝေခွဲမရအောင် ဖြစ်နေသည်။ ရည်မှန်းချက်တွေကိုလည်း အမျိုးမျိုး ပြောင်းလဲ သတ်မှတ်နေသည်။ ထို့ကြောင့် ပဲခူးရိုးမကို အခြေပြု၍ စီမံကိန်းတွေ ရေးဆွဲပြန်သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ပဲခူးရိုးမစီမံကိန်း

ကွန်မြူနစ်ဝါဒကို အကြွင်းမဲ့ယုံကြည်ပြီး ကွန်မြူနစ်နိုင်ငံကို တည်ထောင်လိုသော သခင်သန်းထွန်းသည် လေးနှစ်အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်းကို ရေးဆွဲရာတွင် ပဲခူးရိုးမတိုင်းအတွက် စီမံကိန်းကို အထူးအလေးထားပြီး ရေးဆွဲခဲ့သည်။ ထို ပဲခူးရိုးမတိုင်း စီမံကိန်းမှာ…

၁။ ပဲခူးရိုးမတိုင်းကို ဗဟိုက အဓိကအားရုံစိုက်ရာဒေသအဖြစ် အတိအကျ သတ်မှတ်ရန် (အနောက်မြောက်တိုင်းသို့ ရွှေ့ရေးမှူးသော ၆၄ ဗဟိုကော်မတီဆုံးဖြတ်ချက်ကို ပြန်စဉ်းစားရန်)။

၂။ ပဲခူးရိုးမတိုင်းအတွင်း၌ ဗဟိုတည်ရာဒေသကို အတိအကျ သတ်မှတ်ရန်။

သာယာဝတီမြောက်၊ ပြည်အရှေ့၊ တောင်ငူအနောက်ခြမ်းတို့ သတ်မှတ်ရန်။

တောင်ငူမြောက်၊ ရေတာရှည်ဒေသကို အရံဒေသအဖြစ် သတ်မှတ်ရန်။

ရင်းဒေသတွင် အထူးလက်နက်ကိုင် စည်းရုံးရေးအဖွဲ့တစ်ခုထားရန်။

www.burmeseclassic.com

www.burmeseclassic.com



၃။ ဗဟိုနိုင်ငံရေးကျောင်း

၆၆ ခုနှစ်အတွင်း နှစ်ကျောင်းဖွင့်နိုင်ရန် ကြိုးပမ်းရန်။ ဒုတိယအပတ်ကျောင်း ၆၆ ခု နှစ်ဦးကျောင်းတွင် သာယာဝတီ၊ ပြည်မှ ခရိုင်ကော်မတီအားလုံး သင်တန်းတက်ပြီးဖြစ်မည်။ တတိယပတ် ၆၆–ခုနှစ်၊ဒုတိယ ပိုင်းကျောင်းတွင် ပဲခူးရိုးမတိုင်းတစ်ခုလုံး၊ ခရိုင်ကော် မတီအားလုံး သင်တန်းတက်ပြီးဖြစ်မည်။ ထို့နောက် ၆၇–ခုနှစ် ဗဟိုကော်မတီ အစည်းအဝေးချိန်တွင် ဗဟိုကော်မတီအတွင်း အလှည့်အပြောင်း လုပ်ပြီးခြင်း၊ ပဲခူးရိုးမတိုင်းတွင် ပါတီတပ် အခြေခံစခန်းများကို အတော်အတန် ခိုင်မာအောင် တည်ဆောက်ပြီးခြင်း၊ ပါတီတစ်ရပ်လုံးတွင် အတွေးအခေါ်အရ၊ နိုင်ငံရေး အရ၊ စည်းရုံးရေးအရ၊ အခြေခံအားဖြင့် တည်ဆောက် ပြီး ဖြစ်မည်ဟု ခန့်မှန်းသည်။

သခင်သန်းထွန်းသည် ၁၉၅၀–ခုနှစ်တုန်းကလည်း နှစ်နှစ်အတွင်း အပြတ်တိုက်ရေး စီမံကိန်းကို ချမှတ်ခဲ့ဖူးသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



# သခင်သန်းထွန်း၏ စစ်အနိုင်တိုက်ရေးစီမံကိန်းကို ဝေဖန်ခြင်း

ကွန်မြူနစ်ပါတီ၏ ဥက္ကဋ္ဌဖြစ်သော သခင်သန်းထွန်းသည် လေးနှစ်အတွင်း စစ်အနိုင်တိုက်ရေးစီမံကိန်းကို ရေးဆွဲပြီးသော အခါ ၁၉၆၆–ခုနှစ်၊ ဇန်နဝါရီလ ဒုတိယအပတ်တွင် ပေါလစ်ဗျူရိုအဖွဲ့အစည်းသို့ တင်ပြလေသည်။ ထိုအခါ သခင်သန်းထွန်းနှင့် အယူအဆ၊ အမြင်ခြင်း ကွဲပြားနေသော ရဲဘော်ဘတင်(ဂိုရှယ်) က ...

"အခု ပေါလစ်ဗျူရို အစည်းအဝေးမှာ တင်ပြထားတဲ့ ဦးသောင်း(သခင်သန်းထွန်း၏ လျှို့ဝှက်အမည်)ရဲ့ ဗမာတစ်ပြည်လုံးကို လေးနှစ်အတွင်း အာဏာသိမ်းရေးဆိုတဲ့ တင်ပြချက်ဟာ ကနေ့ ဗမာပြည်ရဲ့အခြေအနေနဲ့ ပြောရရင် ဘယ်လိုမှ မဖြစ်နိုင်တာကြီးပဲ။ ဦးသောင်းက ဘိုးဘိုးအောင် "ဂ"တိုးသလို နှစ်ဆတိုးလိမ့်မယ်၊ လေးဆတိုးလိမ့်မယ် ဆိုတာမျိုး ဖော်ပြထားတယ်။

ကွန်မြူနစ်ပါတီဟာ ဘိုးဘိုးအောင်ပါတီ မဟုတ်ဘူးဆိုတာ နားလည်ဖို့လိုတယ်။ တကယ်ကတော့ အဲဒီစီမံကိန်းဟာ ၅၀ ပြည့်နှစ်က ချမှတ်ခဲ့တဲ့ နှစ်နှစ်အတွင်း အပြုတ်တိုက်ရေးရဲ့ မွေးစားသားလေးပဲ။ ခင်ဗျားတို့ အဲဒီအတိုင်းသာ ဆက်ပြီးလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့် ကွန်မြူနစ်ပါတီဟာ မပျက်စီးဘူးဆိုရင် ကျွန်တော့်ကို လုပ်ချင်တိုင်းသာ လုပ်ကြပေတော့၊ အခု ဦးသောင်း တင်ပြထားတဲ့ စီမံကိန်းကို မညာတမ်းပြောရမယ်ဆိုရင် အရှုးအိပ်မက် မက်နေတာပဲလို့ပြောရင် အမှန်ဆုံး ဖြစ်လိမ့်မယ်ထင်တယ်။

ခင်ဗျားတို့ဟာ လုပ်ချင်ပြီဆိုရင် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် အတင်းလုပ်ဖို့ပဲ ကြိုးစားကြတယ်။ ခင်ဗျားတို့ရဲ့ လေးနှစ်အပြုတ်တိုက်ရေးကြီးဟာ ခဏတော့ အောက်ခြေကို တက်ကြွအောင်လုပ်လို့ရချင်ရမယ်။ ဒါပေမဲ့ ချက်ချင်းပဲ ခင်ဗျားတို့ကို ပြန်ထိမှာ သေချာတယ်။ ခင်ဗျားတို့က ကြီးကြီးကျယ်ကျယ် ဘယ်နနှစ်အတွင်းမှာ အပြုတ်တိုက်မယ်လေး ဘာလေးနဲ့ တကယ်တော့ ကျွန်တော်တို့မှာ အေးဆေးဆေးဆေးနဲ့ တစ်ညဝင်ပြီး အိပ်နိုင်တဲ့ ရွာ ဘယ်မှာရှိသေးလို့လဲ။

ကိုယ့်အခြေအနေတွေကိုလည်း ကိုယ်မှန်မှန်ကန်ကန် နားလည်မှ ဖြစ်မယ်။ ကိုယ့်အမျိုးအကြောင်းလည်း ကိုယ်သိမှဖြစ်မယ်။ ကျွန်တော် အခုလို ပြောနေတာက စီမံကိန်းနဲ့ချပြီး မလုပ်ရဘူးလို့ ပြောနေတာ မဟုတ်ပါဘူး။ ဖြစ်နိုင်တဲ့ အခြေအနေမှာ ဖြစ်နိုင်တာကစပြီး လုပ်ဖို့ကိုသာ တင်ပြနေတာ ဖြစ်ပါတယ်။

နောက်ပြီးတော့ ဦးသောင်းက ပဲခူးရိုးမတိုင်းအတွက် လုပ်ငန်းတွေကိုလည်း အသေးစိတ်တွေပါလိုက်ပြီး ချေးကအစ သေးကအစ ချပေးနေတယ်။ တကယ်က အဲဒါတွေကို ကိုမြ လုပ်နိုင်ပါတယ်။ ကိုမြဟာ ဒီတိုင်းရဲ့ဗဟိုကော်မတီခေါင်းဆောင်ပါ၊ အခုတော့ ကိုမြ လုပ်စရာမရှိတော့ဘူး။ ဒါကတော့ လုပ်နည်းကိုသာ ကျွန်တော်က ပြောတာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နောက်ဆုံးပြောချင်တာက ဘယ်လိုပဲဖြစ်ဖြစ် ကနေ့အခြေအနေနဲ့ လုံးဝမကိုက်ညီတဲ့ ခင်ဗျားတို့ရဲ့ လေးနှစ်အပြုတ်တိုက်ရေး စီမံကိန်းကိုတော့ ပေါလစ်ဗျူရိုအနေနဲ့ ဘယ်နည်းနဲ့မှ ဆုံးဖြတ်ချက်မချဖို့ ကျွန်တော် လေးလေးနက်နက်တင်ပြလိုပါတယ်"

ဟူ၍ ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုလေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ယုံကြည်ချက်တွေနဲ့ သခင်သန်းထွန်း

သခင်သန်းထွန်းသည် သူ၏စိမံကိန်းကို မည်သူက မည်သို့ပင် ဝေဖန်၊ ရှုတ်ချ၊ ကန့်ကွက်စေကာမူ ယုံကြည်ချက်ကို မစွန့်လွှတ်ခဲ့ပေ။ သူသည် လေးနှစ်အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်းကို ပေါလစ်ဗျူရိုအဖွဲ့၏ အဆုံးအဖြတ်ဟုဆိုကာ ထိုစီမံကိန်းအတိုင်း ဗမာပြည်တစ်ပြည်လုံးနှင့် ပဲခူးရိုးမတိုင်းအား တိုက်ရိုက်ဦးစီးကွပ်ကဲကာ အစွမ်းကုန် အကောင်အထည်ဖော်ခဲ့သည်။

သူသည် တို့ဗမာအစည်းအရုံး သခင်ဘဝမှစပြီး ဖဆပလအတွင်းရေးမှူး ဘဝတွင်လည်း ယုံကြည်သည့်လမ်းကို လျှောက်ခဲ့သူဖြစ်သည်။ ဝေဖန်တိုက်ခိုက်ခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းများကိုလည်း ဂရုမစိုက်ပေ။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဥက္ကဋ္ဌဖြစ်လာချိန်မှာလည်း သူ၏ရင်ထဲတွင် အစိုးရနှင့် မပူးပေါင်းဘဲ အာဏာသိမ်းယူနိုင်ရေးသာ စဉ်းစားခဲ့သည်။

ထို့ကြောင့် ရဲဘော်ဘတင်(ဂိုရှယ်)နှင့် သဘောထားကွဲလွဲခဲ့သည်။ တစ်ခါကလည်း ရဲဘော်ဘတင်(ဂိုရှယ်)သည် အပိုင်းငါးပိုင်းပါဝင်သော "ဗဟိုကော်မတီအဖွဲ့ဝင် ရဲဘော်များသို့ ၁၉၆၄ ခုနှစ် ဇွန်လ ပေါလစ်ဗျူရိုဆုံးဖြတ်ချက်အပေါ် ကျွန်ုပ်၏ အမြင်တင်ပြချက်"အား လုံးဝလက်မခံဘဲ ရဲဘော်ဘတင်ရို့အလို

www.burmeseclassic.com

www.burmeseclassic.com



အရ ဗိုလ်နေဝင်းရဲ့ စီးပွားရေးပေါ်လစီဟာ တိုင်းရင်းသားခေနှရှင်ကြီးတွေရဲ့ ပစ္စည်းတွေသိမ်းတာ ဖြစ်တယ်။

ပါတီရဲ့ပေါ်လစီဟာ တိုင်းရင်းသားခေနှရှင်ကြီးတွေကို ပစ္စည်းပြန်ပေးရေး ဖြစ်တယ်လို့ ပါတီရဲ့ပေါ်လစီကို သရုပ်ဖျက်ထားတယ်။ ဗိုလ်နေဝင်းရဲ့ ပေါ်လစီကို ကာကွယ်ရာမှာ အလုခြယ်ပေးရာမှာပဲဖြစ်ဖြစ်၊ ပါတီရဲ့ပေါ်လစီကို သရုပ်ဖျက်ရာမှာပဲဖြစ်ဖြစ်၊ ရဲဘော်ဘတင်ရဲ့ အပေါ်က စာပိုဒ်ကတော့ စံတင်လောက်ပါပေတယ်။

ဗိုလ်နေဝင်းရဲ့ပေါ်လစီဟာ တိုင်းရင်းသား အရင်းရှင်ကြီးတွေတိုက်တာ ဖြစ်တယ်လို့ ရဲဘော်ဘတင်က ဖွင့်ဆိုချင်ပေမယ့် ဗိုလ်နေဝင်းရဲ့စီးပွားရေးလုပ်ငန်းတွေဟာ သန်းပေါင်းများစွာသော ဆင်းရဲသားတွေကို ပိုပြီးမွဲပြာကျစေကာ အလုပ်လက်မဲ့ ဖြစ်စေတာတွေကတော့ အမှန်ပါ။

၁၉၆၅–ခုနှစ် အကုန်မှာ လုပ်လိုက်တဲ့ ဗျပ်ထိုးခေါင်းရွက်တွေရဲ့အလုပ်ကို သိမ်းပိုက်တဲ့ လုပ်ငန်းဟာ လူနှစ်သန်းကျော် အလုပ်လက်မဲ့ ဖြစ်စေတာတွေကတော့ အမှန်ပါ။

၁၉၆၅–ခုနှစ် အကုန်မှာ လုပ်လိုက်တဲ့ ဗျပ်ထိုးခေါင်းရွက်တွေရဲ့အလုပ်ကို သိမ်းပိုက်တဲ့လုပ်ငန်းဟာ လူနှစ်သန်းကျော် အလုပ်လက်မဲ့ ဖြစ်စေခဲ့တယ်။ အရောင်းအဝယ်လုပ်နေတဲ့ လူနှစ်သန်းနေရာမှာ လူရှစ်သောင်းနဲ့ လုပ်နေတယ်လို့ ကုန်သွယ်ရေးတာဝန်ခံတစ်ဦးဖြစ်တဲ့ ဒုဗိုလ်မှူးကြီးရဲမြင့်က ၁၉၆၆–ခုနှစ် ဇန်နဝါရီလ(၆)ရက်နေ့မှာ ပြောပါတယ်။

ဒီနှစ်သန်းကျော်ဟာ တိုင်းရင်းသား ခေနှရှင်ကြီးတွေ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ဒီလိုအခြေအနေမျိုးမှာ သန်းပေါင်းများစွာသော ဖျပ်ထိုး ခေါင်းရှက်စျေးသည်တွေဘက်က ရပ်တည်မလား၊ လက်ဝါးကြီး အုပ်သိမ်းပိုက်နေတဲ့ အခွင့်ထူးခံ စစ်မိုလ်တွေကို ဆန့်ကျင်ပြီး သန်းပေါင်းများစွာသော လက်လုပ်လက်စားတွေဘက်က ရပ်တည် ပါတယ်။ ရဲဘော်ဘတင်ရဲ့ ရပ်တည်မှုကတော့ ပါတီရဲ့ရပ်တည် မှုနဲ့ ဆန့်ကျင်ဘက် ဖြစ်ပါတယ်"ဟူ၍ စသည့်အချက်အလက် များ ပါဝင်သော ဝေဖန်ချက်များအပြင် ရဲဘော်ဘတင် တင်ပြတဲ့ နည်းပရိယာယ်ဟာ...

၁။ အဓိကရန်သူဖြစ်တဲ့ မိုလ်နေဝင်းအစိုးရကို အဓိကရန် သူအဖြစ် သဘောမထားတဲ့ နည်းပရိယာယ်တွေဖြစ် တယ်။

၂။ အဓိကရန်သူနဲ့ ပူးပေါင်းရေးလမ်းစဉ်ဖြစ်တယ်။

၃။ အဓိကရန်သူကို ဆန့်ကျင်တိုက်ခိုက်ရေး မဟုတ်ဘဲ အဓိကရန်သူကို ထောက်ခံရေးအပေါ်မှာ အလေးတင် ထားတဲ့ လမ်းစဉ်ဖြစ်တယ်။

၄။ အဓိကရန်သူနဲ့ သေရေးရှင်ရေး တိုက်နေတဲ့အခါမှာ အဓိကရန်သူ လုပ်နေတာကို စောင့်ကြည့်နေရမယ့် ပါတီနဲ့ ပြည်သူတွေက မလှုပ်မယှက် အသေကောင် ဖြစ်နေရမယ့် ပါတီနဲ့ ပြည်သူတွေကို လက်နက်မဲ့စေ တဲ့ လမ်းစဉ်ဖြစ်တယ်။

၅။ ပြည်သူရဲ့အဓိကတိုက်ပွဲဖြစ်တဲ့ တော်လှန်တဲ့ လက် နက်ကိုင်တိုက်ပွဲကို ဖျက်သိမ်းပြီး အဓိကရန်သူဆီမှာ ကျွန်ခံရေးလမ်းစဉ်ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



၆။ ရဲဘော်ဘတင်ရဲ့ လမ်းစဉ်အရဆိုရင် ပါတီအနေနဲ့ ပြည်သူတွေနဲ့အတူ တော်လှန်စစ်ကို ဆင်နွှဲနေစရာ မလိုတော့ဘူး၊ ပါတီအနေနဲ့ လက်နက်ကိုင်တိုက်ပွဲ ရပ်စဲလိုက်ပြီဖြစ်ကြောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီကို ဖျက်သိမ်းလိုက်ကြောင်း ကြေညာပြီး မဆလပါတီမှာ လက်ခံဖို့ တစ်ဦးချင်း လျှောက်လွှာတင်ကြဖို့ပဲ ရှိတယ်။ ဒါကတော့ ပါတီတစ်ရပ်လုံး ဘယ်နည်းနဲ့မှ မလုပ်ဘူးဟူ၍ ဝေဖန်ပြောဆိုခဲ့သည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်း၏ မပြီးဆုံးနိုင်သည့် စီမံကိန်း

ဗမာပြည်ကွန်မြူနစ်ခေါင်းဆောင် သခင်သန်းထွန်းသည် အထက်တွင်ဖော်ပြခဲ့သလို နောက်ထပ် မပြီးဆုံးနိုင်သည့် စီမံကိန်းတွေကိုလည်း ရေးဆွဲနေသည်။ ၎င်းရေးဆွဲသည့် စီမံကိန်းနှင့်ပတ်သက်၍ ပါတီဝင်အချို့က စိုးရိမ်မှုတွေ ရှိနေသည်။ ၎င်းစိုးရိမ်မှုမှာ သခင်သန်းထွန်းသည် ထိုစီမံကိန်းတွေ အောင်မြင်လျှင် အသက်ကြီးပါတီခေါင်းဆောင်အချို့ကို ဖယ်ရှားပြီး လူငယ်တွေနှင့် အစားထိုးနိုင်သည်ဟု ထင်မှတ်နေကြသည်။

တချို့နိုင်ငံရေးသမား သို့မဟုတ် ကွန်မြူနစ်ပါတီမှ သခင်တချို့က သခင်သန်းထွန်း၏ မဟာစီမံကိန်းများကို ကျေနပ်စွာလက်ခံနေကြသည်။ ထို့ကြောင့် ပါတီအတွင်းမှာ မသိနားမလည်သူတွေက သခင်သန်းထွန်း၏လုပ်ရပ်ကို မှန်သည်ဟုဆိုကာ လက်ခံနေကြသည်။ သခင်သန်းထွန်း၏ စီမံကိန်းများကို တင်ပြချင်ပါသည်။

### ပဲခူးရိုးမတိုင်း (၂)နှစ်စီမံကိန်း

ဖော်ပြပါ ပဲခူးရိုးမ (၂)နှစ်စီမံကိန်းကို အချက်(၇)ချက်ဖြင့် အကောင်အထည်ဖော် လုပ်ဆောင်ပါသည်။ အချက်(၇)ချက်မှာ အနှစ်ချုပ် အချက်တစ်ခုကို တင်ပြချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပဲခူးရိုးမ ပြောက်ကျားအခြေခံစခန်းကို ပိုမိုကြံ့ခိုင်ရေး ပိုမိုကျယ်ပြန့်သော ပြောက်ကျားစစ်ဆင်ရေး ဒေသနှင့် ပြောက်ကျားဒေသသစ်များဖွင့်ပြီး ရန်သူ့ဒေသကို ကျုံ့ဝင်သွားအောင်လုပ်ရမည်"

"စီမံကိန်း၏ ရည်မှန်းချက်"

ပဲခူးရိုးမတိုင်းအတွင်း၌ရှိသော မြို့ကြီး မြို့လေးများကို နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးအရ ထိုးဖောက်၍ ဝိုင်းရံထားစေရမည်။

"စီမံကိန်းအကောင်အထည်ဖော်ရေး ပေါ်လစီ"

ပဲခူးရိုးမတိုင်း တစ်ခုလုံးသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုအောက်တွင် မြေပဗာတိုက်ပွဲလုပ်ငန်းများကို အခြေခံလုပ်ရင်းဖြင့် လက်နက်ကိုင်တပ်မတော်သည် တည်ဆောက်ရေးကို အဓိကပြုလုပ်သွားရန်ဖြစ်သည်။

လုပ်ငန်းအသီးသီး၏ဦးတည်ချက်နှင့် လမ်းညွှန်

အရင်းရှင် စစ်ရေးအတွေးအခေါ်မှန်သမျှကို တိုက်ဖျက်ပြီး ပစ္စည်းမဲ့ပါတီက အကြွင်းမဲ့ခေါင်းဆောင်သည့် တပ်မတော်ကို တည်ဆောက်ရမည်။

ဟူ၍ ဖြစ်ပါသည်။ သခင်သန်းထွန်းသည် ထိုကဲ့သို့ပြုလုပ်ရန် စီမံကိန်းတွေ ရေးဆွဲပြီးနောက် "၆၄–လမ်းစဉ် သို့မဟုတ် အာဏာနီတည်ဆောက်ရေး"။

www.burmeseclassic.com

www.burmeseclassic.com



သခင်သန်းထွန်း၏ ၆၄–လမ်းစဉ် အာဏာနီတည်ဆောက်ရေး"လမ်းစဉ်သည် အလွန်ပင် ကြမ်းတမ်းသည်။ အာဏာနီ၏ ရည်ရွယ်ချက်များထဲက တစ်ခုကို ရွေးထုတ်လိုက်ရပါသည်။

ထို၀ါဒဖြန့်ချိရာတွင် "ဒါးကိုစုတ်လိုလျှင် ဝါးတက်ကို အရင်ရှင်းရမည်"ဟူသည့် ပေါ်လစီကို ချမှတ်ထားသည်။ အဓိပ္ပာယ်မှာ "နေဝင်းကြီးကို အပြုတ်တိုက်နိုင်ရေးအတွက် ကျေးလက် နေဝင်းလေးများကို အပြတ်ရှင်းရမည်"ဟုဆိုသည်။

ထို့ကြောင့် ကျေးရွာများတွင် ဖွဲ့စည်းထားသည့် (လလသသ)များ (မယက)များ (ရလက)များကို အလစ်ဝင်ရောက်၍ တိုက်ခိုက်ရေး။ ထို့အပြင် ကျေးရွာများတွင် ရှိသည့် ပါတီကို တက်ကြွစွာ ထောက်ခံခြင်း မပြုသူများကိုလည်း "အာဏာနီ"တည်ဆောက်ရေး၏ အန္တရာယ်များ အဖြစ်လည်းကောင်း၊အတားအဆီးများအဖြစ်လည်းကောင်း အရေးယူကြမည်။

ဟု ပါရှိသည်။ ဒါတင်လားမေးလျှင် ကျန်နေသေးသည်။ သခင်သန်းထွန်းသည် အဖွဲ့ဝင်များကို မကျေနပ်တာပြောရအောင် ဟစ်တိုင်လုပ်ပေးထားသည်။ ဟစ်တိုင်ဆိုသည်မှာ အစိုးရကို မကောင်းတာပြောရန် ရည်ရွယ်ပြုလုပ်ပေးထားခြင်း ဖြစ်သည်။

### သခင်သန်းထွန်း၏လူငယ်စီမံကိန်း

သခင်သန်းထွန်းသည် ဘဝဟစ်တိုင် လှုပ်ရှားမှုအပြီးတွင် လေးနှစ်အတွင်း စစ်အနိုင်တိုက်ရေးစီမံကိန်း၌ ပါဝင်သော စည်းရုံး

www.burmeseclassic.com

www.burmeseclassic.com



နှရေးကိစ္စများတွင် လူငယ်များကို ရေရှည်စီမံကိန်းအဖြစ် မွေးမြူသွားရန် ဆုံးဖြတ်ခဲ့သည်။

သူသည် လူငယ်များအား ဗမာပြည်ကွန်မြူနစ်အရေးတော်ပုံ၏ အားသစ်များအဖြစ် သဘောထားသည့် မျိုးဆက်သစ်များအဖြစ်လည်း သတ်မှတ်သည်။ ဗမာပြည်တော်လှန်ရေး၏ အမြုတေများ ဖြစ်လာရလိမ့်မည်ဟူ၍ မျှော်လင့်ယုံကြည်ထားသည်။

ထို့ကြောင့် သခင်သန်းထွန်းသည် ရဲဘော်အောင်ကြီး၊ သခင်ပု၊ ရဲဘော်ထွန်းရှိန်၊ ရဲဘော်မျိုးတင့်၊ သခင်ချစ်တို့နှင့်စုဆွေးနွေးကာ ဗဟိုဌာနချုပ်တွင်ရှိသော လူငယ်များအား ပါတီတွင်းတိုက်ပွဲ၌ စံပြကျောက်များအဖြစ် လေ့ကျင့်ပေးရန်၊ အားသစ်များအဖြစ်မွေးမြူရန်၊ ရေရှည်စီမံကိန်းတစ်ရပ်ကို ရေးဆွဲခဲ့သည်။

ထိုစီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်ရန် အတွက်လည်း သခင်သန်းထွန်း ခေါင်းဆောင်သည့် ရဲဘော်အောင်ကြီး၊ ရဲဘော်ထွန်းရှိန်၊ ရဲဘော်မျိုးတင့်တို့ ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ ထိုအဖွဲ့မှ တိကျသောတာဝန်ကို ခွဲဝေသည်။ ရဲဘော်ထွန်းရှိန်အား ဗဟိုစခန်းတွင်ရှိသော လူငယ်များကို စည်းရုံးရန် အတွက် တာဝန်ပေးလိုက်သည်။

ဗဟိုစခန်းလူငယ်အဖွဲ့တွင် အဖွဲ့ဝင်(၁၅)ဦးသာ ရှိသော်လည်း အခြားတိုင်း၊ ခရိုင်များနှင့် မြို့နယ်များက လက်ရွေးစင် လူငယ်များကို ဗဟိုစခန်းသို့ ခေါ်ယူရန် စီစဉ်လိုက်လေသည်။ ထို့နောက် ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလ(၂၈)ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်း၌ လူငယ်အစည်းအဝေးကို ကျင်းပခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအစည်းအဝေးတွင် အသက်(၁၄)နှစ်မှ (၁၈)နှစ်အတွင်းရှိသော လူငယ်(၂၀)ခန့် တက်ရောက်ကြသည်။ ထိုအထဲတွင် သခင်သန်းထွန်း၏သားငယ် မောင်မောင်(ခေါ်)ညီညီလေးလည်း ပါဝင်သည်။ လူငယ်များသည် "မင်းတို့ဟာ အသစ်ကို ကိုယ်စားပြုသူတွေဖြစ်တယ်။ ကနေ့ပါတီထဲမှာရှိကြတဲ့ ခေါင်းဆောင်တွေ၊ လူကြီးတွေဟာ အဟောင်းတွေ ဖြစ်ကြတယ်။ အဟောင်းနေရာကို အသစ်တွေနဲ့ အမြန်ဆုံးအစားထိုးရလိမ့်မယ်၊ ဒီအတွက် အသင့်ပြင်ထားရမယ်၊ မင်းတို့ဟာ ပါတီထဲမှာ လင်းယုန်မျက်စိနဲ့ လူတိုင်းကို ကြည့်နေရမယ်"ဟု ပြောကြားခြင်း ခံရသဖြင့် အထူးတက်ကြွနေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## လူငယ်များအတွေးအခေါ် ခံယူချက်

သခင်သန်းထွန်း၏ တာဝန်ပေးချက်အရ ရဲဘော်ထွန်းရှိန်သည် လူငယ်များအတွက် ရာသက်ပန် ဦးထိပ်ပန်ဆင်ရမည်။ အတွေးအခေါ် ခံယူချက်ကို ရေးဆွဲခဲ့သည်။ ထိုအတွေးအခေါ် ခံယူချက်မှာ...

၁။ ပါတီရဲ့ခေါင်းဆောင်မှု အကြွင်းမဲ့ခံယူရမယ်။

၂။ အတွေးအခေါ်လုပ်ငန်း၊ နိုင်ငံရေးလုပ်ငန်း ထာဝစဉ်ဦးထိပ်ပန်ရမယ်။

၃။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို ဦးထိပ်ပန်ရမယ်၊ အထူးသဖြင့် တရားသုံးသွယ်ကို ဦးထိပ်ပန်ရမယ်...

(က) ပစ္စည်းမဲ့တော်လှန်ရေး

(ခ) ပစ္စည်းမဲ့အာဏာရှင်စနစ်

(ဂ) ပစ္စည်းမဲ့ပါတီ

၄။ ပါတီရဲ့လုပ်ငန်းစဉ်၊ လမ်းစဉ်၊ ပေါ်လစီတွေကို လက်ခံကျင့်သုံးသူတွေသာမကာပိုင်းဝန်းတည်ဆောက်သူတွေ ဖြစ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



၅။ ပါတီရဲ့လူထုလမ်းစဉ်နဲ့ လူတန်းစားလမ်းစဉ်ကို တင်းကျပ်စွာ ခံယူကျင့်သုံးသူသာမက ပိုင်းဝန်းတည်ဆောက်သူတွေ ဖြစ်ရမယ်။

၆။ ပါတီရဲ့အတွေးအခေါ်နှစ်ရပ်၊ လမ်းစဉ်နှစ်ရပ် တိုက်ပွဲထဲမှာ လေ့ကျင့်မွေးမြူသွားရမယ်၊ တစ်နည်းဆိုရင် ပါတီတွင်း လူတန်းစားတိုက်ပွဲထဲမှာ လေ့ကျင့်မွေးမြူရမယ်။

၇။ ပါတီပ လူထုလူတန်းစားတိုက်ပွဲထဲမှာ လေ့ကျင့်မွေးမြူရမယ်။

၈။ ရန်သူလူတန်းစားနဲ့ စစ်ရေးတိုက်ပွဲထဲမှာ လေ့ကျင့်မွေးမြူရမယ်။

၉။ ပြည်သူတွေနဲ့အတူ ထုတ်လုပ်ရေးတိုက်ပွဲ (သဘာဝနဲ့တိုက်ပွဲထဲမှာ လေ့ကျင့်မွေးမြူရမယ်)။

၁၀။ ရိုးရိုးကုတ်ကုတ်နေ၊ ကြိုးကြိုးပမ်းပမ်းလုပ်၊ ချွေချွေတာတာသုံး။

၁၁။ လေ့လာ၊ လေ့လာ၊ ထပ်လေ့လာ။
(မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်၊ ပါတီလမ်းစဉ်၊ လုပ်ငန်းစဉ်၊ ပေါ်လစီ၊ ပါတီတည်ဆောက်ရေး၊ တပ်တည်ဆောက်ရေး၊ ပါတီ–တပ် လူထု) စာပေယဉ်ကျေးမှု သိပ္ပံပညာ။

၁၂။ လူတန်းစားရပ်တည်မှု၊ လူတန်းစားအမြင်
ပါတီရပ်တည်မှု၊ ပါတီအမြင်
တော်လှန်ရေးရပ်တည်မှု၊ တော်လှန်ရေးအမြင်
စသည်တို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်တွင် ဖော်ပြခဲ့သည့် အကြောင်းအရာများသည် သခင်သန်းထွန်း၏ လူငယ်အစားထိုးမှုများဖြစ်သည်။ သခင်သန်းထွန်းသည် ပါတီကို စတင်တည်ထောင်သူတွေအပေါ် ယုံကြည်မှု အားနည်းလာသည်။ ကွန်မြူနစ်ပါတီကို တစ်ဦးတည်း ချုပ်ကိုင်ရန် ၎င်းတို့က အနှောင့်အယှက် ဖြစ်နေသည်။ ထို့ကြောင့် လူငယ်တွေနှင့် အစားထိုးခြင်းဖြစ်သည်။ ဒါတင်မကသေး စုဆောင်းရရှိထားသည့် လူငယ်တွေကို စိတ်ဓာတ်တွေ တက်ကြွရန်သင်ကြားပေးနေသည်။

ဒါတင်မက လူငယ်တွေကို မြှောက်ပေးသည့်အနေနှင့် တပ်နီလူငယ်များအဖွဲ့ကို ဖွဲ့စည်းပေးလိုက်သည်။ တပ်နီလူငယ်များ ထွက်ပေါ်လာရသည်မှာ ရန်ပုံငွေပြန်တောင်းယူသည့်ကိစ္စနှင့် ပတ်သက်၍ ရည်ရွယ်ချက်ရှိရှိနှင့် ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။

သခင်သန်းထွန်းသည် တပ်နီလူငယ်အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ခြင်းသည် ၎င်းအတွက် အလွန်ပင် အထောက်အကူပြုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတပ်နီလူငယ်စီမံကိန်းမှ ပေါ်ထွက်လာသည့် လူငယ်များသည် နောင်တစ်ချိန်တွင် သခင်သန်းထွန်း၏ တောတွင်း ဖြုတ်၊ ထုတ်၊ သတ်၊ လမ်းစဉ်တွင် ဖခင်ရင်းကိုတောင်မှ ပြန်လည်သတ်ဖြတ်ရန် တောင်းဆိုခဲ့သလို ကိုယ်တိုင်လည်း ပါဝင်ခဲ့သည့် လူငယ်များအဖြစ် သခင်သန်းထွန်းဘက်မှ ရပ်တည်ခဲ့သောကြောင့်ဖြစ်သည်။

ထိုလူငယ်များ၏ ရင်ထဲတွင် ဗမာပြည်ငြိမ်းချမ်းရေးလိုချင်သူတိုင်းကို ရန်သူဟုမြင်ပြီး ပါတီနှင့် ဥက္ကဋ္ဌ သခင်သန်းထွန်းအပေါ် အတိုက်အခံပြုသူများကို သုတ်သင်ရန် ခန့်ခွဲလေးအောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။ လူငယ်များသည် သခင်သန်းထွန်း၏ အရေးပေးမှုကြောင့် စိတ်ထင်ရာစိုင်းခဲ့သည်။ ခံစားချက်ရှိသည့်အတိုင်း လုပ်ကြသည်။ သခင်သန်းထွန်းက လွှတ်ပေးထားသည်။

သခင်သန်းထွန်းသည် လူငယ်တွေ ယုံကြည်လာအောင် လုပ်ပြရန် လိုအပ်သည့်အတွက် တောတွင်းလုပ်ကြံမှုကြီး တစ်ခုကို ဖန်တီးလိုက်လေသည်။ ထို့ကြောင့် တောတွင်းလုပ်ကြံမှုကြီးကို ဆက်လက်တင်ပြချင်ပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်း၏ တောတွင်းလုပ်ကြံမှုကြီး

သခင်သန်းထွန်းသည် အတိုက်အခံလုပ်သူများ အားလုံး၊ ဗမာပြည်ကွန်မြူနစ်ပါတီ၏ သဘောထားရေးရာများနှင့် ပတ်သက်ပြီး ဆန့်ကျင်သူများကို ရှင်းပစ်ရန် ကြံစည်ခဲ့သည်။ ထို့ကြောင့် သူတည်ထောင်ခဲ့သော တပ်နီလူငယ်များနှင့်အတူ သူ၏တစ်သွေး၊ တစ်သံ၊ တစ်မိန့်အောက်တွင် နေကြသည့် လူယုံတော်များကို စုစည်းကာ လှုပ်ရှားမှုများကို စတင်လေသည်။

ထိုလုပ်ကြံမှုတွင် ရဲဘော်ဘခက်၊ ရဲဘော်ဘတင်(ဂိုရှယ်)၊ ရဲဘော်ဌွေးတို့သည် ပထမဦးဆုံး တရားခံများဖြစ်သည်။ ထိုလူများကို စွဲချက်မတင်မီ ရဲဘော်ထွန်းရှိန်က ဗဟိုစခန်း ပါတီကော်မတီကို အာဏာသိမ်းလိုက်ပြီ ဖြစ်ကြောင်းနှင့် ဒီအချိန်ကစပြီး တော်လှန်တဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့နဲ့ တော်လှန်တဲ့ ပါတီကော်မတီကို ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပါတီတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ခေါင်းဆောင်ပိုင်းနေရာတွင် တာဝန်ယူထားကြသော ရဲဘော်ဘခက်၊ ရဲဘော်ဘတင်(ဂိုရှယ်)၊ ရဲဘော်ဌွေးတို့ကို စွဲချက်တင်သည်။ ထိုအထဲတွင် ရဲဘော်ဘတင်(ဂိုရှယ်)သည် ဗမာပြည်ကွန်မြူနစ်ပါတီကို ခေါင်းဆောင်ဖွဲ့စည်းခဲ့သည့် သခင်အောင်သန်း(ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်း)၊ ရဲဘော်ဗဟိန်း၊ သခင်လှဖေ(ဗိုလ်လက်ျာ)၊ သခင်စိုးတို့နှင့် ပါဝင်ခဲ့သူဖြစ်သည်။

သို့သော် နောက်ပိုင်းတွင် သခင်သန်းထွန်းနှင့် ပါတီပေါ်လစီအမြင်များ မတူခြင်း၊ ဝေဖန်တိုက်ခိုက်ခြင်းများကြောင့် သခင်သန်းထွန်း၏ ရန်သူအဖြစ် သတ်မှတ်ခြင်းခံရလေသည်။ ထို့နောက် သခင်သန်းထွန်းနှင့် ရဲဘော်အပေါင်းပါများသည် ဦးပိန်(ဘတင်)၊ ဦးစိန်(ဒွေး)၊ ဘခက်တို့အား အောက်ပါအတိုင်း စွဲချက်တင်လေသည်။

**ဦးပိန်(ခေါ်) ရဲဘော်ဘတင်(ဂိုရှယ်)အပေါ်**
**စွဲချက်တင် ပြစ်ဒဏ်ပေးခြင်း**

- ဦးပိန် (ခေါ်) ရဲဘော်ဘတင်(ဂိုရှယ်)သည် ...
- ၆၄ လမ်းစဉ်သည် ၅၅ လမ်းစဉ်၏ အဓိကသော့ချက်များကို ရိုက်ချိုးခဲ့သည်။ ဒါကို ဦးပိန်(ဘတင်)ဆန့်ကျင်ခဲ့သည်။
- ၆၅ ဇွန်လ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ခဲ့သည်။
- ၆၆ မေလ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ခဲ့သည်။
- အခြေခံလုပ်ငန်းစဉ်နှင့် စည်းမျဉ်းဥပဒေကို ဆန့်ကျင်ခဲ့သည်။
- ဗမာပြည် ပြန်လည်ပြင်ဆင်ရေးဝါဒကို တိုက်ဖျက်ချေမှုန်းရန်ဖြစ်သော ၆၇ တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေးနဲ့ပတ်သက်သည့် ဆုံးဖြတ်ချက် ဆန့်ကျင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



- မာ့က်စ်ဝါဒ၊ လီနင်ဝါဒ ပညာပေးရေးဖြစ်သော ဗဟို ကျောင်းတည်ရှိရေးကို အစဉ်တစိုက် ဆန့်ကျင်ခဲ့သည်။
- ၅၅ လမ်းစဉ်သည် ပြန်လည်ပြင်ဆင်ရေးဝါဒ တစ်စုံ တစ်ရာဖြစ်သည်ဆိုသော ဆုံးဖြတ်ချက်ကို ဆန့်ကျင် ခဲ့သည်။
- ပြန်လည်ပြင်ဆင်ရေး တစ်စုံတစ်ရာဖြစ်သော ၅၅ လမ်းစဉ်ကို ဦးပိန်(ဘတင်)သည် ခေါင်းမာစွာ ဆုပ် ကိုင်ထားပါသည်။
- ဘယ်လောက်တန်ဖိုး ပေးရ ပေးရ ၅၅ ကို ကာကွယ် သွားမည်ဟု ကြေညာထားပြီးဖြစ်သည်။
- ဦးပိန်(ဘတင်)သည် ခေါင်းမာသော ပြန်လည်ပြင်ဆင် ရေးသမားဖြစ်သည်။
- ဦးပိန်(ဘတင်)သည် ပါတီဆန့်ကျင်ရေး၊ တော်လှန် ရေး၊ ဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေးသမား ဖြစ် သည်။
- ဦးပိန်(ဘတင်)အား ပါတီမှ ထုတ်ပစ်သင့်သည်။
- လာမည့် ဗဟိုကော်မတီအစည်းအဝေးတွင် ပြန်လည် ပြင်ဆင်ရေးဝါဒကို အပြီးအပြတ် ရှင်းလင်းပစ်နိုင်ရန် အတွက် ပထမခြေလှမ်းအဖြစ်ဖြင့် ဦးပိန်(ဘတင်)အား ဗဟိုကော်မတီမှ ထုတ်ပစ်လိုက်သည်။ ဗဟိုကော်မတီ အဖွဲ့ဝင်တစ်ဦး၏ အခွင့်အရေးနှင့် အခွင့်အာဏာများ ကို ပြန်လည်သိမ်းယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



- ဦးဝိန်(ဘတင်)အား လက်ငင်းအားဖြင့် ပါတီတွင်း ဆက်လက်ထားသေးစေကာမူ ၎င်း၏အဓိကတာဝန်မှာ မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ရန်နှင့် ၎င်း၏လှုပ်ရှားမှုများကို သက်ဆိုင်ရာ ပါတီအခြေခံအဖွဲ့အစည်းက ကြီးကြပ်ထားရန်ဖြစ်သည်။
- ဤကဲ့သို့ ဆုံးဖြတ်ခြင်းမှာ ဦးဝိန်(ဘတင်)အား အသက်ဉာဏ်ဆုံးနှင့် နောက်ဆုံးအခွင့်အရေးပေးခြင်း ဖြစ်သည်။
- အကယ်၍ ဦးဝိန်(ဘတင်)သည် ပြန်လည်ပြင်ဆင်ရေး ဝါဒကို ဆက်လက်စွဲကိုင်ထားပါက လာမည့် ဗဟိုကော်မတီအစည်းအဝေးတွင် ဦးဝိန်(ဘတင်)အား အပြီးအပိုင် ထုတ်ပစ်သွားမည်။
- ဤကာလအတွင်း၌ ဦးဝိန်(ဘတင်)သည် ပြန်လည်ပြင်ဆင်ရေး လမ်းစဉ်အတိုင်း ပါတီဆန့်ကျင်ရေး၊ ဟော့လှန်ရေး၊ ဖျက်ဆီးရေးကို တစ်ဆင့်တက် လုပ်လာပါက ပါတီကို တစ်စုံတစ်ရာ အံတုလာပါက အပြီးအပိုင် ထုတ်ပစ်မည်။

## ဦးစိန်(ဌေး)အပေါ် စွဲချက်တင် ပြစ်ဒဏ်ပေးခြင်း

- ဦးစိန်(ဌေး)သည် မူလက ဖ၄ လမ်းစဉ်ကို သူနားလည်ချက်နဲ့သူ ထောက်ခံခဲ့သည်။
- ဖ၅ ဆုံးဖြတ်ချက်ကို အပြည့်အဝ သဘောမတူဘဲ ထောက်ခံမဲပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



- ၆၆ ဆုံးဖြတ်ချက်ကို မရှင်းလင်းသေးဟု ပြောပြီး ထောက်ခံမဲ ပေးခဲ့သည်။
- အခြေခံလုပ်ငန်းစဉ်နဲ့ စည်းမျဉ်းဥပဒေကို အပြည့်အဝ သဘောမတူဘဲ ထောက်ခံမဲပေးခဲ့သည်။ ဗမာပြည်ပြန် လည်ပြင်ဆင်ရေးဝါဒကို တိုက်ဖျက်ချေမှုန်းရန်ဖြစ် သော ၆၇ တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေး ဆုံးဖြတ်ချက်ကို ဆန့်ကျင်ခဲ့သည်။
- ၅၅ လမ်းစဉ်သည် ပြန်လည်ပြင်ဆင်ရေး ဝါဒတစ်ခု ဖြစ်သည် ဆိုသော ဆုံးဖြတ်ကို ဆန့်ကျင်ခဲ့သည်။
- ၆၅ ဆုံးဖြတ်ချက်၊ ၆၆ ဆုံးဖြတ်ချက်နှင့် အခြေခံလုပ် ငန်းစဉ်တို့အား အရင်က ထောက်ခံခဲ့သည်ကို ပြန်လည် ရုပ်သိမ်းခဲ့သည်။
- အုပ်စိုးသူ ဓနရှင်အား ဗျူရိုကရက် အရင်းရှင်ဟု မသတ်မှတ်နိုင်ဟု သူကဆိုသည်။ ပြည်သူတို့၏ ရန်သူ ကြီး(၃)ဦးဖြစ်သည်ကို သဘောမတူ၊ ၆၆ အာဏာနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ကို ထရော့စကီဝါဒဟု ဆိုသည်။
- တစ်ချိန်တုန်းက ပါတီ၏ဆုံးဖြတ်ချက်များကို ထောက် ခံသည်ဟု ဆိုခဲ့စေကာမူ မာ့က်စ်ဝါဒ၊ လီနင်ဝါဒနှင့် ပြန်လည်ပြင်ဆင်ရေးဝါဒကို အကြိတ်အနယ် တိုက်ပွဲ ဆင်လာသည့်အခါ မတတ်သာသည့်အလျောက် သူ သည် ၎င်း၏ပြန်လည်ပြင်ဆင်ရေး ရုပ်တည်မှု အစစ် အမှန်ကို ပြလာသည်။

www.burmeseclassic.com

www.burmeseclassic.com



- ပြန်လည်ပြင်ဆင်ရေးဝါဒ၏ ကောက်ကျစ်စဉ်းလဲမှုကို ပြသည်။
- ၎င်းသည် ၅၅ ပြန်လည်ပြင်ဆင်ရေး လမ်းစဉ်ကို ခေါင်းမာစွာ ဆုပ်ကိုင်ထားသူဖြစ်သည်။ မိမိအား သတ်စေကာမူ မိမိယုံကြည်ချက်ကို မစွန့်ဟု ကြေညာထားပြီးဖြစ်သည်။
- ၎င်းအား ပါတီမှ ထုတ်ပစ်သင့်သည်။
- ပထမခြေလှမ်းအဖြစ်ဖြင့် ၎င်းအား ဗဟိုကော်မတီမှ ဖြုတ်ပစ်လိုက်သည်။ ဗဟိုအဖွဲ့ဝင်တစ်ဦး၏ အခွင့်အရေးနှင့် အခွင့်အာဏာများကို ပြန်လည်ရုပ်သိမ်းလိုက်သည်။
- ဦးစိန်(ဌေး)အား လက်ငင်းအားဖြင့် ပါတီတွင် ဆက်လက်ထားရှိစေကာမူ အဓိကစာဝန်မှာ မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ရန်နှင့် ၎င်း၏လှုပ်ရှားမှုများကို သက်ဆိုင်ရာပါတီက အခြေခံအဖွဲ့အစည်းက ကြီးကြပ်ထားရန်ဖြစ်သည်။
- အကယ်၍ ဦးစိန်(ဌေး)သည် ပြန်လည်ပြင်ဆင်ရေးဝါဒကို ဆက်လက် ဆုပ်ကိုင်ထားပါက လာမည့် ဗဟိုကော်မတီ အစည်းအဝေးတွင် ဦးစိန်(ဌေး)အား အပြီးအပိုင် ထုတ်ပစ်သွားမည်။
- ဤကာလအတွင်း ဦးစိန်(ဌေး)သည် ပြန်လည်ပြင်ဆင်ရေးလမ်းစဉ်အတိုင်း ပါတီဆန့်ကျင်ရေး၊ တော်လှန်ရေးဖျက်ဆီးရေးကို ဆက်လက်လုပ်ပါက ပါတီကို အစ်စုံတစ်ရာ အံတုလာပါက အပြီးအပိုင် ထုတ်ပစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဘခက်အပေါ် စွဲချက်တင်ပြစ်ဒဏ်ပေးခြင်း

- သူသည် ၆၄ လမ်းစဉ်ချပြစဉ်က ဆန့်ကျင်ခဲ့သည်။
- ၆၅ ကို ဆန့်ကျင်ခဲ့သည်။
- ၆၆ ကို ဆန့်ကျင်ခဲ့သည်။
- ပါတီအသိ မြှင့်တင်ရေးလှုပ်ရှားမှုကို စိန်ဝင်းဂိုဏ်း လှုပ်ရှားမှုကဲ့သို့ ဂိုဏ်းခွဲရေးလှုပ်ရှားမှုဟု ဆိုခဲ့သည်။
- အခြေခံလုပ်ငန်းစဉ်နှင့် စည်းမျဉ်းဥပဒေကို ဆန့်ကျင် ခဲ့သည်။
- ဥက္ကဋ္ဌနှင့် ပေါ်လစ်ဗျူရို၏ ဆောင်ရွက်ချက်များကို ပါတီဆန့်ကျင်ရေး ဂိုဏ်းခွဲရေးလှုပ်ရှားမှုဟု ဆိုခဲ့သည်။
- နေဝင်းကို မိတ်ဆွေလို သဘောထားပြီး ဥက္ကဋ္ဌနှင့် ပေါ်လစ်ဗျူရိုကို ရန်ထောင်ခဲ့သည်။
- ၅၅ လမ်းစဉ်ကို ခေါင်းမာစွာ ဆုပ်ကိုင်ထားရုံမက ပြန်လည်အသက်သွင်းရန် နည်းမျိုးစုံနှင့် ကြိုးစားခဲ့ သည်။
- ဗဟိုခေါင်းဆောင် အဖွဲ့အစည်းတွင် မပါစေကာမူ အရေးပါသော ပြန်လည်ပြင်ဆင်ရေးသမားဖြစ်သည်။

၁။ ၎င်းအား ဗဟိုရုံးအုပ်အဖြစ်မှ ဖယ်ရှားရန်။

၂။ ၎င်းထံမှ သေနတ်သိမ်းယူရန်။

၃။ စခန်းပါတီကော်မတီအဖြစ်မှ ဖြုတ်ချပစ်ရန်။

၄။ ၎င်းအားအချိန် အကန့်အသတ် တစ်ခုအတွင်း ပါတီတွင်း၌ ကြီးကြပ်ထားရန်၊ အကယ်၍ သူ သည် ပြန်လည်ပြင်ဆင်ရေးဝါဒကို ဆက်လက်

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ထားပါက ၎င်းအချိန် လွန်မြောက်က ပါတီမှ ထုတ်ပစ်ရန်။

- "ဒီဆုံးဖြတ်ချက်က တော်လှန်တဲ့ မာ့က်စ်လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်အပေါ် အခြေခံတဲ့ နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်သုံးဦး (သခင်သန်းထွန်း၊ သခင်ဇင်။ သခင်ချစ်)ရဲ့ တစ်လုံးတစ်စည်းတည်း ချမှတ်တဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်။ ဒီဆုံးဖြတ်ချက်ဟာ ဗဟိုဌာန ချုပ်ရှိ ဗဟိုကော်မတီသုံးဦး(ရဲဘော်အောင်ကြီး၊ သခင်ပု၊ မိုလ်ရန်အောင်)ရဲ့ ထောက်ခံမှုရှိတဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်။
- ဒီဆုံးဖြတ်ချက်ဟာ ပြန်လည်ပြင်ဆင်ရေးဝါဒအပေါ် မှာအနိုင်ယူလိုက်တဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ အတွေးအခေါ်ရဲ့ သမိုင်းဝင်အောင်ပွဲလည်း ဖြစ်တယ်။ ၆၄ နောက်ပိုင်းမှာ တစ်ခုပြီးတစ်ခု ရိုက်ချိုးလာတယ်။ ပါတီကို ပြုပြင်ရေးဝါဒဘောင်ထဲမှာ ချုပ်နှောင်ထားတာတွေကို တစ်ခုပြီးတစ်ခု ရိုက်ချိုးဖျက်ဆီးလာခဲ့တယ်။ အခု ဦးပိန်(ဘတင်)နဲ့ ဦးစိန်(ဌွေး)ကိုဖြုတ်ချလိုက်တယ်။ ၁၉၄၈-ခုနှစ်ကတည်းက ရဲဘော်သံဒိုင်(ဘတင်)ကို ဖြုတ်ချလို့ အောင်ပွဲတွေရခဲ့သလို၊ အခုလည်း အောင်ပွဲတွေ ရမယ်လို့ အာမခံလိုက်တယ်။ (မှတ်ချက် – ရဲဘော်ဘတင်သည် ၁၉၄၉-ခုနှစ် ဖေဖော်ဝါရီလတွင် ဗဟိုကော်မတီမှ ထုတ်ပယ်ခြင်းခံရပြီး ၁၉၅၁-ခုနှစ်ရောက်မှ ဗဟိုကော်မတီ ပြန်ဖြစ်လာခဲ့သည်။)

www.burmeseclassic.com

www.burmeseclassic.com



- ၁၉၄၈–ခုနှစ်က ကျွန်တော်နဲ့ ရဲဘော်ဘသိန်းတင်ဟာ နှစ်ဦးတည်း ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ပြီး အခြားဗဟို ကော်မတီတွေကို သိမ်းသွင်းခဲ့တယ်။ လူထုကို သိမ်းသွင်းပြီး ချီတက်ခဲ့တယ်။
- အခု ၁၉၆၇ ခုနှစ်မှာပဲ ကျွန်တော်၊ ရဲဘော်သခင်ခင်၊ ရဲဘော်သခင်ချစ် ဒီသုံးဦးဟာ ၁၉၄၈–ခုနှစ်တုန်းကလို တစ်လုံးတစ်စည်းတည်း ရပ်တည်ပြီး ၁၉၄၈–ခုနှစ် ကလို အခြားဗဟိုကော်မတီ ရဲဘော်တွေနဲ့ စည်းလုံး ညီညွတ်ပြီး တော်လှန်ရေးကို ရဲရဲတင်းတင်းရှေ့ဆောင် သွားမယ်။
- အခုဆိုရင် ပြန်လည်ပြင်ဆင်ရေးဝါဒီ ထိပ်သီးတွေရဲ့ ခေါင်းကို ရိုက်ခွဲပြီးပြီ၊ ဒါဟာနည်းပရိယာယ်၊ တိုက်ပွဲ သက်သက်မဟုတ်ဘူး၊ သေနင်္ဂဗျူဟာ သဘောဆောင် တဲ့ တိုက်ပွဲဖြစ်တယ်။ ပြန်လည်ပြင်ဆင်ရေးဝါဒကို ထိုးနှက်ဖို့ အထွေထွေထိုးစစ်ကြီးကို စလိုက်တာဖြစ် တယ်"ဟု သခင်သန်းထွန်းသည် နိဂုံးချုပ်စကားပြော ကြားခဲ့သည်။

ထို့နောက် တပ်နီလူငယ်များက...

၅၅ ပြန်လည်စစ်ဆင်ရေးသမားတွေကို ထုတ်ပစ်၊ ထုတ်ပစ်၊

ငြိမ်းချမ်းရေးသမားတွေကို သတ်ပစ်၊ သတ်ပစ်၊

ဗမာပြည် လူရှောချီ ငပိန်ကို သတ်ပစ်၊ သတ်ပစ်၊

www.burmeseclassic.com

www.burmeseclassic.com



ဗမာပြည် တင်ရှောင်ပင် ငစိန်ကို သတ်ပစ်၊ သတ်ပစ်၊ နေ့ဝင်းနောက်လိုက်ခွေး ဘခက်ကို သတ်ပစ်၊ သတ်ပစ်၊

ဟုတစ်ခဲနက် ကြွေးကြော်လေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



# ကွန်မြူနစ်လူသတ်ပွဲ

သခင်သန်းထွန်းသည် တစ်ချိန်တုန်းက အတူတူတွဲလုပ်ခဲ့သည့် လုပ်ဖော်ကိုင်ဖက်ဆိုတာကို မေ့ထားပြီး လုပ်ချင်တာတွေကို လုပ်နေသည်။ ၎င်း၏နောက်လိုက်တွေကလည်း သတ်ပစ်ရန် အော်ဟစ်တောင်းဆိုနေကြသည်။ ထိုလူတွေကို သခင်သန်းထွန်းကလည်း သတ်ရန်အမိန့်ပေးထားသည်။

သတ်ရန် ဘယ်လိုပင် အမိန့်ပေးပေမယ့် ၁၉၆၇–ခုနှစ် ဇွန်လ(၆)ရက်နေ့တွင် ရဲဘော်ဘခက်မှာ ထွက်ပြေးလွတ်မြောက်သွားခဲ့လေသည်။ ၎င်းလွတ်မြောက်သွားသည့်အတွက် ကျန်ရှိနေသည့် ရဲဘော်ဘတင်နှင့် ရဲဘော်ဌေးတို့ကို အမြန်ဆုံး သေဒဏ်ပေးလိုက်လေသည်။

၎င်းသတင်း ဌာနချုပ်ကို ရောက်ရှိလာသည့်အခါ ဗိုလ်ဇေယျ၊ ရဲဘော်လွန်းမောင်နှင့် ရဲဘော်မြတို့ ကြားလိုက်ရချိန်တွင် အလွန်ပင် စိတ်ထိခိုက်သွားကြသည်။ သခင်သန်းထွန်း၏ ဖြုတ်ထုတ်သတ်လမ်းစဉ်သည် ကြိုက်သူရှိသလို မကြိုက်သူများလည်းရှိသည်။ ထိုသူတွေထဲမှာ မြကြီးခေါ် ရဲဘော်မြလည်း ပါဝင်နေသည်။

ထို့ကြောင့် ၁၉၆၇ (ဗကပ) ဖြုတ်ထုတ်သတ်မပေးခံ ထိန်းတွင် အသတ်ခံရသူပေါင်း များစွာရှိသည်။ ၎င်းတို့အထဲမှာ စာရင်းရသူများကို တင်ပြချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ရန်အောင်
(ရဲဘော်သုံးကျိပ်၊ ဇပဟိုကော်မတီ)
ရဲဘော်ဘတင်(ခ)ဂိုရှယ်
(ဗဟိုကော်မတီ)
ရဲဘော်ဌေး
(ဗဟိုကော်မတီအတွင်းရေးမှူး)
ဗိုလ်ထွန်းငြိမ်း၊ ဗိုလ်ထွန်းရှိန်
ရဲဘော်စိုးဝင်း၊ ရဲဘော်ခင်ဝင်း စသည်...
ရန်ကုန်တက္ကသိုလ်ကျောင်းသားများ...

ရဲဘော်စိုးသန်းတို့လည်း ဖြုတ်ထုတ်သတ်စာရင်းထဲပါသွားလေသည်။ ရဲဘော်စိုးသန်းသည် သခင်သန်းထွန်း၏အနီးကပ်လုံခြုံရေး ရဲဘော်မြ၏ဖခင် ဖြစ်သည်။ ရဲဘော်မြသည် သခင်သန်းထွန်း၏ ဖြုတ်ထုတ်သတ် လမ်းစဉ်ကို စိတ်ကုန်လာသည်။ တုန်လှုပ်ချောက်ချားဖွယ်ရာမှာ ဖခင်အရင်းကို သားအရင်းက ရိုက်သတ်သည့် သတ်ပွဲကြီးများ၊ အဓောတသတ်ဖိုးထူးမှာ ဖခင်ရဲဘော်ဌေးကို ရိုက်သတ်ခဲ့သည်။

ရင်းကိစ္စနှင့် ပတ်သက်၍ သခင်သန်းထွန်း၏ အနီးကပ်ကိုယ်ရံတော် ရဲဘော်မြ အလွန်စိတ်ပျက်ခဲ့သည်။ သခင်သန်းထွန်းသည် ပါတီ၏အဓိက မိတ်ဆွေတွေဖြစ်သည်။

ပို၍ဆိုးသည်က ဗိုလ်ရန်အောင်ကို သတ်လိုက်ခြင်းသည် ပါတီအတွက်ရော တိုင်းပြည်အတွက်ပါ အလွန်ပင်နစ်နာသည်။ ဗိုလ်ရန်အောင်သည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည့် ရဲဘော်သုံးကျိပ်ဝင်တစ်ယောက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်သန်းထွန်းသည် ငှင်းလုပ်ချင်သည့် ဖြုတ်ထုတ်သတ်လမ်းစဉ်ကို ဆုပ်ကိုင်ပြီး သတ်ချင်လိုသောသူများကို မတရားအပြစ်ပုံချပြီးသတ်ရန် အမိန့်ချမှတ်ခဲ့လေသည်။ အဲဒီအထဲမှာ ဗိုလ်ရန်အောင်လည်း ပါဝင်သွားလေတော့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းအသတ်ခံရသည်

**ထွက်ပေါ်လာသည့် သတင်းသည် မြန်မာနိုင်ငံရေးလောက တစ်ခုလုံး တုန်လှုပ်စေခဲ့သည်။ အားလုံးက ဘယ်လိုဖြစ်ရတာပါလိမ့်ဟု ထင်မှတ်နေကြသည်။**

အကြောင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်း ပစ်သတ်ခံရပြီဆိုသည့် သတင်းဖြစ်သည်။ မဟုတ်မမှန် လုပ်ကြံသတင်းလား၊ အမှန်တကယ်လားဟု သံသယဖြစ်စရာတွေ ရှိနေသည်။ သခင်သန်းထွန်းသည် ပါတီတွင်းဩဇာအရှိဆုံး၊ သူ့အမိန့်တစ်ခုသာဖြစ်သည်။ ဤမျှလောက် ဩဇာကြီးမားသူ အသတ်ခံရသည်ဆိုတာ အံ့ဩနိုင်ဖွယ်ရာဖြစ်သည်။ သခင်သန်းထွန်း အဘယ်ကြောင့် အသတ်ခံရတာလဲ။ သတ်သူက ဘယ်သူလဲ စုံစမ်းသည့်အခါ မြကြီး(ခ)မောင်မြ(ခ)ကျူတိတ်(ခ)လုံတိတ်ဖြစ်နေသည်။

ရဲဘော်မြကြီးသည် တခြားမဟုတ် သခင်သန်းထွန်း၏အနီးကပ် ကိုယ်ရံတော်တစ်ယောက် ဖြစ်သည်။ မြကြီးနှင့် ပတ်သက်၍ တင်ပြရလျှင် ရဲဘော်မြကြီးသည် ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ (ဗကသ)တိုင်းတာဝန်ခံ ဗဟိုကော်မတီရဲဘော်စိုးသန်း၏ မွေးစားသားဖြစ်သည်။ ရဲဘော်စိုးသန်းသည် ၎င်း၏သား မောင်မြကြီးကို

www.burmeseclassic.com



စစ်တပ်ထဲသွင်းလိုက်သည်။ တပ်မတော်ထဲ ဝင်ရောက်ပြီး စစ်ပညာ သင်ကြားခဲ့သည်။

ရဲဘော်မြကြီးသည် စစ်ပညာသင်ကြားပြီးနောက် မြစ်ဝကျွန်းပေါ်ဒေသရှိ တပ်မတော်ခြေလျင်တပ်ရင်းတွင် စစ်မှုထမ်းသည်။ ခြောက်လခန့်အကြာတွင် ဖခင်ဖြစ်သူ မှာကြားချက်အတိုင်း ကျိ-၃ သေနတ်တစ်လက် ခိုးယူကာ တောခိုလာခဲ့သည်။ ရဲဘော်စိုးသန်းသည် ၎င်း၏မွေးစားသား မြကြီးကို မိမိတို့ပါတီဥက္ကဋ္ဌကြီးအနီးသို့ ပို့လိုက်လေသည်။

ရဲဘော်မြကြီးသည် သခင်သန်းထွန်း၏အနားမှာ နေရပေမယ့် သားကဖခင်ကိုသတ်၊ ရဲဘော်အချင်းချင်း သတ်နေတာကို မြင်နေရသည့်အတွက် စိတ်မကောင်း ဖြစ်ရသည်၊ ပို၍ဆိုးသည်က ၎င်း၏မွေးစားဖခင် ကျေးဇူးရှင် ရဲဘော်စိုးသန်းကို သတ်လိုက်သည်မှာ ရဲဘော်မြကြီးအတွက် ပို၍ပင် ကြေကွဲခဲ့ရသည်။ ရဲဘော်မြကြီးသည် ဥက္ကဋ္ဌကြီး သခင်သန်းထွန်း၏အနားမှာ လုံခြုံရေးတာဝန်ကို ထမ်းဆောင်ရပေမယ့် သတိထားနေရသည်။ ဘယ်နေ့များ သူ့အလှည့်ရောက်လာမလဲဟု တွေးနေမိသည်။

အလားတူ သခင်သန်းထွန်း၏ ဖြုတ်ထုတ်သတ်လမ်းစဉ်ကလည်း နေ့စဉ်လို ကြုံတွေ့နေရသည်။ ပါတီအတွင်းမှာ ရှိနေသည့် သခင်တွေကလည်း သခင်သန်းထွန်းက ဘယ်နေ့ ရမယ်ရှာပြီး သတ်မည်ဆိုတာကို သတိထားနေရသည်။

ဒီကြားထဲ အစိုးရစစ်တပ်တွေ ဝင်ရောက်တိုက်ခိုက်သည့်အတွက် ထွက်ပြေးပုန်းရှောင်နေရတာကလည်း အလွန်ပင်ပန်းကြသည်။ ခေန်းတစ်ခုကို အခိုင်အမာချရန် အလွန်ပင် ခက်ခဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှလောက် ပင်ပန်းကြမ်းတမ်းနေတာကို သခင်သန်းထွန်း၏ ဖြုတ်ထုတ်သတ်လမ်းစဉ်က ကြီးထွားလာသည်။ သခင်သန်းထွန်း၏ လူငယ်စီမံကိန်းက လူငယ်တွေကလည်း သွေးစာပြီး သတ်မည်ဆိုတာဝဲ ဖြစ်နေသည်။ တကယ်လည်း သတ်ကြသည်။ ၎င်းကိစ္စများနှင့် ပတ်သက်၍ ရဲဘော်မြကြီးက အခွင့်ကောင်းကို စောင့်နေခဲ့သည်။

ကိုယ်ရံတော် ရဲဘော်မြကြီးအတွက် အခွင့်ကောင်းရသွားသည့်နေ့ဖြစ်သည်။ ၁၉၆၈–ခုနှစ် စက်တင်ဘာလ(၂၄)ရက် (၁၃၃၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၃ ရက်) အင်္ဂါနေ့ ညနေ ၅ နာရီ မိနစ်၂၀ တွင် အနီးကပ် သေနတ်နှင့်ပစ်သတ်လိုက်သည်။ သခင်သန်းထွန်းသည် ထိုနေရာတွင် ပွဲချင်းပြီး သေဆုံးသွားလေသည်။ သခင်သန်းထွန်းသည် လုပ်ဖော်ကိုင်ဖက် ရဲဘော်များကို သုတ်သင်သတ်ဖြတ်ပစ်သလို သူသည်လည်း မကြာမီ ဖြုတ်ထုတ်သတ်ခြင်းကို ခံလိုက်ရတော့သည်။

အလွန် အံ့ဩစရာကောင်းသည်က သခင်သန်းထွန်း လုပ်ကြံမခံရခင် နာရီပိုင်းအလိုတွင် ရဲဘော်မြကြီးနှင့် ပိုင်းဖွဲ့၍စကားပြောကြသေးသည်။

"ကိုမြ… ဒီနေရာက ဟိုဂျပန်တော်လှန်ရေးတုန်းက ခင်ဗျားစခန်းကို မေဂျာကရှုးနဲ့ ကျွန်တော်လာတုန်းက စခန်းချတဲ့နေရာလေး မဟုတ်လား၊ ဒီနေရာလေးဟာ တော်တော်သာယာတဲ့ နေရာလေးဗျာ၊ အေးအေးဆေးဆေး အတည်တကျ စခန်းချနေဖို့ တကယ်ကောင်းတဲ့ နေရာလေးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုသွားခဲ့သည်။ ထို့အတူ သခင်သန်းထွန်းကို သေနတ်နှင့် ပစ်သတ်သည့် ရဲဘော်မြကြီးကလည်း...

"ပါတီပိုင် စိန်ရွှေအထုပ်ကြီး ဓနိမယားကို ပေးလိုက်တယ် ပြောလို့ သခင်သန်းထွန်းကို ဥက္ကဋ္ဌရာထူးက ဖယ်ရှားဖို့ မြစ်ဖကျွန်းပေါ်ဒေသတိုင်း တာဝန်ခံရဲဘော်စိုးသန်းက ပြင်းစွာအရေးဆိုခဲ့တယ်။ ဒါကို သခင်သန်းထွန်းက အခွင့်ကြုံလာချိန်မှာ ကောင်းစွာ အသုံးချပြီး ရဲဘော်စိုးသန်းကို ဖြုတ်ထုတ်သတ်သားကောင်အဖြစ် ဖန်တီးခဲ့တယ်။ ဥက္ကဋ္ဌကြီး သခင်သန်းထွန်း အပေါ် နာကြည်းမှုအထွတ်အထိပ် ရောက်ခဲ့တယ်။ ဣန္ဒြေမပျက် ငြိမ်ခံနေခဲ့ပြီး အခွင့်သာတဲ့ အချိန် မွေးစားဖခင် ရဲဘော်စိုးသန်းအတွက် လက်စားချေခဲ့တယ်"

ဟု ပြောဆိုခဲ့လေသည်။ ဘယ်လိုပင်ဖြစ်စေ သခင်သန်းထွန်းသည် သူမြတ်နိုးခဲ့သည့် ကွန်မြူနစ်ပါတီ။ သူတည်ထောင်ချင်သည့် ကွန်မြူနစ်နိုင်ငံကို ဆက်လက်အကောင်အထည်မဖော်နိုင်ခဲ့သလို ကြုံးပမ်းနိုင်စွမ်းလည်း မရှိတော့။ အလားတူ ကွန်မြူနစ်ပါတီသည် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုနည်းကာ ဖြုတ်ထုတ်သတ်လမ်းစဉ် ဖြစ်သွားခဲ့သည်။

ပါတီဥက္ကဋ္ဌကြီး 'သခင်သန်းထွန်းသည် ၎င်း၏လမ်းစဉ် အတိုင်း ဖြုတ်ထုတ်သတ်စာရင်း ဝင်သွားခဲ့သည်။ အလားတူ မြေလာဝင်တောင်ကျောမှာ စခန်းချပြီးနေမည်ဟု စိတ်ကူးရှိသည့် အတွက် ရဲဘော်မြကြီးက ထာဝရစခန်းချနိုင်အောင် ဖန်တီးပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပဲခူးရိုးမတောမှာ နေချင်သည့် ပါတီဥက္ကဋ္ဌကြီး သခင်သန်းထွန်း သို့မဟုတ် တောပုန်းကြီး တောတွင်းမှာသာ နေရစ်ပေတော့။

မင်းယုည

www.burmeseclassic.com